
www.burmeseclassic.com

မောင်မျိုး
စီစဉ်သည်

မင်းခိုက်စိုးစန်

# သူတစိမ်း



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၆၆၀၅၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၃၄၀၅၀၉

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်
အောက်တိုဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

TWO CATS PUBLICATION

မောင်မျိုး
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

ကျွန်တော့်နှလုံးခုန်သံကို လက်ဖြင့် စမ်းသပ်ကြည့်လိုက်သောအခါ ရင်ဘတ်၏ လက်ယာဘက်အခြမ်းမှ နှလုံးခုန်နေခြင်းဖြစ်ကြောင်း တွေ့ရသည်။

နှလုံးသားသည် လက်ယာဘက်မှာ ရှိသလား၊ လက်ဝဲဘက်မှာ ရှိပါသလား…။ (သင်တို့ အများစုကတော့ လက်ဝဲဘက်အခြမ်းမှာ ရှိသည်ဟု ပြောကောင်း ပြောကြမည်လား မသိပါ။)

ကျွန်တော့်အတွက်တော့ နှလုံးသားသည် ရင်ခွင်၏ လက်ယာဘက်အခြမ်းတွင် ရှိပါသည်။

အကယ်စင်စစ် ကျွန်တော်က ထူးဆန်းသည် မဟုတ်ပါ။

သင်တို့ အားလုံးကသာ ထူးဆန်းနေကြခြင်း ဖြစ်ပါသည်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂)

ဒီအမှားအယွင်းဖြစ်ရပ်တစ်ခုလုံးကို စတင် သယ်ဆောင်လာခဲ့သူမှာ ကျွန်တော့်ခွေးကလေး 'ဘော်ဖြူ'သာ ဖြစ်သည်။ သူသည် တစ်ကိုယ်လုံး မည်းမည်းမှောင်နေသော တယ်ရီယာခွေးပေါက်ကလေးတစ်ကောင်သာ ဖြစ်သည်။ မည်းလွန်းသောကြောင့်ပင် ကျွန်တော်က တမင်တကာ 'ဘော်ဖြူ'ဟု နာမည်ပေးခဲ့ခြင်းဖြစ်၏။

အဲဒီတုန်းကသာ ဘော်ဖြူ၏ ဟိုစပ်စပ် ဒီစပ်စပ် အနံ့ခံတတ်သော နှာတံသီးက လျှို့ဝှက်အခန်းတံခါးကို ရှာဖွေမတွေ့ခဲ့ဘူးဆိုလျှင်…

✦



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က မိုးတွေရွာနေသော စနေနေ့ဖြစ်ခဲ့သည်။ ကျွန်တော်တို့ မိသားစု၏ အိမ်သစ်တက်ပွဲသို့ အလည်လာကြမည့် သူငယ်ချင်းများ မရောက်ခင် ကျွန်တော်တစ်ယောက်တည်း မှန်ရှေ့တွင် ရပ်ပြီး ခေါင်းဖြီး နေမိ၏။

အိမ်သစ်တက်ပွဲဆိုသော်လည်း သိပ်ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားတော့မဟုတ်။ ကျွန်တော်က အခင်မင်ဆုံးသူငယ်ချင်း လေးယောက်လောက်ကိုသာ ဖိတ်ထားခြင်းဖြစ်သည်။ သည်လောက်ပါပဲ။

ဒီအိမ်ကို ကျွန်တော်တို့ ပြောင်းလာခဲ့ကြသည်မှာ နှစ်ရက်မျှသာ ရှိသေးသည်။ ဘာတစ်ခုမှ နေသားတကျ မဖြစ်သေး။ သို့ရာတွင် ကျွန်တော်အနှစ်သက်ဆုံး ကိုယ်လုံးပေါ်မှန်ချပ်ကြီးကိုတော့ ကျွန်တော့် အခန်းထဲတွင် အရင်ဦးဆုံး နေရာချထားနှင့်ပြီးလေပြီ။

ကျွန်တော်က မှန်ကြည့်ရသည်ကို နှစ်ခြိုက်သူတစ်ဦးသာ ဖြစ်သည်။ ကျွန်တော် မှန်ရှေ့တွင်ရပ်ပြီး ခေါင်းတစ်ခါဖြီးလျှင် တစ်နာရီ ခွဲလောက်ကြာသည်ဟု ကျွန်တော့်ညီ ဖိုးဝက ပြောလေ့ရှိသည်။ (အမှန်က တော့ ကျွန်တော့်နားရွက်တွေက သူမတူအောင် အပြင်သို့ ကားထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းကြောင့် အရုပ်ဆိုးသည်ဟု ကိုယ့်ဘာသာ ကိုယ်ထင်မိသည်။ ထို့ကြောင့်ပင် နားရွက်များကို ကျွန်တော် ဆံပင်ရှည်ရှည်များဖြင့် ဖုံးအုပ်မိအောင် အချိန်ယူပြီး ဂရုတစိုက်ဖြီးနေသဖြင့် ထိုသို့ကြာခြင်းဖြစ်သည်)

ကျွန်တော့်ညီ ဖိုးဝက အသက်တစ်ဆယ့်နှစ်နှစ်မျှသာ ရှိသေးသော်လည်း အလွန်စကားတတ်သည်။ စပ်လည်း စပ်စုသည်။ ဘယ်တော့မှလည်း ငြိမ်ငြိမ်နေနိုင်သူတစ်ယောက်မဟုတ်။ လက်ထဲတွင် ဘောလုံးတစ်လုံးကို အမြဲတမ်းပုတ်ပြီး ကစားနေလေ့ရှိသည်။ (သူလည်း ကျွန်တော့်လိုပင် ဘယ်သန်သူတစ်ဦး ဖြစ်၏) သူ့ကြောင့် ကျွန်တော့်မှာ အမြဲလိုလိုပင် စိတ်ညစ်ရသည်။

ယခုလည်း ကျွန်တော်ခေါင်းဖြီးနေသည်ကို ဘယ်နေရာက ချောင်းကြည့်နေသည် မသိ။ အနီးသို့ ဘွားခနဲရောက်လာပြီး...

"ခေါင်းဖြီးနေလို့ကလည်း အပိုပါပဲ အစ်ကိုရာ...။ အစ်ကို့နားရွက်တွေကို ဖုံးလို့ မရပါဘူး"

ကျွန်တော် စိတ်တိုသွားပြီး...

"ပေါ့ကောင် ဖိုးဝ။ မင်း ခပ်ဝေးဝေးမှာ သွားနေစမ်း။ အသားနာချင်ပြီထင်တယ်။ ဟုတ်လား..."

"ဟင်း...သူ့နားရွက်တွေကဖြင့် တစ်နေ့တစ်နေ့ ကားကားထွက်လာနေလိုက်တာ၊ တစ်ဖက်ကို ခင်းပြီး တစ်ဖက်ကို ခြုံအိပ်လို့တောင်ရတယ်။ ရာဟုဂြိုဟ်မင်းကြီးနဲ့ တူနေပြီ"

သူ့စကားကြောင့် ကျွန်တော် ဒေါသထွက်သွားပြီး လက်သီးဖြင့် ခပ်နာနာလေး ထိုးလိုက်ဦးမည်ဟု စိတ်ကူးမိစဉ်မှာပင် အိမ်တံခါးဝဆီမှ လူခေါ်ခေါင်းလောင်းမြည်သံကို ကြားရ၏။ သူငယ်ချင်းများ ရောက်လာကြပြီ။

ဖိုးဝက ကျွန်တော့်ထက် အရင်ဦးအောင် အောက်ထပ်သို့ ပြေးဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ဖိုးဝ။ မင်း ငါ့သူငယ်ချင်းတွေကို သွားမရှုပ်နဲ့"

ဟု ပြောရင်း ကျွန်တော်ပါ နောက်မှ အတင်းပြေးလိုက်သွားသည်။

အိမ်ရှေ့တံခါးကို ဖွင့်လိုက်သောအခါ ဇာနည်က မိုးရေစက်များကို ခါရင်း ဝင်လာ၏။ အပြင်ဘက်တွင် မိုးက တော်တော်သည်းနေသည်။ ထို့ကြောင့် သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုနေသည်။

အိမ်ထဲသို့ ရောက်ရောက်ချင်း ဇာနည်က သူ့ခေါင်းမှ ဦးထုပ်ကို ချွတ်လိုက်ရာ ကျွန်တော်က...

"ဟော့ကောင် ဇာနည်။ မင်းဆံပင်ပုံစံ ပြောင်းလိုက်ပြီ...ဟုတ်လား။ ဘယ်တုန်းက ညှပ်လိုက်တာလဲ"

"မနေ့ကမှ သွားညှပ်ထားတာကွ"

ဇာနည့်ဆံပင်များက လက်ဝဲဘက်တွင် ခပ်တိုတိုနှင့် ထောင်နေပြီး ညာဘက်ခြမ်းကို ခပ်ရှည်ရှည်ထားကာ အဖြောင့်အတိုင်း ဖြီးထားသည် ဇာနည်က...

"တခြားဘယ်သူတွေကို ဖိတ်ထားသေးလဲ။ ကောင်မလေးတွေရော ပါသေးလား"

"မိန်းကလေးဆိုလို့ ပေရယ်နဲ့ ယုဇန နှစ်ယောက်ပဲ ဖိတ်ထားတယ်။ ဪ...ငါ့ညီမ စုနွယ်လည်း လာမလား မသိဘူး"

ကျွန်တော့်ညီမဝမ်းကွဲဖြစ်သူ စုနွယ်ကို ဒီကောင် ကြိုက်နေမှန်းသိ၍ ကျွန်တော်က တမင်ပြောလိုက်ခြင်းဖြစ်သည်။ တကယ်တော့ စုနွယ် က ယခုအိမ်အသစ်၏ လိပ်စာကိုပင် မသိသေး။

ဇာနည်က...

"ယောက်ျားလေးတွေထဲကရော ဘယ်သူတွေ ပါသေးလဲ"

"ဘယ်သူမှ မပါဘူး။ မင်းတစ်ယောက်တည်းပဲ"

"အင်း...အင်း"

ဇာနည်က ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သူ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမေးမှန်း ကျွန်တော် သိသည်။ ဇာနည်ဆိုသည့်ကောင်က နေရာတကာ တွင် ပြိုင်ချင်ဆိုင်ချင်စိတ် ကြီးမားသူဖြစ်၏။

အထူးသဖြင့် ကောင်မလေးတွေရှေ့မှာဆိုလျှင် ပိုဆိုးသည်။ ဘာပဲပြိုင်ပြိုင် သူသာလျှင် အနိုင်ရသူဖြစ်ချင်သည်။ တကယ့်ရောဂါသည် ပါပဲ။

ထိုသို့ ပြောနေစဉ်မှာပင် ပေရယ်နှင့် ယုဇနတို့ ရောက်လာကြ သည်။ ယုဇနက...

"ဟဲ့...ဇာနည်။ နင်ရောက်နေတာ ကြာပြီလား"

"မကြာသေးဘူးဟ။ ခုလေးတင်ပဲ"

ဇာနည့်ဖြေသံအဆုံးတွင် ယုဇနက ရယ်စရာလည်း မဟုတ်ပါဘဲ နှင့် တခစ်ခစ်ရယ်လိုက်သည်။ သူမက အမြဲတမ်း သည်လိုချည်းသာ ဖြစ်သည်။ ဘာအကြောင်းမှ မယ်မယ်ရရ မဟုတ်ဘဲ အလကားနေရင်း လည်း ရယ်တတ်သည်။

တစ်ခါတစ်ရံ သူမကပင် စပြီး...

"ငါ...နင်တို့ကို ရယ်စရာလေးတစ်ခု ပြောရဦးမယ်"

ဟု ဆိုကာ ဘာမှမပြောရသေးခင်မှာပင် သူမက ကြိုပြီး တစ်ယောက်တည်း တခွီးခွီး တခစ်ခစ်နှင့် ရယ်နေလိုက်သည်မှာ မဆုံး တော့။ သူ ပြောမည့်ဟာသကို နားထောင်ဖို့ သူ့ရယ်သံဆုံးအောင် တော်တော်လေး စောင့်ရသည်။

ဘယ်လို ဘဝပါရမီလည်းတော့ မသိ။ သူမ ရယ်သံက အမျိုး အစား စုံလင်လှ၏။ သူများတွေလို ဟဲဟဲ...ဟားဟားလောက်နှင့်သာ ပြီးသည်မဟုတ်။ ကြောင်ကို လည်ပင်းညှစ်သည့် အသံမျိုးဖြင့်လည်း ရယ်တတ်သည်။ ခိုတစ်ကောင် ဝမ်းချုပ်နေသည့် အသံမျိုးဖြင့် လည်း ရယ်တတ်သည်။ ချစ်တီးဘုရားကျောင်းက ခေါင်းလောင်းသံ ကဲ့သို့လည်း ရယ်တတ်သည်။

www.burmeseclassic.com



ရော့ခ်(Rock) အဆိုတော်တစ်ယောက်လိုမျိုးလည်း ရယ်တတ်သည်။ Blues အသံဖြင့်လည်း ရယ်တတ်သည်။ Jazz အသံဖြင့်လည်း ရယ်တတ်သည်။ ထို့ကြောင့် ကျွန်တော်တို့သူငယ်ချင်းတွေအားလုံးက သူမကို 'နိုင်ငံတကာ ဂီတပညာရှင်'ဟု ဘွဲ့ပေးထားကြ၏။

သူမ၏နောက်မှ ကုတ်ကုတ်ကလေး ပါလာသူကတော့ ပေရယ် ဖြစ်သည်။ ပေရယ်က ဖြောင့်စင်းနူးညံ့သော ဆံပင်ရှည်များနှင့် မိန်းကလေး တစ်ဦးဖြစ်ပြီး သူမ၏မျက်လုံးများက မီးခိုးရောင် မှုန်မှိုင်းနေ၏။ သူမကို ကြည့်ရသည်မှာ အမြဲတမ်းလိုလို ဝမ်းနည်းနေသည့်ပုံ ပေါက်နေပေသည်။ သို့ရာတွင် တကယ်တမ်း ဝမ်းနည်းနေသည်တော့ မဟုတ်ပါ။ သူမက အမြဲလိုလို ရှက်နေခြင်းသာ ဖြစ်ပါသည်။

ပေရယ်က ယုန်လေးတစ်ကောင်နှင့်တူသော မျက်လုံးများဖြင့် အိမ်ကြီးတစ်ခုလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ရင်း...

"ဟင်...အိမ်ကြီးကလည်း ဟိုး...ရှေးခေတ်က အိမ်ကြီးလိုပဲ နော်။ မှောင်မှောင်မည်းမည်းနဲ့။ ကြောက်စရာကြီး"

"ဟုတ်တယ်...။ ဒီအိမ်ကြီးက သရဲလည်း အရမ်းခြောက်တယ် ဆိုပဲ"

အနားသို့ ဘယ်အချိန်က ရောက်နေမှန်းမသိသော ကျွန်တော့်ညီ ဖိုးဝ၏ စကားကြောင့် ယုဇန အထိတ်တလန့်ဖြင့်...

"ဟင်...ဟုတ်လား"

ဟု တုန်ယင်စွာ ပြန်မေးသည်။ ကျွန်တော်က...

"အလကားပါဟာ...။ ဒီကောင် ပေါက်ကရတွေ လျှောက်ပြော နေတာ။ ပေ့ာကောင် ဖိုးဝ။ သွား...သွား...လာမရှုပ်စမ်းနဲ့"

ကျွန်တော်က မောင်းထုတ်လိုက်သော်လည်း ဖိုးဝက အနားမှာ ပင် ရစ်သီရစ်သီလုပ်ရင်း ဘောလုံးကို ပုတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးဝပြောလည်း ပြောစရာပင်။ ကျွန်တော်တို့ အိမ်ကြီးသည် အိုမင်းဟောင်းနွမ်းလှသော စစ်ကြိုခေတ်ပုံစံ နှစ်ဆောင်ပြိုင်အိမ်အိုကြီး ဖြစ်လေရာ ရေနံချေးရောင်ဖြင့်ညှိုမှောင်မည်းနက်နေသောကြောင့် စိတ်ကူး ယဉ်ဝတ္ထုများ၊ ရုပ်ရှင်များထဲတွင် ပါတတ်သော သရဲခြောက်တတ်သည့် အိမ်ကြီးနှင့် တူနေပေသည်။

ယခုလည်း ကျွန်တော့်အဖေနှင့် အမေတို့က မီးဖိုချောင်ထဲတွင် ပြင်စရာရှိသည်များကို ပြင်၊ ရှင်းလင်းစရာရှိသည်များကို ရှင်းလင်းသုတ်သင်နေရဆဲပင်ဖြစ်၏။

ယုဇနက တကျွိကျွိမြည်နေသော ကြမ်းပြင်များပေါ် နင်း လျှောက်ကြည့်ရင်း...

"ဟုတ်တယ်နော်...။ ဒီအိမ်ကြီးကို ကြည့်ရတာ စိတ်ဝင်စား စရာပဲ။ နင်တို့ ဒီအိမ်ကို ဝယ်လိုက်တုန်းက ရှေးဟောင်းပစ္စည်းတွေ ဘာတွေ ရှာမတွေ့ဘူးလား တောဇာ"

"မသိသေးဘူးဟ။ အိမ်ကြီးက ကျယ်လွန်းတော့ အခန်းတိုင်းကို စေ့စေ့စပ်စပ် မကြည့်ဖြစ်သေးဘူး။ ခုံတွေ၊ စားပွဲတွေ၊ ဖယောင်းတိုင် ထွန်းတဲ့ စင်တွေကတော့ တစ်အိမ်လုံးမှာ ဟိုနေရာ ဒီနေရာ အနှံ့ပဲ။ အားလုံး ကျိုးပဲ့နေတာချည်းပါပဲဟာ...။ တချို့ဆို ဆွေးတောင် ဆွေး နေပြီ"

ဟု ကျွန်တော်က ပြောလိုက်သည်။ ထိုစဉ် ဇာနည်က ဝင်၍

"အေးကွ။ ရှေးဟောင်းပစ္စည်းတွေဆိုရင် ငါလည်း စိတ်ဝင်စား တယ်။ ပေစာတို့၊ ရှေးဟောင်းမှတ်တမ်းတို့လိုမျိုးတွေပေါ့ကွာ"

သူ့စကားကြောင့် ကျွန်တော်က ပခုံးကို တွန့်ပြလိုက်မိသည်။ သူ့ပုံစံက ရှေးဟောင်းစွန့်စားခန်းဝတ္ထုတွေထဲက လျှို့ဝှက်ရတနာသိုက် မြေပုံကို ရှာဖွေတွေ့ရှိတော့မည့် ဇာတ်လိုက်လိုလို...။

ကောင်မလေးတွေရှေ့မှာဆိုလျှင် ဒီကောင့်အိုက်တင်က အဲသလို

www.burmeseclassic.com



ပင်။ ဘာကြီးမှန်းမသိ ဖြစ်ဖြစ်သွားတတ်သည်။

ကျွန်တော်က...

"အေးကွ...။ အပေါ်ထပ်မှာတော့ ခေါင်မိုးနားထိ ထပ်ပြီး တက်လို့ရတဲ့ လှေကားနဲ့ ထပ်ခိုးကျဉ်းကျဉ်းလေးတစ်ခု ရှိသေးတယ်။ အဲဒီအခန်းထဲမှာတော့ စာအုပ်စင်လိုလို တွေ့မိတာပဲ။ ဖုံတွေက တသောသောနဲ့မို့ ငါလည်း ဝင်မကြည့်ဖြစ်သေးဘူး။ အဲဒီအထဲမှာတော့ မင်းပြောသလို ပေစာတွေ၊ ဘာတွေ ရှိချင်ရှိမှာပေါ့"

"ဟုတ်လား...။ ဒါဆို သွားကြည့်ရအောင်"

"ဟဲ့...ဒါမျိုးတွေက တကယ်ရှိရင်လည်း ကျိန်စာတွေ ဘာတွေ တိုက်ထားတတ်တယ်လို့ ငါ ကြားဖူးတယ်"

ယုဇနစကားက သွားမည့်ဟန် ခြေလှမ်းပြင်နေသော ဇာနည့်ကို ဟန့်တားလိုက်ရုံသာမက နဂိုကတည်းကမှ စိုးရိမ်ထိတ်လန့်တတ်သော ပေရယ်၏ မျက်လုံးလေးများကို ပြူးကျယ်ဝိုင်းစက်သွားစေ၏။ ဇာနည်က...

"နင်ကလည်း...ဟာ။ အဓိပ္ပါယ်မရှိတာတွေကို အယူမသီးစမ်းပါနဲ့။ လာပါ...သွားကြည့်ရအောင်။ နင်...ကြောက်သလား"

"အံမယ်။ ငါက ဘာလို့ကြောက်ရမှာလဲ"

ယုဇနနှင့်ဇာနည်တို့ အပြန်အလှန် ငြင်းခုန်နေကြစဉ်မှာပင် ပေရယ်က အသံတုန်တုန်ယင်ယင်ဖြင့် ဝင်ပြီး...

"တခြား...တခြား အခန်းတွေကို အရင်လျှောက်ကြည့်ရအောင်ဟာ"

ဟု ဝင်ပြောလိုက်မှ စကားပြတ်သွားကြသည်။

ကျွန်တော်တို့လေးယောက် တစ်အိမ်လုံးကို လျှောက်ကြည့်နေကြစဉ် မေမေက ထမင်းစားခန်းထဲ၌ ကျွန်တော်တို့စားဖို့ နန်းကြီးသုပ်များ ပြင်ဆင်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



အစတုန်းကတော့ ညနေစောင်းမှ အေးအေးဆေးဆေး ခြံထဲ ဆင်းပြီး စားသောက်မည်ဟု စီစဉ်ထားသော်လည်း ယုဇနာ၏အဖေနှင့် အမေက ညနေကျလျှင် ခပ်စောစောဝင်ကြို့မည်ဟု ဆိုသဖြင့် အစီအစဉ် ပြောင်းလိုက်ရခြင်းဖြစ်သည်။

ကျွန်တော်တို့ စားကြသောက်ကြသောအခါ ဖိုးဝကလည်း သူ့အတွက်တစ်ပန်းကန်ယူကာ စားပွဲတွင် အတင်းဝင်ထိုင်သည်။ ပြီးတော့ ဘောလုံးကိုလည်း လက်ထဲက မချ။ သူ့ကို အော်ဟစ်ငေါက်ငမ်းနေရ သည်ကိုက အလုပ်တစ်လုပ်ဖြစ်နေသည်။

ကျွန်တော့်ညီမဝမ်းကွဲဖြစ်သူ စုနွယ် မလာသဖြင့် ဇာနည်က လည်း ကြာကြာနေချင်ပုံ မပေါ်။ စားသောက်ပြီးပြီးချင်း ပြန်သွားသည်။ ယုဇနက သူ့အမေ ရောက်မလာသေးသဖြင့် လှမ်းပြီး ဖုန်းဆက်ကြည့်ရာ ကားပျက်နေသဖြင့် နောက်တစ်နာရီလောက်မှ ရောက်မည်ဟု သိရ၏။ အချိန်တော်တော်ပိုနေသေးသည်ဖြစ်ရာ ယုဇနက...

"ဒါဆို တို့အိမ်က လာမခေါ်ခင် စောစောကပြောတဲ့ အပေါ်ထပ် က ထပ်ခိုးအခန်းလေးကို သွားကြည့်ကြရအောင်"

ဒီတစ်ခါတွင်တော့ သူ့စကားကို ကန့်ကွက်တော့မည့်သူ မရှိ တော့ပါ။ ကျွန်တော်တို့အားလုံး အပေါ်ထပ်ဆီသို့ တက်ခဲ့ကြသည်။

အပေါ်ထပ်ရှိ ကျွန်တော့်အခန်းနှင့် မလှမ်းမကမ်းက လှေကား ကျဉ်းကလေးရှေ့သို့ ရောက်သောအခါ ဗေရယ်က...

"ဟင်...ဖြစ်မှဖြစ်ပါ့မလားဟယ်။ လှေကားက တက်လို့တောင် ရတော့မယ် မထင်ဘူး"

သူမ ပြောလည်း ပြောစရာပင်။ တချို့လှေကားအထစ်များက လူတစ်ကိုယ်စာပင်မခံနိုင်လောက်အောင် ဆွေးမြေ့နေသည်။ ကျွန်တော်က

"ဖြည်းဖြည်းချင်း သတိထားပြီးတက်ရင် ရပါတယ်"

ဗေရယ်၏မျက်နှာက စိုးရွံ့ ိတ်လန့်နေပုံ ပေါ်သည်။ ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နောက်မှ ကပ်ပါလာသော ဖိုးဝက…

"အဲဒီ ထပ်ခိုးပေါ်မှာ သရဲရှိတယ်"

ကျွန်တော်က သူ့ တမင်ခြောက်လှန့်နေမှန်း သိသဖြင့်…

"ဟော့ကောင် ဖိုးဝ။ မင်းပါးစပ် ပိတ်ထားစမ်း"

"တကယ်ပြောတာ။ ညညဆို အဲဒီအပေါ်က လမ်းလျှောက်တဲ့ ခြေသံ ကြားရတယ်"

ပေရယ်၏မျက်နှာက ဖျက်သထက် ဖျက်နေလေပြီ။ ကျွန်တော်က ဖိုးဝ၏ အကျိုးကော်လာစကို လှမ်းဆွဲသော်လည်း မမိလိုက်။ သူက ပြောင်စပ်စပ်မျက်နှာဖြင့် ရှောင်ထွက်သွား၏။

ထိုစဉ် ယုဇနက…

"ငါကတော့ သရဲရှိတယ်ဆိုတာကို မယုံဘူး။ ဖယ်…ငါအရင် တက်ကြည့်မယ်"

ပြောပြောဆိုဆိုနှင့် သူမက မှောင်မည်းနေသော လှေကားထစ်များကို တကျွိကျွိမြည်အောင် နင်းရင်း ထပ်ခိုးပေါ်သို့ တစ်လှမ်းချင်း တက်သွားသည်။

တစ်ထစ်…

နှစ်ထစ်…

သုံးထစ်…

ယုဇန၏တစ်ကိုယ်လုံး မှောင်ထဲတွင် နစ်ဝင်ပျောက်ကွယ်သွားသည်။ ထပ်ခိုးထဲသို့ သူမ ရောက်သွားလောက်ပြီ ထင်သည်။

ထိုစဉ်မှာပင် ချောက်ချားတုန်လှုပ်စွာ အော်ဟစ်လိုက်သော ယုဇန ၏ အသံကို ကြားလိုက်ရလေသည်။

"အား"

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃)

ကျွန်တော်တို့အားလုံး စိုးရိမ်တုန်လှုပ်စွာဖြင့် ပြေးတက်သွားကြသည်။ ကျွန်တော်က...

"ယုဇန...ယုဇန။ နင် ဘာဖြစ်တာလဲ"

"အမွေးတွေနဲ့လက်ကြီး ငါ့ခြေထောက်ကို လာထိတယ်။ အမလေး...ဘုရား...ဘုရား"

ကျွန်တော် ချက်ချင်းပင် နံရံမှ မီးခလုတ်ကို စမ်းပြီး ဖွင့်လိုက်သည်။

"ချောက်"

ဝပ်ခြောက်ဆယ်မီးသီး၏ အလင်းရောင်ဝါကျင့်ကျင့်က အခန်းထဲတွင် ဖျော့တော့စွာ လင်းပသွား၏။ ယုဇန၏ ခြေထောက်အနီးတွင် တွေ့ရသည်က ကျွန်တော့်ခွေးကလေး ဘော်ဖြူ...။

ကျွန်တော်က...

"မကြောက်ပါနဲ့ဟ။ ငါ့ခွေးကလေးက နင့်ခြေထောက်ကို ဝင်တိုးမိတာ ဖြစ်မှာပါ။ ဘော်ဖြူ...ဘော်ဖြူ။ လာ...လာ။ အို့...အို့"



www.burmeseclassic.com

www.burmeseclassic.com



ဘော်ဖြူက ကျွန်တော့်ကို ပွတ်သီးပွတ်သပ်လုပ်ရင်း ကျွန်တော့် လက်ခုံကို လျှာဖြင့် လျက်နေသည်။

တဟားဟားရယ်သံကြားသဖြင့် လှည့်ကြည့်လိုက်တော့ ကျွန်တော့်ညီ ဖိုးဝက ယုဇနေ၏အဖြစ်ကိုကြည့်ပြီး ဗိုက်ကိုနှိပ်ကာ တဟားဟား ရယ်နေသည်။ ကျွန်တော်က လှမ်းပြီး မာန်မဲလိုက်တော့မှ မနည်း မျက်နှာပိုးသတ်ပြီး အရယ်ရပ်သွား၏။

နောက်ပြီးတော့လည်း ငြိမ်ငြိမ်မနေဘဲ ထပ်ခိုးကျဉ်းကျဉ်းလေး ပေါ်တွင် ကြမ်းပြင်ကို တဘုန်းဘုန်းမြည်အောင် ဘောလုံးကို ပုတ်ကာ လျှောက်ပြေးနေသဖြင့်...

"ဟော့ကောင် ဖိုးဝ။ မင်း ငြိမ်ငြိမ်နေရင်နေ။ မနေရင် ခုချက်ချင်း အောက်ပြန်ဆင်းသွား။ မင်း ဘောလုံးကို ပုတ်နေတာနဲ့ ကြမ်းပေါ်က ဖုန်တွေ လွင့်ပြီး ငါတို့နှာခေါင်းထဲ ဝင်ကုန်လိမ့်မယ်...ဟော...ဟော... ဟပ်ချိုး"

ပြောလို့မှ မဆုံးသေးခင် ဖုန်တွေဝင်ပြီး ကျွန်တော်တို့အားလုံးမှာ နှာချေကုန်တော့သည်။

"ဟုတ်ပါရဲ့...။ ဖုန်တွေကလည်း များလိုက်တာ။ ပြီးတော့ တစ်ခန်းလုံး မှောင်မည်းပြီး မွန်းကျပ်နေတာပဲ။ လေဝင်လေထွက်ကလည်း မရှိတော့ အနံ့ဆိုးကြီးကလည်း ညှီစို့စို့၊ ပုပ်အဲ့အဲ့နဲ့။ လာပါဟာ...သွား ရအောင်။ တော်ကြာဆိုရင် ယုဇနတို့အိမ်က လာခေါ်တော့မှာ"

ပေရယ်က အခန်းထဲမှ မြန်မြန်ပြန်ထွက်ရန် လောနေသည်။ ယုဇနကတော့ စာအုပ်စင်အိုကြီးပေါ်မှ ပေစာထုပ်အဟောင်းများ၊ အမျိုး အမည်မသိသော ရုပ်ထုများ၊ ပေစာရွက်များကို လက်ဖြင့်.တို့ထိကြည့်ရင်း

"နေစမ်းပါဦးဟ။ ခဏလေးပါ..."

ထိုစဉ် ဖိုးဝက တအံ့တသြလေသံဖြင့်...

"ဟိုမှာ...ဟိုမှာ ကြည့်စမ်း။ ဘော်ဖြူ ဘာလုပ်နေတာလဲ



www.burmeseclassic.com

www.burmeseclassic.com



မသိဘူး''

ဖိုးဝ၏ စကားသံကြောင့် ကျွန်တော် လှည့်ကြည့်လိုက်သည်။ မြင့်မားသော စာအုပ်စင်အိုကြီးတစ်ခု၏ နောက်ပိုင်းနှင့်ကွယ်နေသော အခန်းထောင့်တွင် တလှုပ်လှုပ်ဖြစ်နေသည့် ဘော်ဖြူ့အမြီးကို မြင်ရ၏။ သူ့လက်သည်းများဖြင့် တစ်စုံတစ်ရာကို ကုတ်ခြစ်နေသံကို ကြားရသည်။

''ဘော်ဖြူ…ဘော်ဖြူ…လာ…လာ''

ကျွန်တော်လှမ်းခေါ်သော်လည်း ဘော်ဖြူက လှည့်၍မျှပင် မကြည့်။ သူ့ကုတ်ခြစ်သံက ပို၍ပင် ကျယ်လောင်လာ၏။

''ခွေးတွေက သရဲကို မြင်နိုင်တယ်လို့ ပြောကြတာပဲ။ ဘော်ဖြူ တော့ သရဲနဲ့ တွေ့နေပြီနဲ့ တူတယ်''

''ငါ…ငါ…ဒီအခန်းထဲက ထွက်တော့မယ်''

ပေရယ်၏ တုန်ရီချောက်ချားသော တောင်းဆိုသံကို ကျွန်တော် ကြားရသည်။ ဖိုးဝ၏ အစအနောက်သန်ပုံကြောင့် ကြာလျှင် ခက်တော့မည်။

ကျွန်တော်က ခွေးကလေးဘော်ဖြူဆီသို့ လျှောက်သွားလိုက်ပြီး

''ဘော်ဖြူ…မင်း ဘာတွေ…''

ကျွန်တော် စကားကို အဆုံးမသတ်နိုင်။ ဘော်ဖြူ ကုတ်ခြစ်နေသောအရာကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။

**ထိုအရာကား နံရံနှင့် ခွဲခြားမရအောင် စေ့စပ်ပိရိစွာ ဆက်စပ်ထားသည့် လျှို့ဝှက်တံခါးတစ်ချပ်ပင် ဖြစ်လေသည်။**

✦



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ဒီမှာ လာကြည့်ကြစမ်း။ ဟောဒီနေရာမှာ တံခါးရှိမှန်း ငါတို့တောင် မသိဘူး"

"ဟာ…မိုက်တယ်ဟာ…"

ယုဇနက ရေရွတ်လိုက်သည်။ ဖိုးဝနှင့် ပေရယ်တို့ကလည်း သူမ၏နောက်သို့ အပြေးကလေး ရောက်လာကြ၏။

ယုဇနက ပြောလိုက်သည်။

"ဒီတံခါးနောက်မှာ ဘာများရှိသလဲ မသိဘူး။ ဖွင့်ကြည့်ရအောင်"

ဤသည်ပင်လျှင် ဒုက္ခအားလုံး၏ အစဖြစ်ပါသည်။

ကျွန်တော် ရှေ့မှာပြောခဲ့သလိုပင် ကျွန်တော့်ခွေး ဘော်ဖြူကသာ အဲဒီလျှို့ဝှက်အခန်းတံခါးကို ရှာဖွေမတွေ့ခဲ့ဘူးဆိုလျှင် ဒီပြဿနာတွေ အားလုံးကို ကျွန်တော် ရင်ဆိုင်ရလိမ့်မည် မဟုတ်ပါ။

နောက်ပြီး…အဲဒီတံခါးနောက်ကွယ်က လျှို့ဝှက်ချက်ကို ဒီကမ္ဘာမြေပေါ်တွင် မည်သူမျှ သိနိုင်စွမ်းကြတော့မည် မဟုတ်ပါချေ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

"ဘော်ဖြူ"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် ဘော်ဖြူ့ကို ကောက်ပြီး ပွေ့လိုက်သည်။ ခွေးကလေးက တအီအီ အသံပြုနေ၏။

"ဘာဖြစ်လို့လဲ ဘော်ဖြူ"

ကျွန်တော်က ကြမ်းပြင်ပေါ် ပြန်ချပေးလိုက်သောအခါတွင်ကား ဘော်ဖြူသည် အခြားအခန်းထောင့်တစ်ထောင့်ဆီသို့ ပြေးသွားပြီး စာရွက်အပိုင်းအစဟောင်းတစ်စကို ပုတ်ကာ တို့ကာနှင့် ကစားနေတော့၏။ စောစောက သူရှာဖွေတွေ့ရှိခဲ့သော တံခါးပေါက်အကြောင်းကို သတိပင် ရဟန်မတူတော့ချေ။

လူနှင့်ခွေးတို့၏ ကွာခြားချက်က အဲဒါပင်ဖြစ်မည် ထင်သည်။ တစ်စုံတစ်ရာကို ဘယ်လောက်ကြာကြာ စိတ်ဝင်စားနိုင်သလဲဟူသည့်အချက်ကို ဆိုလိုခြင်းဖြစ်ပါသည်။ ယခုပြဿနာက ဘော်ဖြူ့ဆီမှာ မဟုတ်တော့။ ကျွန်တော်တို့ထံတွင် ဖြစ်နေပြီ။ ဒီတံခါးချပ်၏နောက်ကွယ်တွင် ဘာရှိသလဲဆိုသည်ကို ရေဆုံးရေဖျား သိလိုသော

www.burmeseclassic.com



စိတ်ဖြင့် ကျွန်တော်တို့အားလုံး ရင်တွေခုန်နေကြ၏။

တံခါးကို ကျွန်တော် ဖွင့်ရတော့မည်။ ဖွင့်မှ ဖြစ်တော့မည်။

ကျွန်တော်က တံခါးလက်ကိုင်ဘုကို အားစိုက်ကာ ဖိပြီး တွန်းဖွင့်လိုက်သည်။ ဖိုးဝက ကျွန်တော့်ချိုင်းအောက်မှ ခေါင်းလျှိုပြီး မျက်လုံးပြူးကာ အထဲသို့ ချောင်းကြည့်နေ၏။

ကျွီခနဲ မြည်သံနှင့်အတူ ၊ တံခါးပွင့်သွားလျှင်သွားချင်း...

"ဟာ...လူသေကောင်ကြီး"

ဟု ဖိုးဝက ထိတ်လန့်တကြား ရေရွတ်လိုက်ရာ...

"အမယ်လေး"

ချောက်ချားစွာ အော်ဟစ်လိုက်သည့် ယုဇနနှင့် ပေရယ်တို့၏ အသံက ပြိုင်တူထွက်ပေါ်လာသည်။

တကယ်တော့ အခန်းထဲတွင် ဘာလူသေကောင်မှ ရှိမနေပါ။ သွေးဆုတ်ဖြူရော်သွားသည့် ပေရယ်နှင့် ယုဇနတို့၏ မျက်နှာများကို ကြည့်ရင်း ဖိုးဝက ကြမ်းပြင်ပေါ် ခြေဆောင့်ဆောင့်ပြီး ရယ်နေလေတော့သည်။

"ဟော့ကောင် ဖိုးဝ။ ငါ့သူငယ်ချင်းတွေကို မင်း နောက်စရာများအောက်မေ့နေလား"

ကျွန်တော်က လှည့်၍ မာန်မဲလိုက်ပြီး ထိုအခန်းငယ်ထဲသို့ အလင်းရောင် ပိုပြီးဝင်စေရန် တံခါးကို အဆုံးထိ တွန်းဖွင့်လိုက်သည်။ သို့တိုင် အခန်းထဲရှိ ဘာကိုမှ ပီပီပြင်ပြင် မမြင်ရ။ မှောင်မိုက်နေ၏။

"ဘာထည့်တဲ့အခန်းဖြစ်မယ် ထင်သလဲဟင်".

အကြောက်ပြေသွားပြီဖြစ်သော ယုဇနက လှမ်းမေး၏။

"ငါလည်း မပြောတတ်ဘူး။ အထဲကို ဝင်ကြည့်ရမှာပဲ"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် အခန်းထဲသို့ လှမ်းဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လှမ်း...

နှစ်လှမ်း...

သုံးလှမ်း...

ရုတ်တရက် ကျွန်တော် လှန့်အော်ပြီး နောက်သို့ ခုန်ဆုတ်လိုက်၏။ အခန်းထဲမှ တစ်စုံတစ်ယောက်သည်လည်း ကျွန်တော့်ဆီ တည့်တည့် လျှောက်လာနေသောကြောင့်ဖြစ်သည်။

"အား"

ကျွန်တော်က လန့်ပြီး နောက်သို့ ခုန်ဆုတ်လိုက်သောအခါ ထိုတစ်စုံတစ်ယောက်သည်လည်း ပြိုင်တူပင် နောက်သို့ ခုန်ဆုတ်လိုက်ကြောင်း တွေ့ရသည်။

"ဟား...ဟား...မှန်ကြီးပါ အစ်ကိုရ။ မှန်ချပ်ကြီးပါ။ ဟားဟား"

ဖိုးဝ၏ စကားသံအဆုံးတွင် ကျွန်တော်တို့ လေးဦးစလုံးလည်း ပြိုင်တူလိုလို ရယ်မိကြလေတော့သည်။

**အခန်းထဲတွင်ကား အဝင်တံခါးဘက်ကို မျက်နှာမူထားသော ကိုယ်လုံးပေါ်မှန်ချပ်ကြီးတစ်ချပ်...။** ကျွန်တော့်အရပ်ထက်ပင် နှစ်ပေခန့် မြင့်ပေလိမ့်ဦးမည်။ ရှေးဟောင်းမှန်ချပ်ကြီးဖြစ်သောကြောင့် ဇာနတ်ပန်းများဖြင့် ထုထားသည့် သစ်သားဘောင် ကွပ်ထားသည်။

ကျွန်တော်က မှန်ရှိရာဆီသို့ တိုးသွားလိုက်သည်။ မှန်ထဲမှ ကျွန်တော့်ပုံရိပ်ကလည်း ရှေ့သို့တိုးလာ၏။ အံ့သြစရာကောင်းသည်မှာကား မှန်ထဲမှကျွန်တော့်ပုံရိပ်သည် လုံးဝ ကြည်လင်ပြတ်သားလှသည်။ မှန်ပေါ်တွင် ဖုန်တစ်စက်တစ်လေမျှပင် ကပ်ညှိတင်မနေချေ။ နှစ်ပရိစ္ဆေဒများစွာ ပိတ်ထားသောအခန်းတစ်ခန်းဖြစ်ခြင်းကြောင့် ကြမ်းပြင်၊ နံရံ စသောနေရာ အနှံ့အပြားတွင် ဖုန်တွေ တသောသောဖြစ်နေပါလျက် မှန်ပေါ်တွင် ဖုန် တစ်စက်မျှ ရှိမနေခြင်းက အံ့သြစရာကောင်းလှသည်။

သို့သော် အဲဒီအကြောင်းကို ကျွန်တော် သိပ်ကြာကြာ မစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လိုက်။မှန်ရှေ့တွင်ရောက်သည်နှင့်တပြိုင်နက် ကျွန်တော့်အကျင့်အတိုင်း ဆံပင်တွေကို သပ်သပ်ရပ်ရပ်ဖြစ်အောင် လက်ဖြင့် ဖိလိုက် ပွတ်လိုက် လုပ်မိသည်။

တကယ်တော့လည်း မှန်ဆိုသည်မှာ ခေါင်းဖြီးဖို့ တီထွင်ထားသော ပစ္စည်းပင် မဟုတ်ပါလား။

"ဒီအခန်းထဲက မြန်မြန်ပြန်ထွက်ရအောင်ဟာ…။ ငါ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

ပေရယ်က ညည်းညည်းညူညူဖြင့် ပြော၏။ ကျွန်တော်က သူ့မပြန်ဖို့ လောနေသည်ကို ဂရုမစိုက်ဘဲ…

"ဟဲ့…ပေရယ်။ အပေါက်ဝမှာ အလင်းရောင်ကွယ်ပြီး ရပ်မနေနဲ့လေဟာ။ နဂိုကတည်းကမှ အခန်းက မှောင်လို့ မမြင်ရတဲ့ကြားထဲ"

ဖိုးဝကလည်း…

"ဒီအခန်းထဲမှာဒီလိုမှန်ကြီးတစ်ချပ်ရှိနေတာ တော်တော်ထူးဆန်းတယ်နော်။ ရှေးဟောင်းပစ္စည်းဆိုတော့ သိပ်ပြီး တန်ဖိုးကြီးမှာပဲ"

"အေး…ဟဲ့။ ဒီအခန်းထဲကို ဒီမှန်ကြီး ဘယ်သူလာထည့်သွားတာလဲ။ တေဇာ…နင့်အဖေ သိမ်းထားတာများလား"

ကျွန်တော်က ယုဇန၏အမေးကို ချက်ချင်းငြင်းဆိုလိုက်သည်။

"မဖြစ်နိုင်ဘူးဟ။ ဒီအခန်းရှိမှန်း ငါ့အဖေနဲ့ အမေတောင် သိသေးပုံ မပေါ်ဘူး။ ဟာ…ဒီမှာကြည့်စမ်း။ ဘာပါလိမ့်…"

ကျွန်တော်က မှန်ချပ်ကြီး၏ ထိပ်တည့်တည့်တွင် တပ်ဆင်ချိတ် ဆွဲထားသော မီးလုံးလေးကို ညွှန်ပြလိုက်သည်။

မီးလုံးက ဘာမှ ထူးထူးဆန်းဆန်းမဟုတ်ပါ။ ရိုးရိုးစာကြည့်မီးသီး အရွယ်အစားပင်ဖြစ်သည်။ မီးအုပ်ဆောင်း တပ်ဆင်ထားပြီး နဘေး မီးဖွင့်ရန် ခလုတ်ကြိုးတစ်ခုက တွဲလောင်းကျနေ၏။

ကျွန်တော်က ထိုမီးလုံးနှင့် ခလုတ်ကြိုးကို အဓိပ္ပာယ်မဲ့



www.burmeseclassic.com

www.burmeseclassic.com



ငေးမောကြည့်နေမိ၏။ ဘာကြောင့် ထိုသို့ငေးကြည့်နေမှန်းတော့ မပြောတတ်။

"ဒီမီးလုံးက ဖွင့်လို့ ရသေးရဲ့လား မသိဘူး"

ကျွန်တော့်ဘာသာ ရေရွတ်လိုက်မိသည်ကို ကြားသွားသော ဖိုးဝက…

"ဒီလောက်ကြာလှပြီပဲ။ မီးလုံးက ကျွမ်းနေရောပေါ့"

ဖိုးဝသည် အသက်ကြီးလာလျှင်လည်း အကောင်းမြင်သမား တစ်ယောက် ဖြစ်လာလိမ့်မည့်ပုံ မပေါ်ပါ။

"မီးလုံးအကျွမ်းလား အကောင်းလား သိချင်ရင် တစ်နည်းပဲ ရှိတယ်။ ခလုတ်ကြိုးကို ဆွဲကြည့်လိုက်လေ"

ဟု ယုဇနက ပြောလိုက်၏။ သူမ ပြောသည်မှာ မှန်သည်ဟု ကျွန်တော်ထင်သည်။ ထို့ကြောင့် ခလုတ်ကြိုးကို ဆွဲရန် ကျွန်တော် လက်လှမ်းလိုက်၏။ ထိုစဉ်…

"တေဇာ…သတိထားနော်"

ပေရယ်က လှမ်းအော်ပြီး သတိပေးသည်။ ကျွန်တော်က ကြောင် သွားပြီး…

"ဟင်…ဘာကို သတိထားရမှာလဲ။ မီးခလုတ်ဖွင့်တာပဲဟာ"

ဟု ပြန်ပြောလိုက်သည်။ (မီးခလုတ် ဆွဲပြီးပြီးချင်းမှာ ကျွန်တော် သေသွားခဲ့လျှင် စောစောက စကားသည် ကျွန်တော် နောက်ဆုံးအချိန် ပြောခဲ့သော ကမ္ဘာကျော်စကားတစ်ခွန်းများ ဖြစ်သွားလေမလားဟု တွေးရင်း ကျွန်တော် ပြုံးမိ၏။)

ထို့နောက် ကျွန်တော် မီးခလုတ်ကြိုးကို ဆွဲလိုက်သည်။

"ဖျောက်"

မီးလုံးမှ အလင်းရောင်က ဖြာကျလာသည်။ သာမန်ဖယောင်းတိုင်မင် ဖြစ်၏။ အလွန်ဖြူဖွေးလင်းလက်သော အလင်းရောင်သည် မှန်ထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



အရောင်ပြန်ဟပ်ကာ တောက်ပနေပေသည်။

ကျွန်တော်က...

"ဟာ...မီးလုံးက ကောင်းနေသေးတယ်ဟ။ တစ်ခန်းလုံးကို လင်းသွားတာပဲ။ ဟုတ်တယ်နော်"

ကျွန်တော့်စကားကို တုံ့ပြန်ပြောသံ လုံးဝမကြားရ။

ထို့ကြောင့် ကျွန်တော်က ထပ်၍...

"ဒီမီးလုံးက ရိုးရိုးမီးသီးတွေထက်တောင် ပိုလင်းသလိုပဲ။ ဟော့... ဘယ်လိုလဲ...ငါပြောတာ ကြားကြရဲ့လား"

ယခုအချိန်ထိ ကျွန်တော့်ကိုစည်သူကမျှ စကားပြန်မပြောကြချေ။

ထို့ကြောင့် ကျွန်တော်က သူတို့ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူတို့အားလုံး၏ မျက်နှာပေါ်တွင်

တုန်လှုပ်ချောက်ချားမှု...

အံ့သြမှု...တို့ဖြင့်

သွေးပျက်နေသော အမူအရာများကို တွေ့မြင်ရလေသည်။

"အစ်ကို..."

ဖိုးဝက ငိုသံပါကြီးဖြင့် အော်လိုက်သည်။ သူ့မျက်လုံးများက ပြူးကျယ်နေကြ၏။

ယုဇနကလည်း တုန်ယင်ကြောက်လန့်နေသော အသံဖြင့်...

"တေဇာ...တေဇာ။ နင် ဘယ်မှာလဲဟင်"

ဟု ပြောရင်း ပေရယ်ဘက်သို့ လှည့်ကာ...

"တေဇာ ဘယ်ရောက်သွားပြီလဲ"

ဟု မေးနေ၏။ ထို့ကြောင့် ကျွန်တော်က...

"ငါ ဒီမှာလေဟာ...။ နင်တို့ရှေ့မှာပဲ ရှိသေးတယ်"

"ဒါ...ဒါပေမဲ့ နင့်ကို ငါတို့ မမြင်ရတော့ဘူး တေဇာ"

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅)

သူတို့အားလုံး၏ မျက်နှာများသည် ကျွန်တော်ရှိရာဘက်ဆီသို့ တည့်တည့်လှည့်နေကြခြင်းဖြစ်သည်။ မျက်လုံးအကြည့်တွေကတော့ ဘာမှမရှိသည့် ကွက်လပ်တစ်ခုကြည့်နေရသလိုမျိုး။ သို့ရာတွင် ထိတ်လန့်တကြားဖြစ်နေသည့် အမူအရာတွေကတော့ ရုပ်ရှင်ဆန်လွန်းနေသည်။ သူတို့ အိုက်တင် နည်းနည်းတော့ပိုသွားပြီဟု ကျွန်တော် တွေးမိ၏။ ထို့ကြောင့်...

"ဟေ့ကောင်တွေ...အတည်ပေါက် လုပ်မနေကြနဲ့။ မင်းတို့ အမူအရာလောက်တော့ ပျင်းတောင် ပျင်းသေးတယ်။ မင်းတို့ကိုများ ငါက ယုံမယ် ထင်နေသလား"

"အစ်ကို။ ကျွန်တော်တို့ တကယ်...တကယ်ပြောနေတာဗျ"

"ဟုတ်တယ်...။ ငါတို့ နင့်ကို တကယ်မမြင်ရတော့ဘူး"

ဟု ယုဇနကလည်း ထပ်ပြောသည်။ ကျွန်တော့်စိတ်ထဲမှာ ကျိတ်ပြီး ပြုံးလိုက်မိ၏။ ဒါတွေအားလုံးသည် ကျွန်တော့်ညီ ဖိုးဝ၏ ဉာဏ်နီဉာဏ်နက်တွေသာ ဖြစ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မီးရောင်က ကျွန်တော့်မျက်လုံးတည့်တည့်သို့ ထိုးနေသောကြောင့် ကျွန်တော့်အကြည့်တွေ ဝေဝါးသလို ဖြစ်လာသည်။ မီးလုံးသည် ယခုမှပင် ပိုပြီးလင်းလာသလားဟု အောက်မေ့ရ၏။

ထို့ကြောင့် ကျွန်တော်က လက်တစ်ဖက်ဖြင့်မျက်လုံးကို အလင်းရောင်မစူးအောင် ကာရင်း ကျန်လက်တစ်ဖက်ဖြင့် ခလုတ်ကြိုးကို ဆွဲကာ ပိတ်လိုက်သည်။

ဖျောက်ခနဲမြည်သံနှင့်အတူ မီးပိတ်သွား၏။ ကျွန်တော့်မျက်လုံးတွေက ပြာနေဆဲဖြစ်သောကြောင့် မျက်တောင်ကို ပုတ်ခတ် ပုတ်ခတ် လုပ်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဖိုးဝ၏အော်သံကို ကြားလိုက်ရ၏။

"ဟော...အစ်ကို ပြန်ပေါ်လာပြီ"

ဖိုးဝက ပြောပြောဆိုဆိုနှင့် ကျွန်တော့်ထံ ပြေးဝင်လာပြီး လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ သူ့အမူအရာက ရုတ်တရက်ပင် ကျွန်တော် ပြန်လည်ပျောက်ကွယ်သွားတော့မည့်ဟန်ပန်မျိုး။

နောက်ပြီး သူ့မျက်လုံးတွေကလည်း ကျွန်တော်အစစ်မှ ဟုတ်ရဲ့လားဟု သံသယဖြင့် စူးစမ်းနေပုံမျိုးဖြစ်၏။

ကျွန်တော်က စိတ်တိုသွားပြီး...

"ဟေ့ကောင် ဖိုးဝ။ မင်း ငါ့ကို နောက်စရာများ မှတ်နေသလား။ ဒီနေ့တစ်နေ့လုံး မင်းကို ငါ သည်းခံနေရတာ များပြီ။ မင်းတော့ နာတော့မယ်နော်။ သွား...သွား"

ကျွန်တော်က ဒေါသတကြီး မောင်းထုတ်လိုက်သော်လည်း ဖိုးဝက လက်မောင်းကို အတင်းသာဆုပ်ထား၏။ ကျွန်တော် အနည်းငယ်တော့ အံ့အားသင့်သွား၏။ ယုဇနက...

"ငါတို့ နောက်နေတာမဟုတ်ဘူး တေဇ။ ငါတို့ နင့်ကို တကယ်မမြင်ရတော့တာ"



www.burmeseclassic.com

www.burmeseclassic.com



ပေရယ်ကတော့...

"ငါတို့ မျက်စိပြာသွားလို့ အကြည့်မှားတာ ဖြစ်မှာပါဟာ။ မီးလုံး ကထွက်တဲ့ အလင်းရောင်က အရမ်းစူးလွန်းပြီးတော့ မှန်ကလည်း အလင်း ပြန်တယ် မဟုတ်လား"

"မဟုတ်ဘူး...မဟုတ်ဘူး။ ငါတို့ မျက်စိမှောက်တာ လုံးဝ မဟုတ်ဘူး။ တေဇာ့ဘေးမှာ ကပ်လျှက်သား ငါ ရပ်နေတာပဲ။ ငါ သူ့ကို လုံးဝမမြင်ရတော့တာ"

"ဟုတ်တယ်...။ သူ တကယ်ကိုယ်ပျောက်သွားတာ"

ဟု ဖိုးဝကလည်း ဝင်ပြော၏။ ကျွန်တော်က ရယ်လိုက်မိသည်။ ထို့နောက်...

"စဉ်းစဉ်းစားစားလည်း လုပ်ကြပါဟာ။ ဟောဒီခန္ဓာကိုယ်ကြီး တစ်ခုလုံးက ပျောက်သွားတယ်ဆိုတာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါ့မလဲ"

ပြောရင်းနှင့် ကျွန်တော်က မှန်ထဲတွင် ပေါ်နေသော ကျွန်တော် ကိုယ့်ကို ပြန်ကြည့်လိုက်သည်။

ထို့နောက်...မှန်ကြည့်ရင်း ကျွန်တော့်ဆံပင်တွေကို လက်ဖြင့် သနေမိပြန်သည်။ ပေရယ်ကတော့...

"လာပါဟာ...။ ဒီအခန်းထဲက မြန်မြန်ထွက်ရအောင်"

ကျွန်တော်တို့အားလုံး အခန်းထဲမှ စမ်းတဝါးဝါးဖြင့် ထွက်လာ ခဲ့ကြသည်။ တံခါးဝသို့ မရောက်ခင်မှာပင် ယုဇနက စောစောက စကားကို ထပ်ပြောပြန်သည်။

"နင် တကယ်ကိုယ်ပျောက်သွားတာ တေဇာ။ ငါတို့ နောက်နေတာ မဟုတ်ဘူး"

"မမယုပြောတာ မှန်တယ်"

ဖိုးဝက လက်ထဲမှ ဘောလုံးကို ပုတ်ရင်း ဝင်ပြော၏။ ပေရယ်က တော့...



www.burmeseclassic.com

www.burmeseclassic.com



"မျက်စိမှားတာပါ...ဆိုဟာ"

"လုံးဝကို မဟုတ်ဘူး။ မီးခလုတ်ကြိုးကို ဆွဲလိုက်လို့ ဖျတ်ခနဲ မီးလင်းတာနဲ့ သူလည်း ပျောက်သွားတော့တာပဲ"

"ဘုတ်...ဘုတ်"

ထိုစဉ်မှာပင် ဖိုးဝပုတ်နေသော ဘောလုံးက လက်ထဲမှလွတ်သွားပြီး ကြမ်းပြင်ပေါ်တွင် လိမ့်ကာလိမ့်ကာဖြင့် မှန်ချပ်ကြီး၏ နောက်ကွယ်သို့ ရောက်ကာ ပျောက်ကွယ်သွား၏။

ဖိုးဝက ဘောလုံးကို လိုက်ကောက်ရန် တွန့်ဆုတ်နေသည်။ မှန်ချပ်ကြီး၏ နောက်ကွယ်အမှောင်ထဲသို့ ဝင်ရမည်ဖြစ်သောကြောင့်ပင်။

စက္ကန့်အတော်ကြာအောင် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေပြီးမှ ဖိုးဝက မှန်ချပ်ကြီး၏နောက်သို့ လှစ်ခနဲဝင်သွားသည်။ ထို့နောက် ဘောလုံးကို ပိုက်ပြီး ကမန်းကတန်း ပြန်ပြေးထွက်လာ၏။

အခန်းဝမှာတော့ ပေရယ်နှင့် ယုဇနတို့နှစ်ယောက် ကျွန်တော် တကယ်ကိုယ်ပျောက်သွားသလားဆိုသည့်ကိစ္စကို ငြင်းခုန်နေကြသည်မှာ မပြီးသေး။ နောက်ဆုံးတွင် ကျွန်တော်က...

"ကဲ...ငါ တကယ်ကိုယ်ပျောက်တယ်ဆိုရင်လည်း နင် သက်သေပြလေဟာ"

"ဘာ...ဘယ်လိုသက်သေပြရမှာလဲ။ နင်လုပ်သလိုမျိုး မှန်ရှေ့မှာ ရပ်ပြီး မီးခလုတ်ကြိုးကို ဆွဲရမှာလား"

ယုဇနက ပြန်မေးသည်။ ကျွန်တော်က...

"အေးလေ...။ နင်ပြောတာ တကယ်မှန်ရင် နင်လည်း ကိုယ်ပျောက်ရမှာပေါ့"

ကျွန်တော့်စကားကြောင့် ယုဇနနှင့် ဖိုးဝတို့က အမည်မဖော်နိုင်သော အံ့သြတုန်လှုပ်မှုမျိုးဖြင့် ကျွန်တော့်ကို စိုက်ပြီး ကြည့်နေကြသည်။

ပေရယ်ကတော့...



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ဟာက အဓိပ္ပာယ်မရှိတာပဲ။ လာပါဟာ…မြန်ကြရအောင်"

ယုဇနက မလှုပ်မယှက်။ ထိုစဉ် ဖိုးဝက…

"ကျွန်တော် စမ်းကြည့်မယ်"

ဟုပြောပြီး မှန်ရှေ့ဆီသို့ ပြေးထွက်ရန် ပြင်လိုက်၏။ ကျွန်တော်က သူ့ကို လှမ်းဆွဲထားလိုက်သည်။

"မင်း မလုပ်ရဘူး။ မင်းက ငယ်သေးတယ်"

ဖိုးဝက ကျွန်တော့်လက်ထဲမှ အတင်းရုန်းထွက်နေသည်။ ကျွန်တော်က ယုဇန၏မျက်နှာကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်လိုက်၏။

ယုဇနက ကျွန်တော့်ကို ပခုံးတစ်ချက်တွန့်ပြပြီး…

"ကောင်းပြီလေ။ ငါ စမ်းကြည့်မယ်"

သူမက မှန်ရှိရာသို့ တစ်လှမ်းချင်းလျှောက်သွားပြီး မှန်ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။ သူမ၏ပုံရိပ်သည် မှန်ထဲတွင် အထင်းသား ပေါ်နေပေသည်။

ယုဇနက မီးခလုတ်ကြိုးကို လှမ်းကိုင်ရင်း…

"ကဲ…ငါသွားပြီ"

ပြောပြောဆိုဆိုနှင့် မီးခလုတ်ကြိုးကို ဆွဲချလိုက်တော့သည်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆)

စိတ်လှုပ်ရှားနေသဖြင့် ယုဇနရဲ့လက်ထဲမှ ကြိုးက ချော်ထွက်သွား၏။ သူမက စိတ်မရှည်စွာဖြင့် မီးခလုတ်ကြိုးကို နောက်တစ်ကြိမ်လှမ်းဆုပ် ကိုင်ပြီး ဆွဲမည့်ဟန် ပြင်လိုက်စဉ်မှာပင်…

"ယုဇနရေ…သမီး။ အပေါ်ထပ်မှာလား…။ ပေရယ်ကော…"

အောက်ထပ်မှ လှမ်းအော်ခေါ်လိုက်သံကို ကြားရသည်။ ယုဇနအမေ၏ အသံဖြစ်သည်။ သူမက…

"လာပြီ မေမေ။ သမီးတို့ အပေါ်ထပ်မှာ"

"အေး…အေး…။ မြန်မြန်လုပ်။ မေမေတို့ အပြန်နောက်ကျနေလိမ့်မယ်"

ပေရယ်ကတော့…

"ကဲ…ငါမပြောဘူးလား"

ဟူသည့်အကြည့်မျိုးဖြင့် ကြည့်ပြီး အောက်ထပ်သို့ ခပ်သွက်သွက်ဆင်းသွား၏။ ဧည့်ခန်းထဲသို့ ပြန်ရောက်ကြသောအခါ ကျွန်တော့်မေမေက…


www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ လျှောက်ကြည့်နေကြတာလဲ သမီးတို့ရယ်...။ ဟာ...ဖုန်တွေလည်း ပေလို့ပါလား"

"စာအုပ်အဟောင်းတွေထားတဲ့ ထပ်ခိုးလေးပေါ် တက်ကြည့်မိလို့ပါ အန်တီ"

ယုဇနက အလိုက်သင့်ဖြေလိုက်သော်လည်း အရိပ်သုံးပါး နားမလည်သည့် ဖိုးဝက...

"သားတို့ မှန်ကြီးတစ်ချပ်နဲ့ ဆော့ကြတာ မေမေ"

ကျွန်တော်က သူ့ကို မျက်မှောင်ကြုတ်ပြရင်း စကားဆက်မပြောဖို့ သတိပေးလိုက်သည်။ ဒါကို ရိပ်မိသွားသော ယုဇနကလည်း စကားကို မြန်မြန်ဖြတ်ပြီး ပြန်တော့မည်ဟု နှုတ်ဆက်၏။

သူတို့ကို အိမ်တံခါးဝဆီသို့ လိုက်ပို့ပြီး ပြန်လှည့်စဉ်မှာပင် ညှိခန်းထဲမှ

"ခွမ်း"

ခနဲမြည်သံကို ကြားရ၏။ ဖိုးဝပုတ်နေသောဘောလုံးက စားပွဲပေါ်မှ ပန်းအိုးကို တိုက်ချလိုက်ခြင်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် တဘုန်းဘုန်းရိုက်သံများနှင့်အတူ...

"တယ်...ဒီကောင်လေးဟာ ညှိခန်းထဲမှာ ဘောလုံးကို မကစားပါနဲ့လို့ ပြောတာ ဘယ်တော့မှ မမှတ်ဘူး။ ကဲဟယ်...ကဲဟယ်။ နောက်ကို ဆော့ဦးမလား။ ကိုင်း...မှတ်ပြီလား"

မေမေ၏ ဆူပူသံ၊ ရိုက်နှက်သံတို့နှင့်အတူ ဖိုးဝ၏ တအီအီ ငိုကြွေးသံကိုပါ ကြားရလေသည်။

ဒီလိုအချိန်မျိုးတွင် ဖိုးဝတစ်ယောက် (ဖြစ်နိုင်လျှင်) ကိုယ်ပျောက်သွားချင်မှာပဲ...ဟု စဉ်းစားလိုက်မိသည့်အတွေးနှင့်အတူ ကျွန်တော့် တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။

ကျွန်တော် သက်ပြင်းကိုသာ ချမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နာရီ၊ နှစ်နာရီခန့်အကြာတွင် ညေ့ခန်းထဲမှ တဘုတ်ဘုတ်မြည်သံကို ကြားရပြန်သည်။ ဖိုးဝတစ်ယောက် ညေ့ခန်းထဲတွင် ဘောလုံးကို ပုတ်နေပြန်လေပြီ။

သူသည် အမှတ်သည်းခြေမရှိသော ချာတိတ်ကလေးတစ်ကောင်သာဖြစ်သည်။

✦



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ရက် နှစ်ရက်လောက်အထိ ထိုလျှို့ဝှက်အခန်းထဲမှ မှန်ချပ်ကြီးအကြောင်း ကျွန်တော် ထပ်မတွေးဖြစ်တော့ပါ။

ကျောင်းတွင် ပေရယ်တို့ ယုဇနတို့နှင့် နေ့တိုင်းဆုံဖြစ်နေသော်လည်း အဲသည်အကြောင်း စကားမစပ်မိကြ။ သူတို့ကလည်း စပြီးတော့ မပြော။

သူတို့လည်း ကျွန်တော့်လိုပင် ထိုအကြောင်းကို မေ့နေလောက်ပြီ ထင်သည်။ သို့တည်းမဟုတ် ကျွန်တော်တို့အားလုံးက အဲဒီအကြောင်းကို စိတ်ထဲမှ ဖယ်ရှားမေ့ပျောက်ပစ်လိုက်ဖို့ ကြိုးစားနေမိခြင်းလည်း ဖြစ်နိုင်ပါသည်။

တကယ်တမ်းလည်း (ယင်းကိစ္စသည်) မေ့လျော့ပစ်လိုက်ဖို့သာ ထိုက်တန်သည့် ချောက်ချားစရာ အတွေ့အကြုံတစ်ရပ်ပင် မဟုတ်ပါလား။

✦



www.burmeseclassic.com

www.burmeseclassic.com



သို့တိုင် ထိုအကြောင်းအရာသည် ကျွန်တော့်ရင်ထဲ၌ နုတ်ပစ်၍ မရနိုင်သော ဆူးတစ်ချောင်းလို စိုက်ဝင်နေခဲ့သည်။ ကိုင်လှုပ်၍ နှံ့လေလေ ပိုပြီး နာကျင်လာလေလေဖြစ်နေ၏။

**တမင်မေ့ပျောက်ဖို့ ကြိုးစားတိုင်း ပိုပြီးသတိရနေတတ်သည်မှာ သဘာဝပဲလား။**

ကျွန်တော် အိပ်ရာပေါ်တွင် လဲလျောင်းရင်း မျက်နှာကျက်ကို ငေးစိုက်ကြည့်နေမိသည်။ ညသန်းခေါင်ကျော်နေပြီဖြစ်သော်လည်း ကျွန်တော် အိပ်မပျော်သေး။ (အမှန်ကို ဝန်ခံရလျှင် ကျွန်တော် အိပ်မပျော်နိုင်ခဲ့သည်မှာ သုံးညတိတိ ရှိပါပြီ။)

အဲဒီမှန်ချပ်ကြီးရဲ့ အစွမ်းသတ္တိဟာ ဘယ်လိုများလဲ…။

ဒီမှန်ကို ဘယ်သူက အဲဒီအခန်းထဲ ထည့်ထားခဲ့တာလဲ။

ပြီးတော့…ပြီးတော့…

**ငါဟာ တကယ်ပဲ ကိုယ်ပျောက်ခဲ့ပါသလား…။**

ထိုသို့တွေးရင်း တစ်စုံတစ်ရာကို ကျွန်တော် ဖျတ်ခနဲ သတိရသွားသည်။ ပုံရိပ်…။ မှန်ထဲမှ ကျွန်တော့်ပုံရိပ်ကရော…။

ကိုယ်ပျောက်သည်ဟု သူတို့ပြောကြသည့် အချိန်တုန်းက မှန်ထဲ

www.burmeseclassic.com


တွင် ကျွန်တော့်ပုံရိပ် ထင်နေသလားဆိုသည်ကို မကြည့်လိုက်မိ။

တကယ်တမ်းကိုယ်ပျောက်ခဲ့သည်ဆိုလျှင် မှန်ထဲတွင် ကျွန်တော့်ပုံရိပ် ထင်မနေတော့ကြောင်း အဲဒီကတည်းက ကြည့်ပြီး ချက်ချင်းသိနိုင်ခဲ့မည်ဖြစ်သည်။

ဒါဆိုရင် အဖြေက ရှင်းသွားမှာပဲ...။

ထိုသို့တွေးရင်း ကျွန်တော် ခုတင်ပေါ်မှ အသာအယာဆင်းလိုက်သည်။ ဒီတစ်ခါတော့ ကျွန်တော်ကိုယ်တိုင် မီးခလုတ်ကို ဆွဲပြီး မှန်ထဲမှာ ကျွန်တော့်ပုံရိပ် ပေါ်မပေါ် စမ်းသပ်ကြည့်ရမည်။

ထပ်ခိုးပေါ်တက်သော လှေကားထစ်များတလျှောက် တကျွိကျွိ မြည်သံမကြားရအောင် ထိန်းပြီး နင်းတက်လာခဲ့သည်။ အသက်ကိုပင် မရှူဘဲ အောင့်ထားမိသည် ထင်၏။

ညသန်းခေါင်၏အမှောင်သည် ချောက်ချားဖွယ်ရာ ပူနွေးညှီစို့နေသည်။ မကောင်းဆိုးရွားတို့၏ လေချွန်သံကိုပင် ကြားရသလို ကျွန်တော့်ကျောရိုးထဲ စိမ့်တက်သွားသည်။

လျှို့ဝှက်အခန်းတံခါးဝ၏အရှေ့တွင် ရပ်မိပြီ။ အခန်းတံခါးက တစ္ဆေတစ်ကောင်၏ ပါးစပ်လို ဖွင့်လျက်သား ဟောင်းလောင်း။ အရင်တစ်ခေါက်က ကျွန်တော်တို့အားလုံး ကမန်းကတန်း ပြန်ဆင်းလာခဲ့သဖြင့် တံခါးကို ပိတ်ဖို့ မေ့လျော့ခဲ့သည် ထင်၏။ (တကယ်တော့ ဖွင့်ခဲ့သလား ပိတ်ခဲ့သလား ကျွန်တော့်ကိုယ် ကျွန်တော်လည်း မသေချာ။)

ကျွန်တော် အခန်းထဲသို့ တစ်လှမ်းချင်း တိုးဝင်သွားလိုက်သည်။ မှန်ရှေ့တွင် ရပ်ရင်း ကျွန်တော့်နှလုံးသားသည် တဒိန်းဒိန်း ခုန်နေလေသည်။

မှန်ထဲမှ ပုံရိပ်က ကျွန်တော့်ကို ပြန်၍ စိုက်ကြည့်နေသည်။ ဒီအတိုင်းပါပဲ။ ဘာမှ မထူးပါ။ ရိုးရိုးမှန်တစ်ချပ်သာဖြစ်သည်။

"ဘာမှ ကြောက်စရာမလိုဘူး"


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကိုယ့်ကိုယ်ကို ပြန်၍ အားပေးလိုက်သည်။ မှန်သားပြင်ကို လက်ဖြင့် အသာအယာပွတ်တိုက် စမ်းသပ်မိ၏။ အေးစက်သော အထိအတွေ့ကို ခံစားရလေသည်။

ကျွန်တော်က စိတ်သက်သာရာ ရစွာဖြင့် သက်ပြင်းကို အသာချရင်း မီးခလုတ်ကြိုးဆီသို့ လက်လှမ်းရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် မှောင်ထဲမှနေ၍ ကျွန်တော့်ကို စိုက်ကြည့်နေသော မျက်လုံးတစ်စုံကို ချောက်ချားဖွယ်ရာ မြင်တွေ့လိုက်ရတော့သည်။

"အား"

ကျွန်တော် လန့်ပြီး အော်လိုက်သည်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၇)

ကြောက်လွန်းသောကြောင့် နေရာမှာပင် အသက်ဝိညာဉ် ကင်းမဲ့သွားသည့် ထင်မိ၏။ တဟုန်ထိုး ထွက်ပြေးသွားချင်သော်လည်း ကျွန်တော့် ခြေထောက်တွေ လှုပ်ရှား၍ မရ။

ကျွန်တော် အသေအချာ ထပ်ကြည့်လိုက်သည်။

"ဖိုးဝ"

ခစ်ခနဲရယ်သံကြောင့် ကျွန်တော့်ညီ ဖိုးဝမှန်း ချက်ချင်းသိလိုက်သည်။ ကျွန်တော် သူ့ကို လည်ပင်းညှစ်သတ်ချင်စိတ် ပေါ်သွား၏။ ကျွန်တော် ဒေါသတကြီးဖြင့်...

"ဟေ့ကောင် ဖိုးဝ။ မင်း ငါ့နောက်ကို ဘာလိုက်လုပ်တာလဲ"

"ကျွန်တော်လည်း အိပ်မပျော်သေးဘူး။ ကျွန်တော့်အခန်းရှေ့က အစ်ကို ဖြတ်လျှောက်သွားတဲ့ခြေသံကို ကြားတာနဲ့ လိုက်လာခဲ့တာ"

"မင်းလိုက်စရာလား။သွား...ခုချက်ချင်းအောက်ကိုပြန်ဆင်းနေ"

သို့သော် ဖိုးဝက တုတ်တုတ်မျှ မလှုပ်။

"သွားလေ...။ မင်းကို ငါ ပြန်ဆင်းခိုင်းနေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ ဖိုးဝက မပွင့်တပွင့်လေသံဖြင့်…

"ကျွန်တော့်ကို အတင်းပြန်ဆင်းခိုင်းရင် အစ်ကို ဒီမှန်ကြီးနဲ့ ဘာလုပ်တယ်ဆိုတာ အဖေတို့ကို တိုင်ပြောလိုက်မယ်"

အဲဒီငနဲလေးကို ကျွန်တော် အားရပါးရ ရိုက်နှက်ပစ်ချင်စိတ် ပေါ်လာသည်။ စိတ်ကို အနိုင်နိုင်ချုပ်တီးထားလိုက်ရ၏။ ဖိုးဝကို လွယ်လွယ်ကူကူ ရှင်းထုတ်ပစ်၍ ရလိမ့်မည်မဟုတ်မှန်း ကျွန်တော် သဘောပေါက်လိုက်သည်။

ကျွန်တော် ချောင်ပိတ်မိနေပြီဆိုသည်ကို ဖိုးဝ ရိပ်မိသွားဟန်တူ၏။ စောစောကထက်ပိုပြီး ရဲတင်းလာသောလေသံဖြင့်…

"အစ်ကို ဒီမှာ ဘာလာလုပ်တာလဲ"

ဒီငနဲလေးကို အလျှော့ပေးပြီး ဆက်ဆံရမှာ ဘယ်လောက်တောင် နာကြည်းစရာကောင်းလိုက်တဲ့ အဖြစ်ပါလဲ။ သို့သော် ကျွန်တော် ဘာမှ မတတ်နိုင်။ လေသံဖျော့ဖျော့လေးဖြင့်…

"အလကားပါကွာ…။ ဒီမှန်ကြီးကို လာကြည့်တာ"

ပြောရင်းနှင့် ကျွန်တော်က မှန်ဘက်သို့ မျက်နှာပြန်လှည့်လိုက်၏။

ရုတ်ချည်းဆိုသလိုပင် ကျွန်တော် အိပ်ချင်လာသလို ခံစားရသည်။ အခန်းထဲတွင် လှောင်ပိတ်နေသော လေကြောင့်လည်း ဖြစ်နိုင်သည်။ သန်းခေါင်ကျော်နေပြီဖြစ်သောကြောင့် ကျွန်တော်ကိုယ်တိုင် ပင်ပန်းနွမ်းနယ်မှုဖြင့် အိပ်ချင်နေခြင်းလည်း ဖြစ်နိုင်သည်။

ဖိုးဝက…

"ဒီမှန်ကို ဘယ်လိုစမ်းမှာလဲဟင်"

"မင်း ငါ့အနားမကပ်စမ်းနဲ့ ဖိုးဝရာ။ တစ်ညနေလုံး ဆော့ထားတာ မင်းကိုယ်က နံစော်နေတာပဲ"

ကျွန်တော် ဘယ်လိုပြောပြော ဖိုးဝက ပေကပ်လျက်…

"ဘယ်လိုစမ်းမှာလဲလို့။ ပြောလေ…အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်မရှည်တော့ပါ။

"ငါ ဒီမှန်ရှေ့မှာ ရပ်ပြီး မီးခလုတ်ကြိုးကို ဆွဲလိုက်မယ်။ မီးလင်းတဲ့အခါ ငါ ကိုယ်ပျောက်သွားသလားလို့ မင်းက ဘေးကနေပြီး ကြည့်ပေးပေါ့"

"ဟင့်အင်း"

"ဘာ…ဟင့်အင်းလဲ"

ဖိုးဝက မျက်လုံးလေး ပေကလပ်ပေကလပ်လုပ်ရင်း…

"ဒီတစ်ခါ အစ်ကိုမလုပ်နဲ့။ ကျွန်တော် လုပ်ကြည့်ချင်တယ်"

"ဟာ…ဘယ်ဖြစ်မလဲကွ"

ကျွန်တော်က ခါးခါးသီးသီး ငြင်းလိုက်သည်။ သို့သော် ဖိုးဝက ခွေးပိန်လေးတစ်ကောင်လို တအီအီ တွယ်ကပ်နေ၏။ အဲဒီလို ဂျီတိုက်နေခြင်းမျိုးကို သည်းခံနိုင်လောက်အောင် ကျွန်တော် စိတ်မရှည်ပါ။ ထို့ကြောင့်

"ကဲ…ဒီလိုလုပ်ကွာ။ မှန်ရှေ့မှာ မင်းနဲ့ငါ အတူတူရပ်နေကြမယ်။ ပြီးတော့ မီးခလုတ်ကြိုးကို ဆွဲလိုက်မယ်။ ဘယ်လိုလဲ…"

"ကောင်းတယ် အစ်ကို၊ ကဲ…လုပ်လိုက်လေ၊ ကြာသလားလို့"

ကျွန်တော့်စကားမဆုံးသေးခင်မှာပင် ဖိုးဝက မှန်ရှေ့မှာ အတင်းတိုးဝေ့နေရာယူပြီးနေပေပြီ၊ ညဝတ်အင်္ကျီအစိမ်းရောင်နှင့် ဖိုးဝ၏ပုံသဏ္ဌာန်သည် အလွန်ပင် အမြင်ကပ်စရာ ကောင်းလောက်အောင် အူကြောင်ကြောင် အသွင်ပေါက်နေ၏။

ကျွန်တော်က သက်ပြင်းတစ်ချက်ကို ချရင်း သူနှင့် ယှဉ်ရပ်လိုက်သည်။ ထို့နောက် မီးခလုတ်ကြိုးဆီသို့ လက်ကို လှမ်းလိုက်ပြီး…

"ကဲ…"

ကြိုးကို ဆွဲလိုက်တော့သည်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၈)

ဖျောက်ခနဲမြည်သံနှင့်အတူ မီးလုံးက လင်းလက်သွား၏။

"အိုး..."

အလင်းရောင်က စူးရှလွန်းသောကြောင့် ကျွန်တော့်မျက်လုံးတွေ ကျိန်းသွားသည်။ ဘာမှ မမြင်ရတော့သလို ဖြစ်သွားသဖြင့် မျက်လုံးကို ခဏပိတ်ထားလိုက်ရ၏။

အလင်းနှင့် ကျင့်သားရလောက်ပြီဟု ထင်သောအခါ မျက်လုံးကို ပြန်ဖွင့်လိုက်သည်။ ထို့နောက် စကားပြောရန် ဖိုးဝဘက်သို့ လှည့်လိုက်၏။

"ဟင်..."

ကျွန်တော့်နှလုံးသားတစ်ခုလုံး ဆွဲဆုတ်ဖျစ်ညှစ်ခံလိုက်ရသလို ခံစားလိုက်ရသည်။

ဖိုးဝ မရှိတော့ပြီ။

"ဖိုးဝ...ဖိုးဝ။ မင်း ဘယ်မှာလဲ"

ကျွန်တော် တုန်ယင်စွာဖြင့် ခေါ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုရော…အစ်ကို ဘယ်မှာလဲဟင်"

ကျွန်တော့်နံဘေး လေထုထဲမှ ထွက်ပေါ်လာသော ဖိုးဝ၏အသံကို ကြားရသည်။ သူ့ကိုယ်နံ့ ချဉ်စုတ်စုတ်ငန်တူးတူးကိုလည်း ရနေသည်။ သို့သော် သူ့ကိုတော့ ကျွန်တော် မမြင်ရပါ။

"ဖိုးဝ…မင်းရော ငါ့ကို မမြင်ရဘူးလား"

"ဟင့်အင်း…မမြင်ရဘူး အစ်ကို"

ကျွန်တော်တို့နှစ်ဦးစလုံး တကယ်ပင် ကိုယ်ပျောက်နေကြလေပြီ။

**ဒီကိစ္စသည် နောက်ပြောင်နေခြင်း မဟုတ်။ တကယ်ပင် ထူးဆန်းအံ့ဩဖွယ်ရာ ကိုယ်ပျောက်ခြင်းဖြစ်လေသည်။**

ဒါဆို…မှန်ထဲမှာရော…။

ကျွန်တော် သတိရသွားပြီး ချက်ချင်းပင် မှန်ဘက်သို့ လှည့်၍ ကြည့်လိုက်သည်။

မရှိ။ မှန်ထဲတွင် ကျွန်တော့်ပုံရိပ်ရော ဖိုးဝ၏ပုံရိပ်ကိုပါ မမြင်ရ။ ကျွန်တော်တို့နောက်ဘက်ရှိ ပွင့်နေသော လျှို့ဝှက်အခန်းတံခါး၏ ပုံရိပ်သာ ထင်ဟပ်လျက်ရှိသည်။

"ဟော့ကောင် ဖိုးဝ။ မှန်ထဲမှာလည်း ငါတို့ပုံရိပ်တွေ မထင်တော့ဘူးကွ"

ဖိုးဝ၏ဖြေသံကို မကြားရ။ တိတ်ဆိတ်နေသည်။

ဟင်…ဖိုးဝ ဘာဖြစ်သွားပြီလဲ။

ထိုစဉ်မှာပင် မမြင်ရသောတစ်စုံတစ်ရာက ကျွန်တော့်ကို ပွေ့ဖက်ချုပ်နှောင်သလို ခံစားရသည်။ ကျွန်တော် အသည်းထဲမှ စိမ့်ခနဲ အေးစက်ထိတ်လန့်သွားပြီး…

"ဟာ…"

"ဟဲ…ဟဲ…ဟဲ"

ဖိုးဝ၏ရယ်သံကို ကြားရ၏။ အသုံးမကျသော ထိုကောင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



သည် ကျွန်တော့်ကို ခြောက်လှန့်ဖို့ ကြိုးစားနေခြင်းဖြစ်၏။ ခြောက်လှန့်၍ မရတော့မှန်းသိသောအခါ အတင်းကလိထိုးပြန်သည်။

ကျွန်တော်လည်း မအောင့်နိုင်တော့ဘဲ ရယ်မိ၏။ ထို့နောက်...

"ငါတို့မှာ ခန္ဓာကိုယ်တွေ ရှိသေးတယ်ကွ။ မမြင်သာ မမြင်ရတော့တာ"

ဖိုးဝက ကျွန်တော့်ကို စကားပြန်မပြော။ ကလိထိုးဖို့သာ ကြိုးစားနေသည်။ ထို့ကြောင့် ကျွန်တော်က ရုန်းထွက်ပြီး သူနှင့် ခပ်လှမ်းလှမ်းက တံခါးဝနားတွင် သွားရပ်နေလိုက်သည်။

ခဏကြာတော့ (ကျွန်တော့်ကို စမ်း၍ ရှာဖွေမတွေ့တော့သောကြောင့်) စိုးရိမ်ကြောက်လန့်နေသော ဖိုးဝ၏အသံကို ကြားရ၏။

"အစ်ကို...အစ်ကို ဘယ်ရောက်သွားပြီလဲဟင်"

"မင်းဘာသာမင်း တွေ့အောင်ရှာလေကွာ"

"ရှာလို့မတွေ့တော့ဘူး အစ်ကိုရဲ့။ ကျွန်တော် ကြောက်တယ်။ ပြန်လာပါ"

ကျွန်တော်က အနိုင်ရသူတစ်ဦး၏ အထက်စီးလေသံဖြင့်...

"မလာချင်ဘူးကွာ...။ မင်းက ကလိထိုးတာကိုးကွ"

"အစ်ကိုမကြိုက်ရင် ကျွန်တော် မလုပ်တော့ပါဘူး။ ပြန်လာပါ အစ်ကို"

သူ့အသံက တကယ်ပင်တုန်ယင်နေသဖြင့် ကျွန်တော် ပြုံးလိုက်မိပြီး...

"မင်း တကယ်ကတိပေးလား"

"ကတိပေးတယ် အစ်ကို။ တကယ်ပြောတာ...။ မြန်မြန်လာပါ အစ်ကို"

ကျွန်တော် သူ့ကို သနားသွားပြီး သူ ရှိလောက်မည်ဟု ထင်သည့်နေရာသို့ မှန်း၍ လျှောက်သွားလိုက်သည်။ မကြာခင်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်နဲ့ဆိုးဆိုးနှင့် အသက်ရှူသံကို ကြားသောနေရာ၌ ရပ်မိ၏။ ထိုအခါမှပင် ကျွန်တော်က...

"ကဲ...အခု မင်းဘေးနားမှာ ငါရောက်နေပြီ"

ကျွန်တော် ပြော၍ ဆုံးသည်နှင့်တပြိုင်နက် ဖိုးဝ၏လက်များက ကျွန်တော့်ကို ချုပ်နှောင်တွယ်ဖက်ပြီး ကလိထိုးပြန်လေတော့သည်။

တော်တော်ပြောရခက်သည့် ငနဲဆိုးကလေးပင်...။

ကျွန်တော်တို့နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ချုပ်နှောင်ဖို့ကြိုးစားရင်း နပန်းလုံးမိကြသည်။ မိမိက မမြင်ရသော လူတစ်ယောက်နှင့် နပန်းလုံးနေရသည့် ခံစားမှုသည် တစ်မျိုးတစ်ဖုံ ထိတ်လန့်အံ့သြစရာ ကောင်းလေသည်။

အတန်ကြာတော့ ကျွန်တော်တို့နှစ်ယောက် လူချင်း ခွဲလိုက်ကြပြီး ကျွန်တော်က...

"ငါတို့ ဒီလို ကိုယ်ပျောက်နေတဲ့အတိုင်း တခြားနေရာတွေကို လျှောက်သွားလို့ ရမလား မသိဘူး"

"ဟုတ်တယ် အစ်ကို။ ဒါဆိုရင် တခြားလူတွေ ဘာလုပ်နေသလဲဆိုတာ တိတ်တိတ်ကလေး လိုက်ချောင်းလို့ ရမှာပဲနော်"

"အင်း...လိုက်ချောင်းရုံတင်မဟုတ်ဘူး။ သူတို့ကို သရဲလုပ်ပြီး ခြောက်လန့်ရရင် ပျော်စရာ ကောင်းမှာကွ။ ဖေဖေတို့ ဟိုတစ်ခါကြည့်တဲ့ ရုပ်ရှင်ထဲကလိုပေါ့။ သရဲတွေက လူတွေကို လိုက်ခြောက်လှန့်ပြီး ဟာသ လုပ်ကြတာလေ"

"သရဲ...ဟုတ်လား အစ်ကို။ ဒါ...ဒါပေမဲ့ ကျွန်တော်တို့က အခု သရဲမှ မဟုတ်တာ"

ဖိုးဝ၏အသံက အထိတ်တလန့်ဖြင့် ခြောက်ကပ်ကပ်ဖြစ်နေ၏။ 'သရဲ'ဟူသော စိတ်ကူးစိတ်သန်းသည် ကျွန်တော်တို့နှစ်ဦးလုံး၏စိတ်ကို တစ်မျိုးတစ်ဖုံတော့ ချောက်ချားသွားစေသည်မှာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



အခု…အခုရော။ ကျွန်တော်တို့နှစ်ယောက် ဘာတွေဖြစ်နေကြပြီနည်း။

ဖိုးဝကလည်း ကျွန်တော့်လိုပင် တွေးမိပြီး ချောက်ချားသွားဟန်တူသည်။ သူက တုန်တုန်ယင်ယင်ဖြင့်…

"အစ်ကို…အစ်ကို။ ကျွန်တော်တို့ အခုနေ ကိုယ်ပြန်ပေါ်လို့ ရပါဦးမလားဟင်။ ကျွန်တော်… … နေရတာ တစ်မျိုးကြီးဖြစ်လာပြီ။ ဘယ်လိုကြီးမှန်းလဲ မသိဘူး"

ဖိုးဝပြောသည်မှာ မမှားပါ။ ကျွန်တော်ကိုယ်တိုင်လည်း တစ်မျိုးကြီး ခံစားနေရသည်။

ကျွန်တော့်ခန္ဓာကိုယ်သည် ပေါ့သထက် ပေါ့လာနေ၏။ ခြေထောက်ကို ကြမ်းပြင်ပေါ်မှ ကြွလိုက်လျှင် ကျွန်တော့်တစ်ကိုယ်လုံး လေထဲတွင် လွင့်မျောသွားတော့မည် ထင်သည်။

ကျွန်တော် တကယ်ပဲ တစ္ဆေဖြစ်သွားတော့မှာလား…။

✦



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အတတ်နိုင်ဆုံး စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်ရင်း…

''အရင်တစ်ခေါက်တုန်းကတော့ မီးခလုတ်ကြိုးကို ပြန်ဆွဲပြီး ပိတ်လိုက်တဲ့အခါ ကိုယ်ပြန်ပေါ်လာတာပဲ။ အခုလည်း အဲဒီလိုပဲ လုပ်ရမယ် ထင်တယ်''

''အဲဒါဆို ကြိုးကို ဆွဲလိုက်တော့လေ အစ်ကိုရဲ့။ မြန်မြန်လုပ်ပါ''

''အေးပါ''

ကျွန်တော်က ပြောရင်း မီးခလုတ်ကြိုးဆီသို့ လက်လှမ်းရန် ဟန်ပြင်လိုက်၏။ သို့ရာတွင် ကျွန်တော့်တစ်ကိုယ်လုံးကို ထူးဆန်းသော ခံစားမှုတစ်ခုက လွှမ်းခြုံနေသည်။ ကျွန်တော့်တစ်ကိုယ်လုံး လေထဲမှာ လွင့်မျောနေသလိုလို၊ ကျွန်တော့်စိတ်ကို တစ်စုံတစ်ရာက ဖိစီးချုပ်နှောင်ထားသလိုလို။

ကျွန်တော့်ခေါင်းထဲမှာလည်း မူးယစ်ရီဝေနေသလိုလို။

မီးခလုတ်ကြိုးကို ကျွန်တော် လက်ဖြင့် ဆုပ်ကိုင်မိသည်။ ကြိုးကို ဆွဲလိုက်သည်။ ဖျောက်ခနဲမြည်သံနှင့်အတူ မီးငြိမ်းသွား၏။

**သို့သော် ကျွန်တော်တို့နှစ်ယောက်စလုံး ကိုယ်ပြန်ပေါ်လာခြင်း မရှိတော့ချေ။**

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၉)

"အစ်ကို...အစ်ကို့ကို ခုထိလည်း ကျွန်တော် မမြင်ရသေးဘူး"

ဖိုးဝဇီရလေးက ငိုသံပါလာသည်။ ကျွန်တော်က အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထိန်းပြီး...

"အေးပါကွာ...။ မကြောက်ပါနဲ့"

ပြောမည်သာ ပြောရသည်။ ကျွန်တော်ကိုယ်တိုင်ကတော့ စိတ်ထဲတွင် ကြောက်နေလေပြီ။ ကျွန်တော့်လက်ကို ကျွန်တော် ပြန်စမ်းကြည့်လိုက်တော့ အထိအတွေ့ ခံစားမှုကို ရနေသေးသည်။

"အစ်ကို...ဘာဖြစ်လို့ ကျွန်တော်တို့ ပြန်ပေါ်မလာသေးတာလဲ မသိဘူးနော်။ လုပ်ပါဦး အစ်ကိုရာ..."

ဖိုးဝက ငိုနေလေပြီ။ ကျွန်တော်က...

"ငါလည်း မသိဘူးလေကွာ။ အရင်တစ်ခေါက်တုန်းကတော့ ဒီအတိုင်းပဲ ဥစ္စာ။ မီးခလုတ်ပိတ်လိုက်တာနဲ့ ပြန်ပေါ်လာတာပဲ။ ခုတော့ ဘာဖြစ်သွားတာလဲ မသိဘူး"

ကျွန်တော်က ပြောရင်းနှင့် သေချာအောင် မှန်ထဲတို့ လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ထိုတ်သည်။ ကျွန်တော်တို့၏ ပုံရိပ်များက ပြန်ပေါ်မလာသေး။

ကျွန်တော်လည်း မရှိ၊ ဖိုးဝလည်း မရှိချေ။

သံပတ်ကုန်ခမ်းသွားသော စက်ရုပ်တစ်ရုပ်လို ကျွန်တော် ငေးငေးငိုင်ငိုင် ရပ်နေမိသည်။ ကျွန်တော့်မှာ အားအင်မရှိတော့ချေ။ ငါ...ငါ ဘာလုပ်ရမလဲ...။

"အစ်ကို...အစ်ကို၊ မီးခလုတ်ကြိုးကို ထပ်ဆွဲကြည့်ပါဦး။ လုပ်ပါ အစ်ကိုရဲ့...မြန်မြန်လုပ်ပါ"

ဖိုးဝက ငိုရှိုက်ရင်း ပြောသည်။ ကျွန်တော်က...

"အေးပါကွာ...။ မင်းကလည်း စိတ်အေးအေးထားစမ်းပါ"

ဟုတ်သည်။ ဖိုးဝပြောသလို နောက်တစ်ကြိမ် ထပ်ကြိုးစား ကြည့်ခြင်းဖြင့် အရှုံးမရှိနိုင်။ မီးခလုတ်ကြိုးကို နောက်တစ်ကြိမ် ထပ်ဆွဲ ကြည့်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်၏။

ကျွန်တော်က ကြိုးကို လှမ်းကိုင်ပြီး ဆွဲတော့မည့်ဆဲဆဲမှာပင် ဖိုးဝက ငိုသံပါကြီးဖြင့်...

"ကျွန်တော်တို့ ဘယ်တော့မှ ကိုယ်ပြန်မပေါ်တော့ဘူးလားဟင်။ တစ်သက်လုံး ကျွန်တော်တို့ကို ဘယ်သူကမှ မမြင်ရတော့ဘူးလား။ အီး...ဟီး...ဟီး"

ဖိုးဝ၏စကားက ကျွန်တော့်ရင်ကို နာကျင်မွန်းကျပ်သွားစေ၏။ သူပြောသလို တွေးကြည့်ရုံမျှနှင့်ပင် ကျွန်တော့်ဘဝတစ်ခုလုံး အစိတ်စိတ် အမွှာမွှာ ပြိုလဲသွားသလို ခံစားရသည်။

လက်ထဲတွင် ဆုပ်ကိုင်ထားသော မီးခလုတ်ကြိုးက ချော်ပြီး လွတ်ထွက်သွားသည်။

ကျွန်တော်က မီးခလုတ်ကြိုးကို နောက်တစ်ကြိမ်၊ လှမ်းဆွဲဖို့ ကြိုးစားပြန်သည်။ ကြိုးက လွှဲရမ်းနေသောကြောင့် လွတ်သွားပြန်၏။

ထိုစဉ်မှာပင်...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုယ်သည် ဘွားခနဲ ပြန်ပေါ်လာတော့၏။ လှမ်းကြည့်လိုက်တော့ ကျွန်တော့်နံဘေးတွင် ဖိုးဝလည်း ပြိုင်တူပေါ်လာလေပြီ။

"အစ်ကို။ ကျွန်တော်တို့...ကျွန်တော်တို့"

"ငါတို့ ပြန်ပေါ်လာပြီကွ"

နှစ်ယောက်သား ဝမ်းသာအားရဖြင့် ပြိုင်တူအော်ဟစ်လိုက်မိကြသည်။ ပျော်လိုက်သည်မှာ ပြောမပြတတ်အောင်ပင်။

"ဟား...ဟား...ဟား...ဟား"

စိတ်လက်ပေါ့ပါးသွားသောကြောင့်လားမပြောတတ်။ အကြောင်းအရာ မယ်မယ်ရရ မရှိပါဘဲနှင့် နှစ်ယောက်စလုံး အူလှိုက်သည်းလှိုက် ရယ်မောနေမိကြလေတော့သည်။

ပြီးမှ...ကျွန်တော်က ညသန်းခေါင်ကျော်နေပြီဆိုသည်ကို သတိပြန်ရသွားပြီး...

"ဟော့ကောင် တိုးတိုးကွ...တိုးတိုး။ ဖေဖေတို့ နိုးသွားရင် ငါတို့နှစ်ယောက်စလုံးကို ညကြီးအချိန်မတော် ဒီနေရာမှာ ဘာလာလုပ်နေရတာလဲဆိုပြီး အရေခွံဆုတ်နေလိမ့်မယ်။ တော်တော့။ အသံမထွက်နဲ့တော့"

အသံမထွက်နဲ့တော့...ဟု ဆိုကာမှပင် ဖိုးဝက နောက်ထပ်စကားကြောရှည်ဖြစ်အောင် ရှည်သေးသည်။ သူက...

"ဘာဖြစ်လို့ အကြာကြီးနေပြီးမှ ကိုယ်ပြန်ပေါ်လာရတာလဲ မသိဘူးနော်"

ကျွန်တော် ပခုံးတစ်ချက်တွန့်ပြလိုက်ရင်း...

"မသိဘူးလေကွာ...။ အရင်တစ်ခေါက်ကတော့ ကိုယ်ပျောက်တဲ့အချိန်က ခဏလေးပဲဥစ္စာ။ ချက်ချင်းပြန်ပေါ်လာတာပေါ့။ အခုတစ်ခါကျတော့ ကိုယ်ပျောက်နေတာ နည်းနည်းကြာသွားတယ် မဟုတ်လား။ အဲဒါကြောင့် မီးခလုတ်ပိတ်လိုက်လိုက်ချင်း ကိုယ်ပြန်ပေါ်မလာတဲ့ အကြော



www.burmeseclassic.com

www.burmeseclassic.com



ကြီးစောင့်ရတာ ဖြစ်မှာပေါ့"

ဖိုးဝက တစ်စုံတစ်ရာကို စဉ်းစားသလို မှိုင်တွေနေပြီး...

"ဒါဆို...ကျွန်တော်တို့ ကိုယ်ပျောက်နေတဲ့အချိန်ကြာလေလေ ပြန်ပေါ်လာဖို့ စောင့်ရတဲ့အချိန်ကလည်း ကြာလေလေဖြစ်မှာပေါ့နော်"

"ဒါပေါ့ကွ။ မင်း ဒီအကြောင်းတွေကို ဖေဖေနဲ့ မေမေ့ကို သွားမပြောလိုက်နဲ့နော်။ သိလား...ညီလေး"

"ဘာဖြစ်လို့လဲဟင်...အစ်ကို"

"ပြောပြလိုက်ရင် ဒီမှန်ကြီးကို သူတို့က သိမ်းပစ်လိုက်မှာပေါ့ကွ။ ငါတို့ သုံးလို့ရတော့မှာ မဟုတ်ဘူး"

ကျွန်တော်က ချော့မော့ပြောရင်းနှင့် ဖိုးဝ၏ပခုံးကို အသာအယာ ဖက်ကာ ထပ်ခိုးပေါ်မှ ပြန်ဆင်းခဲ့သည်။ ဖိုးဝက...

"အစ်ကိုက ဒီမှန်ကြီးနဲ့ ကိုယ်ဖျောက်ပြီး ဘာလုပ်ဦးမလို့လဲဟင်။ ကျွန်တော်လည်း ပါမယ်နော်"

"နေစမ်းပါဦးကွာ...မင်းကလည်း။ ငါ့မှာ ဘာအစီအစဉ်မှ မရှိသေးပါဘူး။ လောလောဆယ် ငါက ဇာနည့်ကို ခေါ်ပြမလားလို့ စိတ်ကူးနေတာ"

ပါးစပ်ထဲပေါ်လာသလို ပြောလိုက်ခြင်းဖြစ်သော်လည်း ဇာနည့်ကို ခေါ်လာဖို့ ကျွန်တော် တကယ်စိတ်ကူးရသွားသည်။ ဇာနည်ဆိုသော ငနဲသည် ကောင်မလေးများရှေ့တွင် ဟိတ်ဟန်ထုတ်သလောက် တကယ် တမ်းတွင် သတ္တိမရှိမှန်း ကျွန်တော် သိထား၏။

✦



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ် စနေနေ့ကျမှပင် ဇာနည့်ကို ကျွန်တော်တို့ အိမ်သို့ခေါ်၍ ရတော့သည်။ ထုံးစံအတိုင်း ကျွန်တော့်ညီမဝမ်းကွဲဖြစ်သူ စုန္ဒယ် လာလိမ့်မည်ဟု ပြောပြီး မျှားရခြင်းဖြစ်လေသည်။

ငနဲသားက အိမ်သို့ရောက်လာပြီး နောက်မှ စုန္ဒယ်လာလိမ့်မည် မဟုတ်မှန်း သိသွားသည့်အခါ ပူညံပူညံ လုပ်သေးသည်။ ကျွန်တော့် မေမေကလည်း ဒီနေ့မနက်မှပင် ဆီထမင်းလုပ်ထားရာ သူလာသည်နှင့် အတော်ပင်ဖြစ်သွား၏။

မေမေကျွေးသောဆီထမင်းကို စားပွဲမှာထိုင်ပြီး စားနေရသော် လည်း ကျွန်တော့်စိတ်က မဖြောင့်။ ဒီကောင့်ကို ထပ်ခိုးဆီသို့ခေါ်သွားပြီး ပြချင်လှပြီ။ ဖိုးဝကလည်း စားပွဲတစ်ဖက်စွန်းတွင် ထိုင်ရင်း ကျွန်တော့် လှုပ်ရှားမှုတိုင်းကို မျက်ခြေမပြတ် စောင့်ကြည့်နေ၏။ ထပ်ခိုးပေါ်တက် သည့်အခါ သူ မလိုက်ရမှာစိုးသောကြောင့် ဖြစ်ပေလိမ့်မည်။

အရေးထဲ မေမေက...

"ဟဲ့...ဇာနည်။ နင့်ဆံပင်ပုံစံက တစ်မျိုးပါလား။ ဘယ်လိုညှပ် တာလဲ"

"မြို့ထဲက ဆံပင်ညှပ်ဆိုင်မှာ အန်တီ။ ဘာဖြစ်လို့လဲ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်း...အင်း။ ဘာမှမဖြစ်ပါဘူးကွယ်။ ဒါနဲ့ နင့်အမေကရော ဒီဆံပင်ပုံစံကို ကြည့်ပြီး ဘာပြောသေးလဲ"

ကျွန်တော့်မေမေက ဇာနည့်၏ တစ်ဖက်တို တစ်ဖက်ရှည်ဖြစ်နေသော ဆံပင်ပုံစံကိုကြည့်ရင်း စိတ်လည်းမချမ်းသာ၊ ပြောရမှာလည်း ခက်နေပုံရ၏။

ဇာနည်က မေမေ့သဘောထားကို ရိပ်မိသည်။ ထို့ကြောင့် အနည်းငယ်ရယ်လိုက်ရင်း...

"ကျွန်တော့်မေမေကတော့ ဘာမှသိပ်မပြောပါဘူး အန်တီရယ်"

"အေး...အေး။ ဒါဆိုလည်း ပြီးတာပါပဲ"

မေမေက ခေါင်းတညိတ်ညိတ်လုပ်ရင်း စားပွဲအနီးမှ ခွါပြီး မီးဖိုခန်းဆီသို့ ထွက်သွား၏။

မေမေ မီးဖိုချောင်ထဲ ဝင်သွားသည်နှင့်တပြိုင်နက် ကျွန်တော်က ဇာနည့်ကို...

"လာ...လစ်စို့"

ဟုပြောပြီး အပေါ်ထပ်ဆီသို့ ခပ်မြန်မြန် ပြေးတက်ခဲ့သည်။ ဇာနည်ကလည်း ဘုမသိဘမသိဖြင့် နောက်က ပါလာ၏။ ဖိုးဝကတော့ ပြောစရာပင် မလို။ ကျွန်တော့်ရှေ့က ကြိုပြီး ပြေးတက်သွားနှင့်လေပြီ။

အပေါ်ထပ်သို့ ရောက်သောအခါ ဇာနည်က...

"ဟော့ကောင် တေဇာ။ ဘာများလဲကွ"

ကျွန်တော်က ထပ်ခိုးဆီတက်သည့် လှေကားကို ညွှန်ပြလိုက်ပြီး

"အပေါ်က ထပ်ခိုးလေးထဲမှာ မင်းဝါသနာပါတဲ့ ရှေးဟောင်းပစ္စည်းတွေ ရှိတယ်။ မှတ်တမ်းစာအုပ်အဟောင်းတွေ၊ ပေစာတွေလည်း ရှိတယ်"

ဇာနည်က ကျွန်တော့်ကို မျက်မှောင်ကုတ်ပြီး ကြည့်နေသည်။ သူ သိပ်လိုက်ချင်ပုံ မရပါ။ ဟိုတစ်နေ့က ယုဇနတို့ရှေ့မှာ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်သာ ဟိတ်ဟန်လုပ်ပြီး ပြောခဲ့ခြင်းဖြစ်သော်လည်း ရှေးဟောင်းပစ္စည်းများကို သူ တကယ်စိတ်ဝင်စားသူ မဟုတ်ချေ။

ကျွန်တော်က...

"လာသာ လာပါကွာ။ အပေါ်မှာ မင်း သေချာပေါက်စိတ်ဝင်စားမယ့်ဟာတစ်ခုရှိပါတယ်ကွ"

ပြောပြောဆိုဆိုဖြင့် အတင်းဆွဲခေါ်သောကြောင့် ကျွန်တော့်စကားကို မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် သူ လိုက်ပါလာခဲ့သည်။

ကျွန်တော်တို့ရှေ့မှ ဦးဆောင်ပြီးတက်သွားသူကတော့ ဖိုးဝပင်။ လှေကားထိပ်သို့ အရောက်တွင် သူ့လက်ထဲမှ ဘောလုံးက လွတ်ကျသွား၏။ စိတ်လှုပ်ရှားလွန်းသောကြောင့် ဖြစ်ပေလိမ့်မည်။

ဖိုးဝက ဘောလုံးကို အပြေးကလေး ကုန်းကောက်လိုက်ရာ ဘောလုံးကို မမိဘဲ ချော်လဲပြီး နဖူးနှင့်ကြမ်းပြင် ဆောင့်ကာ ဒိုင်းခနဲမြည်သွား၏။

ဖိုးဝက နဖူးကိုပွတ်ရင်း စပ်ဖြီးဖြီးဖြင့် ကြမ်းပေါ်မှ ကုန်းထလာသည်။ ဇာနည်က ဖိုးဝကိုကြည့်နေရာမှ ကျွန်တော့်ဘက်လှည့်ပြီး...

"ဟော့ကောင် တေဇ။ မင်းညီတစ်ကိုယ်လုံးက ရော်ဘာတွေနဲ့များ လုပ်ထားတာလား မသိဘူး"

"အေး...ဖြစ်နိုင်တယ်။ ဒီကောင့်ဘဝရည်မှန်းချက်က ဘဝမှာ ခဏခဏမှောက်လျက်လဲဖို့ ဖြစ်ချင်ဖြစ်မှာပေါ့။ တစ်နေ့ကို အခါတစ်ရာလောက် ချော်လဲ လဲကျနေတာ တွေ့တာပဲ"

ဖိုးဝက ကျွန်တော်တို့စကားကို နားထောင်ရင်း နှာခေါင်းရှုံ့သည်။ ထို့နောက် လျှို့ဝှက်အခန်းထဲသို့ သူကပင် ဦးဆောင်ပြီး ဝင်သွား၏။

ဇာနည်က အခန်းထဲမှ ကိုယ်လုံးပေါ် ရှေးဟောင်းမှန်ချပ်ကြီးကို တွေ့သောအခါ ခဏမျှ ငေးစိုက်ကြည့်နေပြီးနောက်...

"မင်း ငါ့ကို ပြချင်တယ်ဆိုတာ ဟောဒီမှန်အဟောင်းကြီးလား...



www.burmeseclassic.com

www.burmeseclassic.com



တောဇာ"

"အေးလေကွာ…။ ကြည့်ပါလား…ဒီမှန်ကြီးက စိတ်ဝင်စားစရာ မကောင်းဘူးလား"

ဇာနည်က အူကြောင်ကြောင်မျက်နှာဖြင့် ကျွန်တော့်ဘက် လှည့်ကြည့်ပြီး…

"ဘာမှစိတ်ဝင်စားစရာ မကောင်းဘူး။ မှန်များကွာ…အဆန်း လုပ်လို့"

သူ့စကားကြောင့် ဖိုးဝက တခွီးခွီးရယ်ပြီး သူ့လက်ထဲမှဘောလုံး ကို ကြမ်းပြင်ပေါ် ဘုန်းခနဲ မြည်အောင်ပုတ်ကာ ပြန်ဖမ်းထားလိုက်သည်။

ကျွန်တော်က တမင်အချိန်ဆွဲနေခြင်းဖြစ်၏။ သူ မသိထားသော လျှို့ဝှက်ချက်တစ်ခု ကျွန်တော့်မှာ ရှိနေသည် မဟုတ်လား…။ ဒီအချိန် ကလေးကို တတ်နိုင်သမျှ ကြာအောင် ကျွန်တော် အရသာခံချင်ပါသည်။

ပြီးတော့မှ သူ့ရှေ့တွင် ကျွန်တော် အရှင်လတ်လတ် ရုပ်နေရင်း ကိုယ်ပျောက်သွားသည့်အခါ သူ့မျက်နှာမည်သို့ဖြစ်သွားမည်ကို ကျွန်တော် ကြည့်ချင်ပါသည်။

ဇာနည်က…

"ကဲ…လာပါကွာ။ အပြင်ပြန်ထွက်ရအောင်။ ဒီအခန်းထဲမှာ ပူအိုက်အိုက် ညှီစို့စို့နဲ့။ ငါ ဒေးဗစ်လင်းရဲ့ကား DVD အခွေသစ် ဝယ်ထား တယ်။ အိမ်မှာ သွားကြည့်ရအောင်ကွာ"

"အေး…နောက်တော့ ကြည့်တာပေါ့"

ကျွန်တော်က သူ့စကားကို အလေးမထားသလို ပြုံးစိစိဖြင့် ဖိုးဝဘက်သို့ လှည့်လိုက်ပြီး…

"ဖိုးဝ…ဘယ်လိုလဲ။ ဇာနည့်ကို ငါတို့ရဲ့လျှို့ဝှက်ချက်ကို ပြောပြ လိုက်ရမလား"

ဇာနည်က မျက်မှောင်ကြုတ်လိုက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ဘာ…လျှို့ဝှက်ချက်။ ဟုတ်လား…"

ကျွန်တော်က သူ့အမေးကို ပြန်မဖြေဘဲ ပြုံးရုံသာ ပြုံးနေလိုက်သည်။

သူက အားမလိုအားမရဖြစ်လာဟန်ဖြင့်…

"ဟော့ကောင် တေဇာ…ပြောပါကွ။ ဘာလျှို့ဝှက်ချက်လဲ"

ကျွန်တော်က မှန်ရှေ့တည့်တည့်သို့ လျှောက်သွားပြီး ရပ်လိုက်သည်။ ထို့နောက် သူ့ဘက်သို့ ပြန်လှည့်လိုက်ပြီး…

"ငါ…ကိုယ်ယောင်ဖျောက်တယ်တယ်လို့ပြောရင် မင်း ယုံမှာလား ဇာနည်"

"ဘာ…ကိုယ်ယောင်ဖျောက်တတ်တယ်။ ဟုတ်လား…"

ဇာနည့်အမူအရာက အဓိပ္ပာယ်မရှင်းလင်းသော စကားလုံးတစ်ခုကို ကြားလိုက်ရသလိုမျိုး ဇဝေဇဝါဖြစ်နေ၏။

ကျွန်တော်က…

"အေး…ဟုတ်တယ်။ ကိုယ်ယောင်ဖျောက်တာ။ မင်းရှေ့မှာ ရပ်နေရင်းနဲ့ ငါ့တစ်ကိုယ်လုံး လေထဲမှာ လုံးဝပျောက်သွားစေရမယ်။ ကဲ…ဘယ်လိုလဲ ဇာနည်"

ဇာနည်က ဘာပြန်ပြောရမည်မှန်း မသိ။ မျက်မှောင်ကုတ်ပြီး တော့သာ ကျွန်တော့်ကို စိုက်ကြည့်နေသည်။ သူ့အမူအရာကိုကြည့်ပြီး ဖိုးဝက တဟားဟားအော်ရယ်တော့သည်။

ဖိုးဝရယ်သည်ကိုကြည့်ပြီး ဇာနည်က သူ့အား တမင်နောက်ပြောင်ပြောနေသည်ဟု ထင်သွားပုံရ၏။ သူက စိတ်မရှည်တော့ဟန်ဖြင့်…

"ကဲ…လာပါကွာ။ အပြင်ပြန်ထွက်ရအောင်"

ပြောပြောဆိုဆိုဖြင့် လှည့်ထွက်တော့မည့်ဟန်ပြင်နေသောကြောင့် ကျွန်တော်က သူ့ကို တားလိုက်၏။

"နေဦး…ဇာနည်။ ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်လှည့်အကြည့်တွင် ကျွန်တော်က မီးခလုတ်ကြိုးကို ဆွဲလိုက်၏။

"ဖျောက်"

တစ်ခန်းလုံး လင်းထိန်သွားလေသည်။

"ဟင်"

ဇာနည့်ပါးစပ်က အာမေဋိတ်သံနှင့်အတူ ဟောင်းလောင်းပွင့်ဟလျက်...။ အလန့်တကြားဖြင့် နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်သွား၏။ ထို့နောက်...

"တေဇာ...တေဇာ။ မင်း ဘယ်ရောက်သွားပြီလဲ"

သူ့အမူအရာက ရုတ်ချည်းပင် ရူးသွပ်သွားတော့မည့်လူတစ်ယောက်နှင့် တူနေသည်။ (ကျွန်တော်ကလည်း သူ အဲဒီလိုဖြစ်သွားတာကို ကြည့်ပြီး အရသာခံလိုခြင်းဖြစ်ပါသည်။)

"တေဇာ...တေဇာ။ မင်း...မင်း တကယ်ကိုယ်ပျောက်သွားတာလား"

သူ တုန်လှုပ်ချောက်ချားနေသည်ကို ကြည့်ရင်း ဖိုးဝကတော့ ဦးခေါင်းတစ်ခုလုံး ပြူတ်ထွက်သွားတော့မတတ် အားရပါးရရယ်နေသည်။

ကျွန်တော်က ဇာနည့်အနားသို့ တိုးကပ်သွားလိုက်ပြီး...

"ငါ...မင်းဘေးနားမှာ ရှိပါတယ်ကွ"

ဟု ပြောလိုက်ရာ ဇာနည်က လန့်ဖျပ်သွားပြီး နောက်သို့ သွေးရူးသွေးတန်း ခုန်ကာ ဆုတ်လိုက်သည်။

ဖိုးဝကတော့ ရယ်ပြီးရင်း ရယ်နေလေတော့သည်။ ဇာနည်က မလှုပ်မယှက် ကြက်သေ သေနေရာမှ သတိပြန်ဝင်လာဟန်ဖြင့် ဟိုဟိုဒီဒီ ကြည့်လိုက်ရင်း...

"ဟေ့ကောင် တေဇာ။ မင်း ဘယ်မှာပုန်းနေတာလဲ"

"ငါ...ပုန်းနေတာမဟုတ်ဘူး ဇာနည်။ တကယ် ကိုယ်ပျောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာ''

သူ မယုံပါ။ သူက မှန်ချပ်၏နောက်ကွယ်သို့ အပြေးအလွှား သွားကြည့်သည်။ နောက် နံရံတွေမှာ အံဝှက်တံခါး ရှိမလားဟု လက်ဖြင့် စမ်းပြီး ရှာသည်။ ကျွန်တော်က...

''ဟော့ကောင် ဇာနည်။ လိုက်ရှာမနေနဲ့။ ဒီမှာကြည့်စမ်း...''

ပြောပြောဆိုဆိုဖြင့် ကျွန်တော်က ဖိုးဝ၏လက်ထဲမှ ဘောလုံးကို ဆွဲယူလိုက်သည်။

''ဟင်''

သူ့အမြင်တွင် ဘောလုံးသည် လေထဲ၌ (အောက်သို့ပြုတ်မကျဘဲ) တည်နေသည်ကို တွေ့ရသောကြောင့် မျက်လုံးများ ကျွတ်ထွက်ကျလာတော့မတတ် ပြူးကျယ်သွား၏။

သူ အံ့သြနေစဉ်မှာပင် ကျွန်တော်က သူဝတ်ထားသော တီရှပ်အင်္ကျီအောက်နားစကို ဆတ်ခနဲ ဆွဲလှန်မတင်ပြီး သူ့ခေါင်းပေါ် ပြန်အုပ်လိုက်သည်။

သူက ဝူးဝူးဝါးဝါးဖြင့် ရုန်းရင်းကန်ရင်း...

''ဟော့ကောင် မလုပ်နဲ့တော့ကွာ။ တော်တော့''

သူတကယ် ခွေးပျက်နေပေပြီ။ ကျွန်တော် သူ့ကို ထပ်ပြီး ညှင်းဆဲချင်သေးသော်လည်း ဒီလောက်နှင့်ပင် ရပ်တန့်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်သည်။

ကြာလျှင် ဒီကောင် သွေးပျက်ပြီး ရူးသွားနိုင်သည်။ နောက် တစ်ချက်ကလည်း ထူးဆန်းသောခံစားမှုတစ်မျိုးက ကျွန်တော့်ကို စတင် လွှမ်းခြုံစ ပြုနေပြီဖြစ်၏။

ကျွန်တော့်တစ်ကိုယ်လုံး လေထဲတွင် လွင့်မျောတော့မလို ဖြစ်နေ ပြီး ဦးခေါင်းထဲတွင်လည်း မူးဝေစပြုနေလေပြီ။ ထို့ကြောင့် ကျွန်တော်က

''အေး...အေး။ ငါ ပြန်ပေါ်လာမယ်။ စောင့်ကြည့်နေ''

www.burmeseclassic.com



ဟုပြောပြီး မီးခလုတ်ကြိုးကို ဆွဲပိတ်ရန် ဟန်ပြင်လိုက်သည်။ ထိုစဉ် အမှုမဲ့အမှတ်မဲ့ဖြင့် ကျွန်တော်က မှန်ကို ကျော့မှီလိုက်မိ၏။

"ဟာ..."

စိတ်ထဲမှ လန့်ပြီး အော်လိုက်မိသည်။ ဘာဖြစ်သွားသည် မသိ။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ရှိရှိသမျှအားအင်တွေ ရုတ်ချည်းကုန်ဆုံး နွမ်းခွေသွားသလို ခံစားလိုက်ရသည်။

အထူးသဖြင့် မီးခလုတ်ကြိုးကိုဆွဲရန် ကျွန်တော့်လက်မှာ အင်အားလုံးဝမရှိတော့ချေ။ ထိုစဉ် အထူးဆန်းဆုံး အာရုံခံစားမှုတစ်ခုကို ကျွန်တော် သိလိုက်ရသည်။

ယင်းမှာ ကျွန်တော့်တစ်ကိုယ်လုံးကို မှန်ချပ်ကြီးက သူ့အထဲသို့ စုပ်သွင်းနေခြင်းပင် ဖြစ်လေသည်။

ဘုရားရေ...။ ငါ...ငါ...မှန်ထဲကို ဝင်သွားတော့မှာလား။

ထိတ်လန့်တုန်လှုပ်မှုကြောင့် ရှိရှိသမျှခွန်အားကို ညှစ်ထုတ်ပြီး မီးခလုတ်ကြိုးကို ဆွဲချလိုက်သည်။

တစ်ခန်းလုံး မှောင်အတိကျသွား၏။

"မင်း ဘယ်မှာလဲ တေဇာ။ အခုချိန်ထိ မင်း ပြန်ပေါ်မလာသေး ဘူး"

ဇာနည်၏ စိုးရိမ်တကြီးမေးသံကို ကြားရ၏။ ကျွန်တော်က...

"ခဏစောင့်ဦး...ဇာနည်။ ခဏစောင့်။ ကိုယ်ပျောက်တဲ့အချိန် ကြာသွားရင် ပြန်ပေါ်ဖို့လည်း နည်းနည်းစောင့်ရတယ်။ အဲ...အဲဒါ... ငါ...ငါ ထင်တာပဲလေ"

နောက်ဆုံးဝါကျကို ပြောရာတွင် ယုံကြည်မှုလျော့ပါးနေသည့် လေသံ ပေါ်လွင်နေ၏။ ဟုတ်လည်း ဟုတ်သည်။ ယခုအချိန်ထိ ဒီမှန်နှင့် ပတ်သက်ပြီး ကျွန်တော် ဘာကိုမှ ဂဃနဏ သိသေးသည် မဟုတ်ချေ။

အဲဒါကို ပြန်သတိရပြီး ကျွန်တော်တုန်လှုပ်သွားခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှန်သည် နှစ်ကြိမ်တိတိ ကိုယ်ကို ပြန်ပေါ်စေပြီး သုံးကြိမ်မြောက်တွင် လုံးဝပြန်ပေါ်မလာတော့ဘဲ ပျောက်သွားစေနိုင်သည့် အစွမ်းသတ္တိရှိသည်ဆိုလျှင်ကော…။

ကျွန်တော် ဘာမှ တတ်နိုင်တော့မည် မဟုတ်ချေ။

နောက်ပြီး…ကျွန်တော် ကိုယ်ပျောက်နေစဉ် ဒီမှန်ချပ်ကြီး ကွဲသွားသည် ဆိုပါစို့။ ကျွန်တော် လူ့လောကထဲသို့ ဘယ်သော အခါမှ ပြန်လာခွင့်မရှိတော့ဘဲ ဖြစ်သွားမည် မဟုတ်ပါလား။

အခုနေများ ဖိုးဝ၏လက်ထဲမှ ဘောလုံးက ချော်ထွက်ပြီး မှန်ကို ထိမှန်လိုက်မည်ဆိုလျှင်…။

ဘုရား…ဘုရား…။

တွေးရင်းနှင့် ကျွန်တော် ကျောထဲက စိမ့်ပြီး ကြောက်လာသည်။ ဇာနည်ကလည်း…

"တေဇာ…တေဇာ။ မင်း ဘာလို့ ဒီလောက်တောင် ကြာနေတာလဲ"

"ငါလည်း မသိတော့ဘူး"

ကျွန်တော့်လေသံလည်း ဇာနည့်လောက်ပင် တုန်ယင်နေပေလိမ့်မည်။

ချောက်ချားစိတ်ဖြင့် မှန်မျက်နှာပြင်ကိုသာ ကျွန်တော် စိုက်ကြည့်နေမိသည်။ ထိုစဉ်မှာပင် မှန်ထဲ၌ ကျွန်တော့်မျက်နှာကို ဘွားခနဲ မြင်လိုက်ရ၏။

ကျွန်တော် ပြန်ပေါ်လာလေပြီ။

ဝမ်းသာစိတ်ဖြင့် ကျွန်တော့်တစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးသွားသည်။

"ဟာ…အရမ်းမိုက်တယ်ကွာ။ မင်း…မင်း တကယ်ပဲ ကိုယ်ဖျောက်နိုင်တယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ဇာနည့်ချီးကျူးသံကြောင့် ကျွန်တော်က ပြုံးလိုက်ပြီး…

"ဒါတွေက အသေးအမွှားပါကွာ"

ဟု ပြန်ပြောလိုက်၏။ ပြောသာ ပြောရသည်၊ ကျွန်တော့် တစ်ကိုယ်လုံးတွင် တဆတ်ဆတ်တုန်ယင်နေမှုက မပြေသေး။ ဒူးတွေက လည်း ညွတ်ချင်သလိုလို ဖြစ်နေသည်။ ချွေးတွေလည်း ရွှဲနစ်နေ၏။

ကျွန်တော့်မျက်နှာကတော့ အားတင်းပြီး ပြုံးနေရသည်။ ကျွန်တော့်အပြုံးကို ကြည့်ရင်း ဇာနည့်မျက်လုံးတွေက တစ်ခဏမျှ ကျဉ်း မြောင်းမှုန်မှိုင်းသွားလေသည်။ ထို့နောက် သူက…

"ငါလည်း မင်းလို ကိုယ်ဖျောက်ကြည့်ချင်တယ်ကွာ။ ဘယ်လို လဲ…။ ငါ့ကို စမ်းခွင့်ပေးမှာလား"

သူ့မေးခွန်းကို ပြန်ဖြေရန် ကျွန်တော့်မှာ စကားလုံးမရှိဘဲ ဖြစ်နေ သည်။

တကယ်တမ်းပြောရလျှင် ကျွန်တော် သူ့ကို ပေးမစမ်းချင်။ အမှားအယွင်းတစ်စုံတစ်ခုကြောင့် ဇာနည် ပြန်ပေါ်မလာလျှင် ဘယ်လို လုပ်မည်နည်း။ အပြစ်အားလုံး ကျွန်တော့်ခေါင်းပေါ် ပုံကျမည်။

ဒီကိစ္စကို တာဝန်မယူတာ ကောင်းလိမ့်မည်။

သို့သော်…ငြင်းလိုက်ပြန်လျှင်ကော။ မဖြစ်…။ ဘယ်နည်းနဲ့မျှ မဖြစ်။ ဇာနည့်စိတ်ဓာတ်ကို ကျွန်တော် ကောင်းကောင်းသိသည်။ သူ့ကို လုပ်ခွင့်မပေးလျှင် ကျွန်တော့်ထက် သူက သာသွားမည်ကို မနာလိုသော ကြောင့်ဟု ထင်နေပေလိမ့်မည်။

"တေဇာ။ ငါ့ကိုလည်း တစ်လှည့်ပေးလုပ်လေကွာ"

သူက ထပ်ပြီး အတင်းအကျပ် ပြောနေပြန်သည်။ ထို့ကြောင့် ကျွန်တော်က…

"နေဦးကွ။ ဖိုးဝနဲ့ တိုင်ပင်လိုက်ဦးမယ်။ ဟင်…ဖိုးဝရော"

ထိုအခါကျမှပင် ဖိုးဝကို သတိရသွားပြီး ကျွန်တော့် အလန့်



www.burmeseclassic.com

www.burmeseclassic.com


တကြား ရှာဖွေမိတော့သည်။

"ဖိုးဝရေ…ဖိုးဝ။ မင်း ဘယ်မှာလဲ"

ပြန်ထူးသံ မကြားရ။ သူ ဘယ်ရောက်သွားပြီ မသိ။

"ဖိုးဝရေ…"

တိတ်ဆိတ်နေ၏။

ကျွန်တော် တစ်ခန်းလုံးအနှံ့ လျှောက်သွားပြီး သူ့နာမည်ကို အော်ခေါ်မိသည်။ ဖိုးဝကို အရိပ်အယောင်မျှပင် မတွေ့ရ။

"စောစောကလေးတင် မင်းညီလေးကို ဟောဒီမှာရပ်နေတာ တွေ့ရသေးတယ်။ ဒီမှန်ရှေ့မှာလေ"

မျက်နှာ ဖြူဖတ်ဖြူလျော်ဖြစ်နေသော ဇာနည်က ပြော၏။ ကျွန်တော်က…

"ဖိုးဝရေ…ငါခေါ်နေတာ ကြားလား"

တိတ်ဆိတ်နေ၏။

ကျွန်တော့်ရင်ထဲ၌ လေးလံမှုတစ်ခု ဖိစီးလာသည်။ ကျောက်တုံး ကြီးတစ်တုံးကို မျိုချလိုက်ရသကဲ့သို့ပင် ဖြစ်သည်။

"ဟောဒီမှာတင် ရပ်နေတာ။ ဟောဒီမှန်ရှေ့မှာတင်ပဲကွ"

ဇာနည်က တုန်လှုပ်စွာဖြင့် ထပ်တလဲလဲ ပြောနေသည်။ ကျွန်တော်က မှန်သားမျက်နှာပြင်သို့ လှမ်းကြည့်ရင်း…

"သွားပြီ…မရှိတော့ဘူး။ ဖိုးဝ မရှိတော့ဘူး"

✦✦✦


www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၀)

"ဒါဆို ဖိုးဝလည်း ကိုယ်ပျောက်သွားပြီပေါ့။ ဟုတ်လား"

ဇာနည်က မေးလိုက်သည်။ ကျွန်တော်က...

"ကိုယ်ပျောက်နေရင်လည်း ဘာဖြစ်လို့ ငါခေါ်တာကို ပြန်မထူးရတာလဲ။ ဖိုးဝရေ...ဖိုးဝ။ ငါခေါ်နေတာ ကြားလား"

တုံ့ပြန်သံ လုံးဝထွက်ပေါ်လာခြင်းမရှိ။ ကျွန်တော်က စိတ်မရှည်စွာဖြင့် မှန်ဘောင်ကို လက်ဖြင့် ခတ်ဆတ်ဆတ်ရိုက်ရင်း တီးတိုးဆဲရေးလိုက်မိသည်။

"တောက်...။ တော်တော်ဒုက္ခပေးတဲ့မှန်"

"ဖိုးဝရေ...ဖိုးဝ"

ဇာနည်ကလည်း သူ့လက်ဝါးနှစ်ဖက်ကို ပါးစပ်အနီးတွင်ကာရင်း အော်ခေါ်နေသည်။ ကျွန်တော်ကတော့ ငိုချင်သလိုပင် ဖြစ်လာ၏။

ထိုစဉ် စက္ကူရွက်များ ပွတ်တိုက်သံ တီးတိုးကြားရသည်။ ကျွန်တော် နားစွင့်လိုက်မိ၏။ အသံက ပိုကျယ်လာသလိုပင်...။ [illegible] ရှေ့တွင်ချထားသော စက္ကူပုံများထဲမှ ထွက်ပေါ်လာသောအသံဖြစ်သည်[illegible]

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခန့်မှန်းမိ၏။

ထို့ကြောင့် တံခါးရှေ့တွင် စုပုံထားသော စက္ကူပုံးများရှိရာဆီသို့ ကျွန်တော် အပြေးအလွှားသွားပြီး ငုံ့ကြည့်မိသည်။ အထဲတွင် သတင်းစာ အဟောင်းများသာ ရှိ၏။

သတင်းစာရှုက်တွေကြားမှ ဖိုးဝ ထွက်လာလေမလားဟု အမိပ္ပာယ်ကင်းမဲ့သည့်အတွေးဖြင့် ကျွန်တော် ငုံ့ကြည့်မြဲ ကြည့်နေမိသည်။ ထိုအခိုက်အတန့်မှာပင်…

"ဝါး…ဟား…ဟား"

တံခါးချပ်နောက်မှ ပြုန်းခနဲ ခုန်ထွက်လာသူက… ဖိုးဝ။ ငတိ လေးက ဗိုက်ကိုနှိပ်ကာ ဆောင့်ကြောင့်ထိုင်ပြီး ရယ်နေသည်။

"တောက်…မင်းကွာ"

ကျွန်တော် သူ့ဆံပင်မွေးတွေကို ဆောင့်ဆောင့်ဆွဲပြီး နှုတ်ပစ်ချင် စိတ် ပေါ်လာ၏။ ဖာနည်က ဖိုးဝ၏ပခုံးကို ပုတ်ရင်း…

"မင်းကလည်း…ကြဲ့ကြဲ့ဖန်ဖန် ဆော့စရာ ရှားလို့"

"မင်း…ဒါမျိုး နောက်ထပ်လုပ်ရင် သေပြီသာမှတ်"

ဖိုးဝကတော့ ကျွန်တော့်စကားကို ကြားပုံမပေါ်ချေ။ ဖုန်တသော သောထနေသည့် ကြမ်းပြင်ပေါ်တွင် လူးလိမ့်ရင်း ခွက်ထိုးခွက်လန် ရယ်နေသည်။

ကျွန်တော်က သူ့ကိုကြည့်ရင်း ပိုစိတ်တိုလာသဖြင့်…

"ဟာ…ဒီလောက်တောင် ပြောနေတဲ့ကြားက။ ကဲကွာ…"

ဖိုးဝက ကျွန်တော့်လက်ကို လူးရင်း လိမ့်ရင်းပင် ပါးနပ်စွာ ရှောင်တိမ်းသွားသည်။ ထို့နောက်…

"တာ့…တာ"

ဟု အော်ရင်း အခန်းအပြင်ဘက်သို့ လှစ်ခနဲပြေးထွက်သွား၏။ ရှက်စိတ်၊ ဒေါသစိတ်ဖြင့် ကျွန်တော်က…



www.burmeseclassic.com

www.burmeseclassic.com



"အေး...ငါမိရင်တော့ မင်းသေပြီသာ မှတ်ပေတော့"

ကျွန်တော်က လှို့ဝှက်အခန်းထဲမှ ခုန်ထွက်ရင်း ဖိုးဝ ပြေးဆင်းသွားသည့် ထပ်ခိုးလှေကားဆီ လှမ်းကြည့်လိုက်သည်။

ကျွန်တော် လန့်၍ မအော်မိအောင် မနည်းသတိထားလိုက်ရ၏။

လှေကားထိပ်တွင်ကား...။ ဦးခေါင်းတစ်လုံး...။

✦

www.burmeseclassic.com

www.burmeseclassic.com



ထိုဦးခေါင်းက ကျွန်တော့်ကို စကားလှမ်းပြောသည်။

"ဟဲ့..ဪတေဇာ။ ဘာလုပ်နေတာလဲ"

ထိုဦးခေါင်းကား ယုဇနပင်ဖြစ်သည်။ လှေကားအတိုင်း တရွေ့ရွေ့တက်လာသဖြင့် သူမ၏တစ်ကိုယ်လုံး ပေါ်လာ၏။ သူမ၏နောက်မှ လိုက်ပါလာသူကတော့ ပေရယ်ပင်ဖြစ်သည်။

ယုဇနက ထပ်ခိုးအတိုင်းလျှောက်လာရင်း...

"နင်ရော...ဇာနည်ပါ ဒီအပေါ်မှာရှိတယ်လို့ နင့်အမေက ပြောလိုက်လို့ ငါတို့ တက်လာတာ"

ပေရယ်ကတော့ ဖုန်တသောသောထနေသည့် စာအုပ်ဟောင်းများ၊ ပေရွက်ဟောင်းများကို ကိုင်ကြည့်ရင်း...

"ခုနက 'ဖိုးဝပြေးဆင်းသွားတာ တွေ့လိုက်တယ်။ ဘာဖြစ်ကြတာလဲ"

"ဘာမှမဖြစ်ပါဘူးဟာ...။ အလကားပါ"

ကျွန်တော်က ပြီးပြီးပျောက်ပျောက် ပြောလိုက်၏။ ကျွန်တော့်စကားအဆုံးတွင်...

"ဟဲ...ဟဲ...ဟဲ"

ရယ်သံနှင့်အတူ လှေကားထပ်တွင် ပြန်ပေါ်လာသူက...ဖိုးဝ။ ကျွန်တော် သူ့ကို အံကြိတ်ပြရုံအပြင် ဘာမှမတတ်နိုင်။ ဖိုးကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



သည် ဘယ်တော့မှ အမှတ်သည်းခြေ ရှိမည့်ပုံ မပေါ်ပါ။

ယုဇနက...

"တေဇာ...ဟိုမှန်ချပ်ကြီးရော"

ဟု မေးရင်း...

"ပြီးခဲ့တဲ့တစ်ခေါက်တုန်းက ဇာနည်သာ စောစောမပြန်သွားခဲ့ရင် ကောင်းမှာပဲနော်။ အဲဒီမှန်ကြီးကြောင့် ငါနဲ့ ပေရယ် မျက်စိအမြင်မှားတာ ဟုတ်မဟုတ် ငြင်းလိုက်ရတာ မပြောပါနဲ့တော့"

ကျွန်တော်က အတတ်နိုင်ဆုံး လေသံကို ထိန်းပြီး ပြောလိုက်သည်။

"မျက်စိအမြင်မှားတာ မဟုတ်ဘူး"

"ဘာ...ဘာပြောတယ်"

ပေရယ်နှင့်ယုဇနတို့နှစ်ယောက်စလုံးက ကျွန်တော့်အနီးသို့ ခြေတစ်လှမ်းစီ တိုးလာကြ၏။ ကျွန်တော်က...

"ဟုတ်တယ်။ အဲဒီမှန်ကြီးမှာ ထူးဆန်းတဲ့ လျှို့ဝှက်တန်ခိုးတစ်ခုခု ရှိနေတာတော့ အမှန်ပဲ။ အဲဒီမှန်က ကိုယ်ပျောက်သွားစေနိုင်တဲ့ အစွမ်းသတ္တိရှိတယ်"

ယုဇနက ကျွန်တော့်ကို ငေးစိုက်ကြည့်နေသည်။ ပေရယ်ကတော့...

"မဖြစ်နိုင်တာပဲ။ ဒါဟာ မျက်လှည့်ပြတဲ့နေရာမှာသုံးတဲ့ ကိရိယာတစ်မျိုးမျိုးကော မဖြစ်နိုင်ဘူးလား။ မှန်ရဲ့ထိပ်မှာထားတဲ့ မီးလုံးက အလင်းရောင် စူးလွန်းတယ်လေ။ ပြီးတော့ အဲဒီအလင်းက မှန်ထဲကနေ ရောင်ပြန်ဟပ်လိုက်တော့ မျက်စိအမြင်မှား..."

"အမြင်မှားတာ မဟုတ်ဘူး ပေရယ်။ တကယ် ကိုယ်ပျောက်တာ"

ကျွန်တော်က ခပ်ဆတ်ဆတ် ပြောလိုက်သည်။ ယုဇနက



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ် မျက်မှောင်ကြုတ်ရင်း...

"ဒါဆို ငါတို့ကို လက်တွေ့ပြလေ..."

"ဟုတ်တယ် အစ်ကို။ မမယုတို့ကို လက်တွေ့ပြလိုက်စမ်းပါ။ ဒီတစ်ခါ ကျွန်တော့်အလှည့်။ ကြည့်...ကြည့်။ ကျွန်တော် ကိုယ်ယောင်ဖျောက်ပြမယ်"

ပြောပြောဆိုဆိုနှင့် ဖိုးဝက မှန်ချပ်ရှိရာ လျှို့ဝှက်အခန်းထဲသို့ ပြေးဝင်တော့မည့်ဟန်ပြင်နေသောကြောင့် ကျွန်တော်က ဖမ်းဆွဲထားလိုက်ရ၏။

"ဟေ့ကောင်၊ မင်း မလုပ်မရဘူး"

"ကလေးကို မလုပ်ခိုင်းပါနဲ့။ ငါကိုယ်တိုင်ပဲ စမ်းသပ်ချင်တယ်"

ဟု ယုဇနက ပြော၏။ ကျွန်တော်က တစ်စုံတစ်ခုကို သတိရသွားပြီး...

"နေဦး...ဇာနည်ရှိတယ်။ နင်တို့ မယုံရင် သူ့ကို မေးကြည့်။ စောစောက ငါ ကိုယ်ယောင်ဖျောက်ပြတုန်းက သူကိုယ်တိုင် လက်တွေ့မြင်တာ။ ဇာနည်ရေ...ဟေ့...ဇာနည်"

ကျွန်တော်က လှမ်းအော်ခေါ်လိုက်သည်။ ဇာနည်ကတော့ လျှို့ဝှက်အခန်းထဲမှ ထွက်မလာ။ ယုဇနက...

"ဇာနည် ဘယ်မှာလဲ"

သူမ၏မေးခွန်း မဖြေဘဲ ကျွန်တော်က လျှို့ဝှက်အခန်းထဲသို့ လှမ်းဝင်လိုက်သည်။

ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွား၏။

မှန်ချပ်ကြီး၏ ထိပ်တည့်တည့်မှ မီးလုံးက တောက်ပစူးရှစွာ လင်းလက်နေသည်။

ဇာနည့်ကိုကား ဘယ်နေရာမှာမှ မမြင်ရတော့ပြီ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၁)

ကျွန်တော်က စကားတစ်ခွန်းမှပင် မပြောနိုင်တော့ဘဲ အံ့သြစိတ်ဖြင့် မှင်သက်မိနေသည်။ ဖိုးဝကတော့ သဘောကျစွာ ရယ်မောရင်း...

"ကိုဇာနည်လည်း ကိုယ်ပျောက်သွားပြီ"

ဟု ယုဇနနှင့် ပေရယ်တို့ကို ပြောပြနေသည်။ ကျွန်တော်က စိတ်တိုတိုဖြင့်...

"ဟော့ကောင် ဇာနည်။ မင်း ဘယ်ရောက်နေပြီလဲ"

ထိုစဉ် ဖိုးဝ၏လက်ထဲမှ ဘောလုံးသည် ဆတ်ခနဲ လွတ်ထွက်ကာ လေထဲတွင် ကန့်လန့်ဖြတ် ရွေ့လျားသွား၏။

"ကျွန်တော့်ဟာ ပြန်ပေး။ ကျွန်တော့်ဟာ ပြန်ပေး"

ဖိုးဝက အော်ဟစ်ရင်း ဘောလုံးကို လိုက်လု၏။ သို့ရာတွင် ကျွန်တော်တို့မမြင်ရသော ဇာနည်၏လက်များက ဘောလုံးကို ကိုင်ရင်း အခန်းတွင်း၌ ဟိုမှသည်သို့ လူးလားခေါက်တုံ့ ရှောင်ပြေးနေသည်။

ပေရယ်နှင့် ယုဇနတို့ကား ပါးစပ်အဟောင်းသားပွင့်ကာ မျက် ဘောလုံးကို တစ္ဆေသရဲတစ်ကောင်လို လိုက်ကြည့်နေသည်။

သူတို့၏မျက်လုံးထဲတွင်ကား ဘောလုံးသည် လေထဲမှ ပြုတ်မကျ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ လူးလာခေါက်တုံ့ လျှောက်သွားနေသည်ဟု မြင်ရပေမည်။

ထိုစဉ် ဇာနည်က ပေရယ်၏အနားတွင် ရပ်ပြီး…

"ဟိတ်"

"အောင်မလေး"

သူ့မအနီးမှ လူကိုမမြင်ရဘဲ အသံထွက်လာသဖြင့် ပေရယ်က လန့်အော်ပြီး ယုဇန၏လက်မောင်းကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။

ကျွန်တော်က…

"ဟော့ကောင် ဇာနည်။ လျှောက်ပြီး နောက်မနေနဲ့။ မင်း ကိုယ်ယောင်ဖျောက်နေတာ ဘယ်လောက်ကြာသွားပြီလဲ"

"ဘယ်သိမလဲကွ"

အသံနှင့်အတူ ဘောလုံးက ဖိုးဝ၏လက်ထဲသို့ ပြန်ရောက်သွားသည်။ ကျွန်တော်က ထပ်ပြီး မေးလိုက်သည်။

"ဟော့ကောင်…အရေးကြီးလို့ မေးနေတာ။ မင်း ကိုယ်ယောင်ဖျောက်တာ ဘယ်လောက်ကြာပြီလဲ"

"ငါးမိနစ်လောက်တော့ ရှိပြီထင်တယ်။ ဖိုးဝနောက်ကို လိုက်ဖို့ အခန်းထဲကနေ မင်း ထွက်သွားကတည်းက ဆိုပါတော့။ ငါလည်း မင်းလုပ်သလို မီးခလုတ်ကြိုးကို ဆွဲဖွင့်ကြည့်လိုက်တာ ကိုယ်ပျောက်သွားတော့တာပဲ။ အပြင်မှာ မင်း ပေရယ်တို့နဲ့ စကားပြောနေတာလည်း ငါ ကြားတယ်"

"ဘာ…။ အဲဒီတစ်ချိန်လုံး မင်း ကိုယ်ပျောက်နေတာပေါ့။ ဟုတ်လား…"

ဘာကိုမှန်းမသိ၊ ကျွန်တော် စိုးရိမ်နေမိသည်။ဇာနည်ကတော့…

"အေးပေါ့ကွ။ အဲဒါ…ဘာဖြစ်လဲ။ နေလို့တောင် ပိုကောင်းနေသေးတယ်။ အဲ…ငါ…ငါ့စိတ်ထဲမှာ ပျော်နေသလိုပဲ"

သို့သော် သူ့လေသံက တစ်မျိုးဖြစ်နေသည်ဟု ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ထင်သည်။ ယုဇနေက...

"ပျော်တယ်...ဟုတ်လား။ ဘယ်လိုပျော်တာလဲ"

ဇာနည်က မသဲမကွဲအသံဖြင့်...

"တစ်မျိုးကြီးပဲဟာ။ ငါလည်း မပြောတတ်ဘူး။ ဟို...ဘာခေါ် မလဲ...ရှန်ပိန်သောက်ပြီး မူးရသလိုမျိုး။ ရီဝေ ရီဝေနဲ့။ စိတ်ထဲမှာ ပေါ့ပါးပြီး ပျော်နေတယ်။ ဟော...ဟော...ငါ ဘာဖြစ်တာလဲ မသိဘူး"

"ဇာနည်...ဇာနည်။ မင်း ဘာဖြစ်နေပြီလဲ"

ကျွန်တော်က စိုးရိမ်ပူပန်စွာဖြင့် အော်ဟစ်မေးမိလျက်သား ဖြစ်သွားသည်။ ဇာနည်က...

"ငါ့တစ်ကိုယ်လုံး မှိန်ပြီး ဝါးတားတားဖြစ်လာသလိုပဲ။ ဟိုဒင်း... ရုပ်ရှင်ပြကွက်တစ်ခု မှိန်ပြီး ပျောက်သွားတော့မယ့်ပုံစံမျိုး။ ငါ...ငါ... မင်းတို့နဲ့ တဖြည်းဖြည်း ဝေး...ဝေး...သွား"

"ငါ မင်းကို ပြန်ပေါ်လာအောင် လုပ်ပေးမယ်"

ကျွန်တော်က အော်ဟစ်၍ ပြောလိုက်သည်။ မီးခလုတ်ကြိုး ရှိရာဆီသို့ တဟုန်ထိုးပြေးသွားကာ ကြိုးကို ဆွဲ၍ မီးလုံးကို ပိတ်လိုက် သည်။

တစ်ခန်းလုံး မှောင်အတိကျသွားသည်။

"ဘယ်မှာလဲဟင်...သူဘယ်မှာလဲ။ ခုထိလည်း သူ ပြန်မပေါ် လာသေးဘူး"

ပေရယ်၏အမေးကို ကျွန်တော်က...

"ခဏတော့ စောင့်ရလိမ့်ဦးမယ်"

"ဘယ်လောက်ကြာမှာလဲ"

"ဒါတော့ ငါလည်း မသိဘူး"

ထိုစဉ်မှာပင် ချောက်ချားတုန်ယင်နေသော ဇာနည့်အသံက ကျွန်တော့်နံဘေးမှ ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ…ငါ ဘာလို့ ပြန်ပေါ်မလာသေးတာလဲ ဟင်"

"မကြောက်ပါနဲ့ ဇာနည်ရာ။ မင်း ကိုယ်ဖျောက်တာ တော်တော် ကြာသွားတာကိုး။ ပြန်ပေါ်လာဖို့ နည်းနည်းတော့ စောင့်ရမှာပေါ့"

ကျွန်တော်က ကိုယ့်စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းရင်း ပြောလိုက်သည်။ သို့သော် ဇာနည်ကတော့ ငိုသံပါကြီးနှင့်…

"မင်းတုန်းကဆိုရင် ဒီအချိန်လောက်မှာ ပြန်ပေါ်လာတာပဲ။ ငါကျတော့…"

"စိတ်အေးအေးထားပါ ဇာနည်ရာ…"

ကျွန်တော်က အားပေးရုံအပြင် ဘာမှမတတ်နိုင်။ ပေရယ်က တော့…

"ကြောက်စရာကြီးပဲနော်…။ ဘုရား…ဘုရား"

"စိတ်ရှည်ရမှာပေါ့။ အရာရာတိုင်းဟာ စိတ်ရှည်ရမှာပေါ့"

ဟုသာ ကျွန်တော်က ထပ်တလဲလဲ ပြောနေမိသည်။ ယုဇနက

"ဇာနည်…နင် ဘယ်လိုခံစားနေရသလဲ"

"ထူးဆန်းတယ်။ ငါ…ငါ ဘယ်တော့မှ ပြန်မလာရတော့ဘူး ထင်တယ်"

သူ့အသံက ဝမ်းနည်းကြေကွဲစွာ ချောက်ကပ်နေ၏။

"ဟော့ကောင် ဇာနည်။ မင်း…အဲဒီလိုကြီးတော့ မပြောပါနဲ့ကွာ"

"ငါ တကယ် အဲဒီလို ခံစားနေရတာ"

တိတ်ဆိတ်ခြင်းထဲတွင် ကျွန်တော်တို့အားလုံး ရပ်တန့်နေမိကြ သည်။

ကျွန်တော်တို့ စောင့်နေသည်။

စောင့်နေရုံမှတစ်ပါး ဘာမှ မရှိတော့ပြီ။

ကျွန်တော့်ဘဝတွင် တစ်ခါမှ ဒီလောက်မကြောက်ဖူးချေ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၂)

"တေဇာ...တစ်ခုခုတော့ လုပ်ပါကွာ။ ငါ့အတွက် မင်း တစ်ခုခု လုပ်ပေးလို့ မရနိုင်တော့ဘူးလား"

ဇာနည်က သနားစရာကောင်းလောက်အောင် တောင်းပန်နေသည်။ ကျွန်တော် ဘာမှ ပြန်မပြောနိုင်။

"မေမေ့ကို သွားခေါ်လိုက်မယ်"

ဖိုးဝက ပြောပြောဆိုဆိုဖြင့် ဘောလုံးကို လွှတ်ချပြီး အခန်းအပြင်ဘက်သို့ ပြေးထွက်မည့်ဟန်ပြင်လိုက်ရာ ကျွန်တော်က အင်္ကျီကော်လာစကို လှမ်းဆွဲထားလိုက်ပြီး...

"မေမေ့ကို သွားခေါ်တော့ရော ဘာလုပ်လို့ ရမှာလဲ"

"တစ်ယောက်ယောက်ကိုတော့ ပြောမှ ဖြစ်တော့မယ်ထင်တယ်။ ကျွန်တော် ကြောက်တယ် အစ်ကို"

အဲဒီအချိန်မှာပင်...

"ဟေး"

အော်သံနှင့်အတူ ဇာနည့်တစ်ကိုယ်လုံး ဘွားခနဲ ပြန်ပေါ်လာသည်။ စိတ်သက်သာရာ ရသွားဟန်ဖြင့် မှုတ်ထုတ်လိုက်သည့် ပင့်သက်



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်သံက ကျယ်လောင်လှ၏။

"ဝေး...ဟေး...ဟေး"

ယုဇနကလည်း ဝမ်းသာအားရဖြင့် လက်ခုပ်လက်ဝါးတီးနေသည်။ ကျွန်တော်တို့အားလုံး ဇာနည်၏ ပတ်ပတ်လည်တွင် ဝိုင်းအုံမိကြ၏။

"ဇာနည်...ဇာနည်။ မင်း ဘယ်လိုနေသေးလဲ"

ကျွန်တော်က သူ့ပခုံးကို ကိုင်လှုပ်ရင်း မေးလိုက်သည်။ ဇာနည်က စပ်ဖြီးဖြီးဖြင့်...

"ငါပြန်ရောက်လာပြီလေကွာ...။ ဟဲ...ဟဲ...ဟဲ။ ဒါပဲပေါ့"

"ကြောက်စရာကြီးပဲ။ တကယ့်ကို ကြောက်စရာကြီးပဲနော်"

ဟု ပေရယ်က ရေရွတ်လိုက်သည်။

ဇာနည်က သူမ၏မျက်နှာကို မထိတရိကြည့်လိုက်ရင်း...

"ငါကတော့ မကြောက်ပါဘူး။ ဘာကြောက်စရာရှိလဲ"

ထိုခဏတွင် အဲဒီငနဲ၏ နှာခေါင်းရိုးကို ကျွန်တော် လက်သီးဖြင့် ပိတ်ထိုးပစ်ချင်စိတ် ပေါ်သွားသည်။

ဟင်း...စောစောကတော့ သူပဲ ငါ့ကို့ တစ်ခုခု လုပ်ပါဦးလေး...ဘာလေးနဲ့။ ငိုတော့မလို တောင်းပန်နေပြီးတော့။

ယခု ဇာနည်ကား စောစောက ဇာနည် မဟုတ်တော့ပေ။ ယခု ကျွန်တော်တို့မြင်နေရသောဇာနည်သည် အလွန်တရာမှ သတ္တိပြောင်မြောက်သော၊ မိမိကိုယ် မိမိ ယုံကြည်မှုအပြည့်ရှိသော၊ ပြဿနာအားလုံးကို တည်ငြိမ်အေးဆေးစွာ ဖြေရှင်းပေးလိုက်နိုင်သော၊ ရုပ်တု ထုပြီး ကိုးကွယ်ရလောက်အောင် ကြည်ညိုလေးစားဖွယ်ကောင်းသော ရောမသူရဲကောင်းကြီးတစ်ယောက်၏ အိုက်တင်မျိုး ဖြစ်နေလေသည်။

ဟယ်လေး ကောင်မလေးတွေရှေ့မှာ အဲဒီလို အိုက်တင်ပေးတတ်သောသူ့အကျင့်ကို ကျွန်တော် စိတ်အပျက်ဆုံးဖြစ်၏။ သူက...



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းမိုက်တယ်ကွာ။ လာမယ့် တနင်္လာနေ့ကျရင် ကျောင်းကို ကိုယ်ယောင်ဖျောက်ပြီး သွားရမယ်။ ပြီးရင်...မိန်းကလေးအဆောင်ပေါ် ကို တိတ်တိတ်ကလေးတက်သွားပြီး ချောင်းကြည့်..."

"အယုတ်တမာကောင်"

ဇတ်ဇတ်ကြဲဖြစ်သော ယုဇနက ဇာနည့်ကို ပြန်အော်သည်။ ကျွန်တော်က သူတို့နှစ်ယောက်ပြောနေသည်ကို ဂရုမစိုက်အားဘဲ...

"ဟေ့ကောင် ဇာနည်။ မင်း နေလို့ကောင်းတာ သေချာတယ် နော်။ စောစောကတော့ မင်းအသံက သေမလို ကြောက်လန့်နေပြီး တော့..."

"အလကားပါ...။ ငါက ကြောက်ချင်ယောင် ဆောင်ပြီးတော့ မင်းတို့ကို သက်သက်နောက်နေတာ"

ကြည့်စမ်း...ဘယ်လောက်တောင် မျက်နှာကို ဖြတ်ရိုက်ချင်စရာ ကောင်းတဲ့ အကောင်လဲလို့။

စောစောက မီးခလုတ်ပြန်ပိတ်ပေးခဲ့မိသည်ကို ကျွန်တော့် ဘာသာ နောင်တရနေမိသည်။ ကျွန်တော်က စိတ်တိုတိုဖြင့် သူ့ပခုံးကို ကိုင်၍ လှုပ်ယမ်းလိုက်ရင်း...

"ဟေ့ကောင်...သေချာတယ်နော်။ မင်း မကြောက်ဘူးဆိုတာ တကယ်လား။ အရေးကြီးလို့ ငါမေးနေရတာကွ"

ကျွန်တော်က သူ့မျက်လုံးများထဲသို့ စိုက်ကြည့်လိုက်သည်။ ထိုအခါကျမှပင် ဇာနည်က လေသံလျော့သွားပြီး...

"စစချင်းတော့ ရင်ထဲမှာ နည်းနည်းထိတ်သွားတာပေါ့ကွာ။ ငါ့ကို မမြင်နိုင်တဲ့ အားတစ်ခုခုက ဟောဒီအခန်းထဲကနေ ဟိုး...အဝေး ကြီးတစ်နေရာရာကို ဆွဲခေါ်သွားနေသလိုမျိုးပဲ။ ကြာလာလေလေ... မင်းတို့နဲ့ ဝေးဝေးသွားသလို ခံစားရတယ်"

"ဒါနဲ့များကွာ...ကြောက်ရင် ကြောက်တယ်ပြော"

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် သူ့မျက်လုံးများက ရုတ်တရက် ကျဉ်းမြောင်းမှုန်မှိုင်းသွားကြပြီး...

"ဘာကြောက်ရမှာလဲ။ ဒီမှာ မင်းသိထားဖို့က ငါ ကိုယ်ဖျောက်တဲ့အချိန်က မင်းထက် ပိုပြီးတော့ကြာတယ်။ ငါးမိနစ်ထက်တော့ မလျော့ဘူးကွ။ အားလုံးထဲမှာ ငါက ကိုယ်ပျောက်ချန်ပီယံပဲ"

"ဘာ..."

အရေးထဲ ပြိုင်စရာမရှိ ကြံဖန်ပြိုင်ပြီး ကြွားနေရသေးတယ်ဟု ကျွန်တော် တွေးလိုက်မိသည်။ ယုဇနကလည်း အားကျမခံ လေသံဖြင့်

"အံမယ်။ ဒါ...ငါ့အလုည့် မရောက်သေးလို့ပါနော်။ ငါ ကိုယ်ဖျောက်တဲ့အခါကျရင် နင့်ထက် ပိုပြီးကြာအောင် နေပြမယ်"

"ငါကတော့ ဘယ်တော့မှ ငါ့အလှည့် မရောက်ချင်ဘူး"

ဟု ပေရယ်က ပြောလိုက်သည်။ ဇာနည်က...

"ဟင်း...သတ္တိကလည်း နည်းလိုက်တာ"

ဟု ပေရယ့်ကို မခံချင်အောင် စ,နေသည်။ ကျွန်တော်က ဝင်ပြီး...

"ဟေ့ကောင်တွေ။ ဒါ...မင်းတို့ ပြိုင်စရာကစားနည်း မဟုတ်ဘူး"

"မင်းက ကြောက်လို့လား တေဇာ"

သူ့စကားကြောင့် ကျွန်တော် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွား၏။ ယုဇနနှင့် ပေရယ်တို့ကလည်း ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ကျွန်တော့်စိတ်ထဲတွင် တစ်မျိုးခံစားလိုက်ရ၏။

ဇာနည်က ကျွန်တော့်ပခုံးကို ပုတ်ကာ...

"မင်းကော ငါ့စံချိန်ကို ချိုးနိုင်ပါ့မလား တေဇာ။ နောက်တစ်ခါ ကိုယ်ဖျောက်ရမှာ မင်း မကြောက်ဘူးဆိုရင်ပေါ့လေ။ ဟဲ...ဟဲ"

"ငါ...မကြောက်ဘူးကွ။ ဒါပေမဲ့ ငါထင်တာက..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ…ဟဲ။ မင်း ကြောက်နေပါတယ်ကွာ"

ဇာနည်က ထပ်ပြောပြန်၏။ ထိုစဉ် ဖိုးဝက…

"ကျွန်တော်လည်း မကြောက်ဘူး။ ကျွန်တော်…ကိုဇာနည့် စံချိန်ကို ချိုးပြမယ်။ ကြည့်…ကျွန်တော် ကိုယ်ဖျောက်ပြမယ်"

"နေဦး…။ ဒီတစ်ခါ ငါ တစ်လှည့်လုပ်ဦးမယ်။ နင်တို့အားလုံး အနည်းဆုံး တစ်ခေါက်စီ ကိုယ်ယောင်ဖျောက်ကြည့်ဖူးကြပြီ။ ငါကျတော့ တစ်ခါမှ မလုပ်ရသေးဘူး"

ဟု ယုဇနက ဝင်ပြော၏။ ကျွန်တော်က သက်ပြင်းကိုသာ ချမိတော့သည်။ ထို့နောက် ကျွန်တော်က…

"အိုကေ။ ဒီတစ်ခါ ယုဇနကို အလှည့်ပေးလိုက်။ ပြီးရင် ငါ့ အလှည့်ပေါ့"

"မရဘူး…မရဘူး။ မမယုပြီးရင် ကျွန်တော့်အလှည့်… ကျွန်တော့်အလှည့်…ကျွန်တော့်အလှည့်"

ဖိုးဝက တစာစာအော်နေသဖြင့် သူ့ပါးစပ်ကို ကျွန်တော့် လက်ဖြင့် ပိတ်ထားလိုက်ရသည်။ ထို့နောက် ကျွန်တော်က ခေါင်းကို အသာအယာခါယမ်းလိုက်ရင်း…

"တကယ်တော့ ဒီလိုပြိုင်တယ်ဆိုတာ ရူးကြောင်ကြောင် အလုပ် ပဲ။ ငါတို့ မလုပ်သင့်…"

"ဟဲ…ဟဲ…"

ဇာနည်၏ရယ်သံက အဓိပ္ပာယ်တစ်မျိုး ဆောင်နေသည်။ ယုဇန ၏ မျက်လုံးထဲတွင် ကျွန်တော့်ကို အထင်အမြင်သေးသော အငွေ့အသက် များ ရိပ်ခနဲ စိမ့်ဝင်ပျံ့နှံ့သွားသည်ဟု ခံစားလိုက်ရသည်။

ကျွန်တော်က နှုတ်ခမ်းကို အသာဖိကိုက်လိုက်ပြီး…

"ကောင်းပြီလေ…ပြိုင်ကြတာပေါ့။ အရင်ဆုံး ယုဇန။ ပြီးရင်… ငါ့အလှည့်။ ငါပြီးရင် ဖိုးဝ။ ငါတို့အားလုံး ဇာနည့်စံချိန်ကို ချိုးကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု စိတ်ပေါက်ပေါက်ဖြင့် ပြောလိုက်သည်။ ယုဇနက ချက်ချင်း ပင်လှည့်ပြီး…

"နာရီကော။ ဘယ်သူ့ဆီမှာ လက်ပတ်နာရီ ပါသလဲ။ အချိန်ကို မှတ်ထားရအောင်"

ယုဇနက တကယ်ကို ပြိုင်ဆိုင်ဖို့ အလေးအနက် စိတ်ထက်သန် နေခြင်းဖြစ်သည်။

ဒါတွေအားလုံးကို ကြည့်ပြီး စိတ်မချမ်းမသာဖြစ်နေသူက ဇေရယ် တစ်ယောက်တည်းသာ ရှိ၏။ ယုဇနက…

"ဇေရယ်…။ နင့်မှာ လက်ပတ်နာရီ ပါတယ်မဟုတ်လား။ ငါတို့တစ်ယောက်ချင်းစီ ဘယ်လောက်ကြာသလဲဆိုတာ နင်က အချိန်မှတ်ပေး"

ဇေရယ်က စိတ်မပါတပါဖြင့် ခေါင်းညိတ်ပြလိုက်သည်။

"ကဲ…အဆင်သင့်ဖြစ်ပြီဆိုရင် စလိုက်ကြရအောင်"

ယုဇနက ပြောပြောဆိုဆိုဖြင့် မှန်ရှေ့တည့်တည့်သို့ လျှောက်သွားပြီး ရပ်လိုက်၏။ သူမက မီးခလုတ်ကြိုးကို လက်ဖြင့် လှမ်းကိုင်သည်။ ထို့နောက်…အသက်ကို ဝဝရှူသွင်းပြီး မျက်စိကို မှိတ်လိုက်သည်။

နောက်…မီးခလုတ်ကြိုးကို ဆွဲလိုက်တော့၏။ ဖျောက်ခနဲမြည်သံနှင့်အတူ မီးလင်းသွားပြီး ယုဇနတစ်ကိုယ်လုံး ပျောက်ကွယ်သွားသည်။

"ဟာ…အရမ်းမိုက်တယ်ဟေ့"

ယုဇန၏အသံက လေထဲမှာပင် ရွှင်မြူးစွာ ထွက်ပေါ်လာသည်။

"နင်…နင် ဘယ်လိုခံစားရသလဲဟင်"

ဇေရယ်၏ မတ်ံမရဲမေးသံက နောက်ဘက်အနားဆီမှ ထွက်ပေါ် လာသည်။ ယုဇနက…

"ဘာမှတော့ ထူးထူးခြားခြား မခံစားရဘူးဟ။ နေရာထိုင်ရတာ ပေါ့ပေါ့ပါးပါးဖြစ်နေတယ်။ ဒါလောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆယ့်ငါးစက္ကန့် ရှိသွားပြီ"

ပေရယ်၏ အချိန်မှတ်သံက ခပ်တိုးတိုးထွက်ပေါ်လာ၏။ ယုဇန ကတော့ သီချင်းတစ်ပုဒ်ကို ရွှင်မြူးစွာဖြင့်ပင် လေချွန်နေသည်။

ထို့နောက် အခန်းတစ်ဖက်စွန်းဆီသို့ လမ်းလျှောက်သွားသော ယုဇန၏ခြေသံကို ကြားရ၏။ စာအုပ်စင်မှစာအုပ်များ တစ်အုပ်ပြီးတစ်အုပ် ဖြောက်တက်လာပြီး လေထဲတွင် ရပ်တန့်နေသည်။ ထို့နောက် စာရွက် တွေ တဖျပ်ဖျပ် လှန်လှောကုန်ကြ၏။

"အရမ်းပျော်စရာ ကောင်းတာပဲဟာ။ ငါတော့ မအောင့်နိုင်တော့ ဘူး။ ဒီပုံစံအတိုင်း လမ်းမပေါ်ကို ကိုယ်ပျောက်လျက်သား ဆင်းသွားပြီး လူတွေကို လိုက်ခြောက်လှန့်ချင်တယ်"

"တစ်မိနစ်ရှိသွားပြီ"

ပေရယ်က နံရံကို မှီနေရာမှ မလှုပ်မယှက်ပြောလိုက်၏။ ယုဇန ကတော့ လမ်းလျှောက်တတ်ခါစကလေးငယ်လေးတစ်ယောက်လို ထပ်ခိုး ပေါ်အနှံ့ လျှောက်သွားနေသည်။ သူမကိုယ်သူမလည်း အံ့သြမဆုံး ဖြစ်နေပုံရ၏။

"ငါ တကယ်ကိုယ်ပျောက်သွားတာနော်။ ကြည့်စမ်း...ရုပ်ရှင် ထဲကအတိုင်းပဲ။ အံ့သြစရာ ကောင်းလိုက်တာ"

"သုံးမိနစ်ရှိသွားပြီ"

ယုဇနကတော့ အခန်းထဲတွင် မရပ်မနား လူးလာခေါက်တုန့် လျှောက်နေဆဲ။ လေးမိနစ်ကြာသည်အထိ ယုဇန၏အသံက ရွှန်းရွှန်းဝေ နေဆဲပင် ရှိသေးသည်။

အဲသည်နောက်တွင်ကား သူမ၏လေသံသည် ထူးထူးဆန်းဆန်း ပြောင်းလဲသွား၏။

သူမ၏ စကားသံထဲတွင် တစ်စုံတစ်ရာကို သံသယဖြစ်သလိုလို ကြောက်လန့်သလိုလို...။



www.burmeseclassic.com

www.burmeseclassic.com



"ငါ...ငါ...ဒီလိုနေရတာ မကြိုက်တော့ဘူး။ ဘယ်လိုကြီးမှန်းလဲ မသိဘူး။ တစ်မျိုး...တစ်မျိုးကြီးပဲ"

ဇေပရယ်က နံရံကို မှီနေရာမှ ရှေ့သို့ ဝုန်းခနဲခုန်ထွက်လိုက်ပြီး စိုးရိမ်တကြီးဖြင့်...

"တေဇာ...ပြန်ခေါ်လိုက်။ ယုဇနကို ပြန်ခေါ်လိုက်...မြန်မြန်"

ကျွန်တော်က တွန့်ဆုတ်နေ၏။ ထိုစဉ်မှာပင် ယုဇန၏အသံက နွမ်းနွယ်ဖျော့တော့စွာဖြင့်...

"ဟုတ်တယ်...။ ငါ့ကို ပြန်ခေါ်ပါ"

"ဒါပေမဲ့ နင် ခုထက်ထိ ငါ့စံချိန်ကို မချိုးနိုင်သေးဘူးနော်။ နင် အရှုံးပေးတာ သေချာပြီလား"

ဟု ဇာနည်က အောင်နိုင်သူတစ်ယောက်၏ အသံမျိုးဖြင့် ဝင်ပြောသည်။ ယုဇနက...

"ရှုံး...ရှုံးဟာ။ လုပ်ပါ...ပြန်ခေါ်ပါ။ ငါ နေလို့ မကောင်းတော့ဘူး"

ကျွန်တော်က မှန်ရှေ့သို့ ခြေတစ်လှမ်း တိုးဝင်လိုက်ပြီး မီးခလုတ်ကြိုးကို ဆွဲကာ ပိတ်လိုက်သည်။ မှောင်သွား၏။

ထို့နောက် ကျွန်တော်တို့သည် ယုဇန ပြန်ပေါ်လာမည့်အချိန်ကို ရင်မောစွာဖြင့် စောင့်ရတော့သည်။

"ယုဇန...နင် ဘယ်လိုနေသေးလဲ"

"တစ်မျိုးကြီးပဲ"

ယုဇန၏အသံက ကျွန်တော့်နံဘေးရှိ လေထဲမှ တုန်တုန်ယင်ယင် ထွက်ပေါ်လာသည်။ သူမကိုတော့ မမြင်ကြရသေး။

တစ်မိနစ်...။

နှစ်မိနစ်...။

သုံးမိနစ်...။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မောဖွယ်ကောင်းသော သုံးမိနစ်ကို ဖြတ်သန်းပြီးသည့်အခါ ယုဇနပြန်ပေါ်လာသည်။ ရင်ထဲမှ အပူလုံးကြီး ကျသွားသည့် ပင့်သက်ချသံကို ကျွန်တော်တို့ ကြားရ၏။ ဇာနည်က အလွန်အူမြူးနေသည့် လေသံဖြင့်...

"နင်...ငါ့စံချိန်ကို မချိုးနိုင်ဘူးနော်။ ငါးမိနစ် ပြည့်လုပြည့်ခင်တော့ ရှိပါရဲ့။ ဒါပေမဲ့ စိတ်မခိုင်တော့ အရှုံးပေးသွားရတာပေါ့။ နောက်ဆုံးကျတော့ မိန်းမဟာ မိန်းမပါပဲဟာ"

"ငါ့ကို လာပြီး ရိမနေနဲ့ ဇာနည်"

"ဟဲ...ဟဲ။ နောက်ထပ် ဆယ့်ငါးစက္ကန့်လောက်သာ နင်တောင့်ပြီးခံထားနိုင်မယ်ဆိုရင် ငါ့ကို နိုင်မှာပါ။ ခုတော့...ဟဲ...ဟဲ... စိတ်မကောင်းပါဘူးဟာ"

ယုဇနက တကယ်စိတ်ဆိုးသွားပုံ ပေါ်၏။

"တော်တော့...ဇာနည်။ နင့်ပါးစပ် ပိတ်ထား။ နောက်တစ်ခါကျရင် နင့်ကိုငါ အနိုင်ယူပြမယ်"

"ကျွန်တော့်ကိုတော့ ဘယ်သူမှ မနိုင်စေရဘူး။ ကျွန်တော်က တစ်နေ့လုံးလုံး ကိုယ်ယောင်ဖျောက်ပြီး နေပစ်လိုက်မှာ။ နှစ်ရက်လောက်တောင် နေချင်နေမှာ"

ဖိုးဝက ဝင်ပြောလိုက်သောကြောင့် ကျွန်တော်က မျက်မှောင်ကြုတ်ပြလိုက်ရင်း...

"ဟော့ကောင် ဖိုးဝ။ လျှောက်မလုပ်ရဘူးနော်။ ဒါ...အန္တရာယ်ရှိ..."

"အခု အလှည့်ကျသူကတော့ တေဇာပါခင်ဗျား။ ကဲ...ဘယ်လိုလဲ တေဇာ။ စောစောစီးစီး အရှုံးပေးမယ်ဆိုရင် ပြောနော်။ အချိန်မီသေးတယ်"

"ဘာလို့ အရှုံးပေးရမှာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခပ်ဆတ်ဆတ်ပြောရင်း ယုဇနနှင့်ပေရယ်တို့ဘက်သို့ မျက်လုံးကို တစ်ချက်ဝေ့ကြည့်လိုက်သည်။ ထို့နောက် မှန်ရှေ့သို့ တစ်လှမ်းချင်းလျှောက်သွားပြီး ရပ်လိုက်၏။

တကယ်တမ်းပြောရလျှင် ဒီအလုပ်ကို ကျွန်တော် ထပ်မလုပ်ချင်ပါ။ သို့သော် ယုဇနနှင့် ပေရယ်တို့ရှေ့တွင် သူရဲဘောကြောင်သူ တစ်ယောက်အနေနှင့်လည်း အဖြစ်မခံချင်။

**တစ်ခါတလေမှာ လူတို့သည် ကိုယ်တကယ်မလုပ်ချင်ပါဘဲနှင့် ပတ်ဝန်းကျင်ကြောင့် အရှက်နှင့် ဂုဏ်သိက္ခာ စသော ဘာမှန်းမသိသည့် ပညတ်တို့ကို ကာကွယ်ရန် အသက်နှင့်ဘဝကို စွန့်လွှတ်တတ်ကြပါသလား။** ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ရှေ့ဆက်တိုးဖို့ ဆုံးဖြတ်လိုက်ပြီ။

ကျွန်တော်က ဇာနည့်ကို...

"တစ်ခုတော့ရှိတယ် ဇာနည်။ မင်း ငါ့အသံကို နားစွင့်ထား။ တကယ်လို့ ငါက 'လာမယ်'လို့ ပြောလိုက်တာနဲ့တပြိုင်နက် မင်းက မီးခလုတ်ကြိုးကို အမြန်ဆုံး ဆွဲပိတ်လိုက်ပေတော့။ ဟုတ်ပြီလား"

"အေးပါ...စိတ်ချ။ ငါ့ရဲ့စံချိန် ငါးမိနစ်ကိုသာ ကျော်အောင် ကြိုးစား။ ကဲ...ဘာမှာစရာ ရှိသေးလဲ"

"ဘာမှ မှာစရာ မရှိတော့ဘူး။ ကဲ...ငါသွားပြီ"

ကျွန်တော်က မှန်ထဲတွင် ပေါ်နေသော ကျွန်တော့်ပုံရိပ်ကို လှည့်ကြည့်လိုက်၏။

ကျွန်တော့်မျက်နှာကို ကျွန်တော်ကြည့်ရင်း မသတီစရာကောင်းသော ခံစားမှုတစ်ခုက ရင်ထဲမှာ ပျို့တက်လာသည်။ ဘာကြောင့်မှန်းတော့ မသိ။ တကယ်ပင် မိစ္ဆာဆန်သော ခံစားမှုတစ်ခုဖြစ်လေသည်။

ကျွန်တော်...မီးခလုတ်ကြိုးကို ဆွဲဖွင့်လိုက်သည်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၃)

စူးရှတောက်ပသော အလင်းဖြင့် မှန်ထဲတွင် ကျွန်တော့်နောက်ရှိ အရာဝတ္ထုများ၊ လူများအားလုံးကို မြင်နေရသည်။ အားလုံးက ကျွန်တော် ရပ်နေရာဆီ စိုက်ကြည့်နေကြ၏။

ကျွန်တော့်ပုံရိပ်မှတစ်ပါး သူတို့အားလုံး၏ပုံရိပ်သည် မှန်ထဲတွင် ရှင်းလင်းပြတ်သားစွာ ပေါ်နေလေသည်။

ကျွန်တော်ကကော ဘယ်ရောက်နေပြီနည်း။

သေချာအောင် ကြမ်းပြင်ကို ခြေဖြင့် ဆောင့်နင်းကြည့်သည်။ မှန်ရှေ့မှာပင် ကျွန်တော် ရှိနေသေး၏။ ကျွန်တော့်လက်ယာဘက် လက်မောင်းကို လက်ဝဲဘက်ဖြင့် ဆုပ်ကိုင်ကြည့်လိုက်သည်။ ကျွန်တော့်ခန္ဓာကိုယ်၏ အထိအတွေ့ကို ကောင်းစွာ ရနေသေး၏။

"ဟော့ကောင်တွေ"

ကျွန်တော်က အသံထွက်ပြီး ခေါ်ကြည့်လိုက်သည်။ ကျွန်တော့်အသံသည်လည်း ခါတိုင်းလိုပင် ရှိနေသေးသည်။

ယခုအချိန်အထိတော့ အရာရာတိုင်းသည် ပုံမှန်အတိုင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပျောက်နေရုံမှတစ်ပါး ကျွန်တော် အသက်နှင့်ခန္ဓာ တည်မြဲနေသေးသည်။

ကျွန်တော့်ခန္ဓာကိုယ်ကော ဘာဖြစ်လို့ မမြင်ကြရတော့တာလဲ။ ဒါဟာ မီးလုံးရဲ့ တန်ခိုးသတ္တိကြောင့်လား။

ကျွန်တော်က ဦးခေါင်းအပေါ်တည့်တည့်ရှိ မီးလုံးကို မော့ကြည့်လိုက်သည်။ အလင်းရောင်က စူးလွန်းသောကြောင့် မျက်လုံးတွေ ပြာသွား၏။

ကျွန်တော် မျက်လုံးကို ပြန်မှိတ်လိုက်ရသည်။ မျက်လုံးကို မှိတ်လိုက်သော်လည်း ပိတ်ထားသည့် မျက်ခွံအောက်မှ အမြင်အာရုံထဲတွင် အလင်းရောင်အဝန်းအဝိုင်းက စွဲထင်ကျန်ရစ်နေသေး၏။

အဝါရောင်တောက်ပနေသော အလင်းစက်တစ်ခု၏ ပုံသဏ္ဍာန် အတိုင်းပင်ဖြစ်သည်။

✦



www.burmeseclassic.com

www.burmeseclassic.com



ဒီအလင်းရောင်ကပင်လျှင် ကျွန်တော်တို့၏ ခန္ဓာကိုယ်မှ မော်လီကျူးများကို ကွဲပျက်လွင့်စင်သွားစေခြင်းများလော။ ဒါကြောင့် ကျွန်တော်တို့၏ ခန္ဓာကိုယ်ကြီးတစ်ခုလုံး ပျောက်သွားခြင်းပေလော။

မဖြစ်နိုင်။ မော်လီကျူးတွေ ပြိုကွဲသွားပြီ ဆိုလျှင် ကျွန်တော့်ခြေထောက်ကလည်း ကြမ်းပြင်ကို ထိနိုင် ဆောင့်နိုင်တော့မည် မဟုတ်။ အသွေးနှင့် အသားနှင့် ခန္ဓာကိုယ်ကိုလည်း ထိတွေ့စမ်းသပ်၍ ရတော့မည် မဟုတ်ချေ။

ဒါဆိုလျှင် မှန်ကကော။

ဟောဒီမှန်က ဘယ်လိုတန်ခိုးသတ္တိမျိုးတွေရှိနေသလဲ။ ကျွန်တော့်အတွေးက အောက်ခြေမရှိသော တွင်းနက်ကြီးထဲသို့ ကျသွားသကဲ့သို့ပင်။ အဖြေမဲ့ ဝဂ်ဘာထဲတွင် နစ်မျောသွားသည်။

ကျွန်တော် မည်မျှကြာကြာ နစ်မျောနေမိသည် မသိ။

"လေးမိနစ်နဲ့ စက္ကန့်သုံးဆယ်"

ဟူသော ပေရယ်၏ စကားသံကို ကြားလိုက်မှပင် သတိပြန်ဝင်လာသည်။

"အချိန်တွေက အကုန်မြန်လိုက်တာ"

ဟု ကျွန်တော် ပြောလိုက်မိသည် ထင်၏။ အံ့အားသင့်မတွက်ဘဲ


www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲက တွေးလိုက်မိခြင်းလည်း ဖြစ်နိုင်ပါသည်။)

သည်မျှကြာနေသော်လည်း ကျွန်တော့်အာရုံထဲတွင် တောက်ပသော အဝါရောင်အလင်းစက်ကလေးကို မြင်နေရဆဲပင် ရှိသေးသည်။

ထိုအလင်းရောင်က ကျွန်တော့်တစ်ကိုယ်လုံးပေါ် သွန်းလောင်းချခံလိုက်ရသလို…။

ထိုအလင်းရောင်က ကျွန်တော့်တစ်ကိုယ်လုံးကို လွှမ်းခြုံရစ်ပတ်လိုက်သလို…ထူးဆန်းစွာ ခံစားရသည်။

အလင်းရောင်သည် ကျွန်တော့်ကို ရစ်ပတ်တုပ်နှောင်ကာ ဆွဲခေါ်နေလေပြီ။

"ငါ…ငါ နေရတာ တစ်မျိုးကြီးပဲကွ"

ကျွန်တော့်စကားကို တုံ့ပြန်သံ မကြားရ။

သူတို့အားလုံး ကျွန်တော့်အသံကို မကြားကြရတော့ဘူး ထင်သည်။

ကျွန်တော့်တစ်ကိုယ်လုံး လေထဲတွင် လွင့်ပါတော့မလို စတင်ခံစားရသည်။

ဘုရားရေ…။ ကျွန်တော် တုန်လှုပ်သွားသည်။ ကျွန်တော့်ခန္ဓာကိုယ်ကို ကျွန်တော်ကိုယ်တိုင်ပင် ထိန်းချုပ်၍ မရတော့ပြီ။

ကျွန်တော် အော်ဟစ်လိုက်သည်။

"လာမယ်"

တုံ့ပြန်သံ မကြားရ။ ကျွန်တော်က အသံကုန် ဟစ်၍ အော်လိုက်ပြန်သည်။

"လာမယ် ဇာနည်ရေ။ ငါလာမယ်။ ငါ့အသံကို ကြားလား"

နာရီပေါင်းများစွာ ကြာအောင် စောင့်ဆိုင်းရသည်ဟု ထင်သည်။ ထို့နောက်တွင်မှ…

"ဒိုကေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်သော ဇာနည်၏ အသံတိုးတိုးသဲ့သဲ့လေးကို ကြားရသည်။ ဇာနည့်အသံသည် မိုင်ပေါင်းများစွာ အကွာအဝေးမှ လွင့်ပျံ့လာသလိုမျိုး...။

"ငါလာမယ်...ငါလာမယ်...ဇာနည်"

ကျွန်တော် ထပ်တလဲလဲ အော်ဟစ်နေမိသည်။

"အိုကေ"

ဇာနည်၏ အသံသဲ့သဲ့ကို ကြားရပြန်သည်။

အလင်းရောင်က စူးရှတောက်ပလွန်းနေသည်။ ကျွန်တော့်မျက်စိတွေ ကန်းသွားတော့မည်ဟု ထင်ရ၏။

အဝါရောင်အလင်းများက လှိုင်းလုံးကြီးတွေလို ကျွန်တော့်ကိုယ်ပေါ် ဝုန်းခနဲ ဝုန်းခနဲ ဖုံးလွှမ်းသွားကြသည်။ အလင်းပင်လယ်ကြီးထဲတွင် ကျွန်တော် နစ်မြုပ်သွားရတော့မည်။

"ကြိုးကိုဆွဲလိုက်...ဇာနည်။ မြန်မြန်ဆွဲ"

ကျွန်တော် ငယ်သံပါအောင် အော်ဟစ်နေမိသည်။ (အော်ဟစ်သည်ဟု ကျွန်တော် ထင်နေခြင်းလည်း ဖြစ်နိုင်ပါသည်။ မသေချာတော့ပါ။)

အလင်းရောင်က ကျွန်တော့်ကို တင်းကျပ်သထက် တင်းကျပ်အောင် ရစ်ပတ်ပြီး ဆွဲခေါ်နေလေပြီ။

ကျွန်တော် သိလိုက်ပြီ။

ကျွန်တော်သည် လေထဲတွင် ခုခံနိုင်စွမ်းမဲ့စွာ လွင့်မျောသွားရပေတော့မည်။

ထာဝရ...ထာဝရ...ကျွန်တော် မျောလွင့်သွားရတော့မည်ဖြစ်သည်။

"ဇာနည်...မြန်မြန်ဆွဲ။ မြန်မြန်"

ကျွန်တော် အော်ဟစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ"

ဟုပြောလိုက်သော ဇာနည့်အသံသဲ့သဲ့ကို ကြားလိုက်ရပြီးနောက် မှန်ရှေ့မီးခလုတ်ကြိုးအနီးဆီသို့ တိုးကပ်လာသော ဇာနည့်ကို မြင်ရသည်။

သို့သော် ဇာနည့်ကို ကျွန်တော် ပီပီပြင်ပြင် မမြင်ရတော့ပါ။

ဝိုးတဝါးအရိပ်တစ်ခုအဖြစ်နှင့်သာ မြင်ရတော့သည်။ သူလာနေပုံမှာ နှေးကွေးလေးလံလွန်းသည်ဟု ထင်ရ၏။

အမှောင်ထုဖုံးလွှမ်းသော ကမ္ဘာမြေတစ်ဖက်စွန်းဆီမှ သူလာနေသည်။ (ရုပ်ရှင်ထဲမှ အနှေးပြကွက်တစ်ခု၏ လှုပ်ရှားမှုအတိုင်းပင်ဖြစ်၏)

မြန်မြန်...မြန်မြန်။

ကျွန်တော် စိတ်ထဲမှ ရေရွတ်နေမိသည်။ ကျွန်တော့်တစ်ကိုယ်လုံးသည် ငှက်မွှေးကဲ့သို့ ပေါ့ပါးလွင့်ပျံ့စ ပြုနေလေပြီ။

မီးခလုတ်ကြိုးကို ဆွဲရန် လက်ကို ဖြည်းညှင်းစွာ မြှောက်လိုက်သော ဇာနည့်ပုံရိပ်က ဝိုးတဝါး...။

ဟော...သူ ကြိုးကို ဆွဲလိုက်ပြီ။

"ဟင်...ဘယ်လိုဖြစ်တာပါလိမ့်"

မီးလုံးက ပိတ်မသွားချေ။ စူးရှတောက်ပစွာ လင်းနေဆဲပင်ရှိသေးသည်။

မှန်အနီးသို့ တိုးကပ်လာသော ဇာနည်၏ မျက်နှာကို မြင်လိုက်ရသည်။ ဇာနည့်မျက်နှာက ကြောက်ရွံ့မှုဖြင့် ပုံပျက်ပန်းပျက်ဖြစ်နေ၏။

ချောက်ချားတုန်ယင်နေသည့် ဇာနည့်အသံကို ဟိုး...မိုင်ပေါင်းများစွာအဝေးမှ လာနေသလိုမျိုး သဲ့သဲ့ကြားရသည်။

"တေဇာ...ကြိုး...ကြိုးပြတ်သွားပြီ။ ခလုတ်ပိတ်လို့ မရတော့ဘူး"

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၄)

ဇာနည့်လက်ထဲတွင် ခလုတ်ကြိုးပြတ်စလေးက မြွေအသေတစ်ကောင်နှယ်…။

ကြိုးပြတ်သွားပြီ…။ မီးလုံးကို ပြန်ပိတ်လို့ မရတော့ဘူး…။ သွားပြီ…။

ပေရယ်၏အသံလိုလို အော်ဟစ်သံတစ်ခုကိုလည်း ကြားရသည်။ ကျွန်တော့်အတွက်ကား အရာရာအားလုံးသည် မသဲမကွဲဖြစ်စ ပြုနေပြီ။

ကျွန်တော့် ဦးခေါင်းထက်မှ အလင်းရောင်သည် အဆုံးစွန်ထိ တောက်ပနေပြီလား…မသိတော့…မသိတော့။

ထိုစဉ် ပြေးလာသော အရိပ်တစ်ခုလိုလို မြင်ရသည်။ ထိုအရိပ်ကို ဘယ်သူများလဲဟု ကျွန်တော် ကြိုးစား၍ ကြည့်လိုက်၏။

ယုဇနှ…။

သူမက စာအုပ်ထည့်သောသေတ္တာကြီးတစ်လုံးကို တရွတ်တိုက်ဆွဲလာနေခြင်းဖြစ်သည်။ သေတ္တာနှင့်ကြမ်းပြင်တို့ ပွတ်တိုက်သံက ပုံအဝေးတစ်နေရာဆီမှ ဖြည်းဖြည်းချင်းကူးခတ်လာနေ၏။ ကျွန်တော်က

www.burmeseclassic.com



လက်လွှတ်တော့မည့်ဆဲဆဲဖြစ်နေသော သတိအာရုံကို စုစည်းပြီး ကြည့်လိုက်သည်။

ယုဇနက စာအုပ်သေတ္တာကြီးကို မီးလုံးအောက်တည့်တည့်တွင် နေရာချကာ ထိုသေတ္တာပေါ်တက်ပြီး မီးအုပ်ဆောင်းဆီသို့ မမီမကမ်း လက်လှမ်းနေသည်။

ထိုစဉ်မှာပင် အဝါရောင် အလင်းလှိုင်းလုံးကြီးတစ်လုံးက ကျွန်တော့်ကို ရစ်ပတ်ပြီး နစ်မြှုပ်လိုက်တော့၏။ ကျွန်တော့်ရင်ထဲမှာ လှိုက်ခနဲ လစ်ဟာပြီး ဗလာဖြစ်သွား၏။

အရာရာသည် မှောင်အတိကျသွားသည်။

"ငါ...ငါ မီးခလုတ်ကို ပိတ်လိုက်ပြီ"

ယုဇနက အခြားသူများကို ရှင်းပြနေသည့်အသံ ကြားရ၏။

"မီးအုပ်ဆောင်းအရင်းနားလေးမှာ ကပ်ပြီးတော့ ပြတ်ထွက်သွားတဲ့ကြိုးစရဲ့ အငုတ်ကလေး ကျန်နေတယ်။ အဲဒါကို ငါက တွေ့အောင် ရှာပြီး ဆွဲလိုက်တာဟ"

"တေဇာ...တေဇာ...နင် အဆင်ပြေရဲ့လား"

"အင်း...အဆင်ပြေပါတယ်"

အခုမှပင် အသက်ကို မှန်မှန်ရှူနိုင်တော့သည်။ ကျွန်တော့်စိတ်ထဲတွင် အခုမှပင် လူ့လောကနှင့် ပြန်ပြီး နီးစပ်လာသလို ခံစားရ၏။ ထိုအချိန်တွင် ဇာနည်က...

"ပေရယ်...။ တေဇာကိုယ်ပျောက်တာ ဘယ်လောက်ကြာသလဲ"

"ငါးမိနစ်နဲ့ လေးဆယ့်ရှစ်စက္ကန့်ကြာတယ်။ နေဦး...ငါ တစ်ခု ဆက်ပြောဦးမယ်။ နင်တို့ အခုလိုပြိုင်နေတာဟာ လုံးဝအဓိပ္ပာယ်မရှိဘူး"

ပေရယ်က မျက်နှာ ဖြူဖတ်ဖြူရော်နှင့် ပြောလိုက်သည်။ သို့သော် ဇာနည်က သူမ၏စကား လုံးဝဂရုမစိုက်ဘဲ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာ...ဒါဆို တေဇာက ခြောက်မိနစ်နီးပါးတောင် ကြာတာပေါ့။ ငါ လုံးဝမကျေနပ်ဘူးကွာ"

"ကျွန်တော့်အလှည့်ကျရင် အဲဒီထက်တောင် ပိုပြီးတော့ ကြာအောင် နေပြဦးမှာ"

ဟု ဖိုးဝက ပြောလိုက်သည်။

ထိုအချိန်တွင် ယုဇနကတော့ နောက်ဆုံးအချိန်တွင် ကျွန်တော် ဘယ်လိုခံစားရသလဲ ဆိုသည်ကို မေးမြန်းပြီး အတွေ့အကြုံချင်း ဖလှယ်နေ၏။ ကျွန်တော်က...

"ငါ့ခေါင်းပေါ်က အလင်းရောင်က ကြာလာလေ ပိုပြီး လင်းလေလေ ဖြစ်လာသလိုပဲ"

"နင့်ကို တစ်ခုခုက ဆွဲခေါ်သလိုရော မခံစားရဘူးလား"

"အေး...ငါ့တစ်ကိုယ်လုံး မှိန်သွားပြီး ပျောက်သွားတော့မယ့်အတိုင်းပဲ"

"ဟုတ်တယ် တေဇာ။ ငါလည်း အဲဒီလို စပြီး ခံစားလာရတဲ့ အချိန်မှာ ရပ်လိုက်တာ"

ကျွန်တော်တို့နှစ်ယောက် စကားကောင်းနေကြစဉ် ဇာနည်က ကျွန်တော့်ပခုံးကို လာပုတ်ပြီး...

"မင်းက ငါ့စံချိန်ကို ချိုးလိုက်တာတော့ မှန်တယ်။ ဒါပေမဲ့ ငါ့ကို နောက်တစ်ကြိမ် ထပ်ပြိုင်ခွင့်ပေးရမယ်။ ဒါမှ တရားမှာပေါ့ကွ"

အရေးထဲ သူကတစ်မျိုး။ ဘာမဆို ကိုယ်ကချည်းပဲ အနိုင်ရချင်သောစိတ်ရောဂါတစ်မျိုးများ ဇာနည့်မှာ ရှိနေသလား မပြောတတ်ပါ။ ထိုစဉ် ဖိုးဝက...

"အစ်ကိုတို့ကလည်းဗျာ...။ အစ်ကိုတို့ချည်းပဲ အလှည့် ခဏခဏ ကျနေတော့မှာလား။ အခု ကျွန်တော့်အလှည့်ဗျ"

"ဘယ်သူ့အလှည့်မှ မလုပ်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



တင်းမာကျယ်လောင်နေသောပေရယ်၏အသံကြောင့် ကျွန်တော်တို့အားလုံး လှည့်ကြည့်မိကြသည်။ ဇာနည်ကလည်း စာအုပ်သေတ္တာပေါ်တက်ပြီး သူ့လက်ထဲမှ မီးခလုတ်ကြိုးအပြတ်ကို ငုတ်တိုကျန်ရစ်ခဲ့သောအစရင်းနှင့် ချည်နှောင်ကာ ပြန်ဆက်နေရာမှ လှမ်းကြည့်၏။

ပေရယ်က…

"နင်တို့ ဘယ်သူမှ ထပ်ပြီးတော့ မပြိုင်သင့်တော့ဘူး။ ဒီဥစ္စာဟာ ပြဿနာတက်သွားနိုင်တယ်ဆိုတာ ခုထိ နင်တို့ မရိပ်မိကြသေးဘူးလား"

"ပြဿနာ…ဟုတ်လား။ ဘာပြဿနာလဲ။ ကိုယ်ပျောက်နေတုန်း တစ်ခုခုဖြစ်မယ်ထင်ရင် မီးခလုတ်ကို ဆွဲပြီး ပြန်ပိတ်လိုက်ရုံပေါ့။ ဒီမှာကြည့်…။ မီးခလုတ်ကြိုးကို ငါ ပြန်ဆက်ထားပြီးပြီ။ ထပ်ပြီးပြတ်စရာအကြောင်းမရှိတော့ဘူး။ ကဲ…ဘယ်မှာလဲ ပြဿနာ"

ဇာနည်၏စကားကြောင့် ပေရယ်က ဘာပြန်ပြောရမည်မှန်းမသိဘဲ ခေတ္တမျှ ငေးကြောင်နေသည်။ ထိုတခဏတွင် အားလုံးကတစ်စုံတစ်ရာကို ဝေခွဲဆုံးဖြတ်မရဟန်ဖြင့် တိတ်ဆိတ်နေကြသည်။

ထိုအချိန်တွင် အသံထွက်လာသူက…ဖိုးဝ။

"အိုဗျာ…ပြဿနာတွေ ဘာတွေ ကျွန်တော် ဘာမှမသိဘူး။ ကျွန်တော်သိတာ တစ်ခုပဲရှိတယ်။ အခု…ကျွန်တော့်အလှည့်။ ဒါပဲ"

ဘယ်သူမှ မတားလိုက်နိုင်ခင်မှာတင် ဖိုးဝက သောင့်သောင့်နှင့်လျှောက်သွားပြီး မှန်ရှေ့တွင် ရပ်လိုက်သည်။

မှန်ထဲတွင် ထင်ဟပ်နေသော သူ့ပုံရိပ်ကို ခဏမျှ ကြည့်သည်။ ထို့နောက်…ကြိုးကို ဆွဲရန် လက်လှမ်းလိုက်၏။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၅)

“ဖိုးဝရေ…ဖိုးဝ”

အော်ဟစ်ခေါ်ငင်သံ တစ်ခုကို ကြားလိုက်ရသောကြောင့် ကျွန်တော်တို့အားလုံး၏ လှုပ်ရှားမှုများ တုံ့ခနဲ ရပ်တန့်သွား၏။ ခေါ်နေသူက တခြားမဟုတ်။ ကျွန်တော့်မိခင်၏ အသံပင်ဖြစ်သည်။

မေမေက…

“ဖိုးဝရေ…။ သားအစ်ကိုကြီးနဲ့ သူ့သူငယ်ချင်းတွေကို အောက်ဆင်းခဲ့ဖို့ ပြောလိုက်ဦး။ ဒီမှာ ဘိုးဘိုးနဲ့ဘွားဘွားလည်း ရောက်နေတယ်”

ဖိုးဝ၏မျက်နှာက ညှိုမှောင်စူပုတ်သွားပြီး တုံဏှိဘာဝေ လုပ်နေသောကြောင့် ကျွန်တော်က အမြန်အော်ပြောလိုက်ရ၏။

“ဟုတ်ကဲ့ မေမေ။ သားတို့ အခုပဲ ဆင်းလာခဲ့မယ်”

ဖိုးဝက ပွစိပွစိဖြင့်…

“လုံးဝမတရားဘူး။ ငါ့အလှည့်ရောက်တယ်လို့ကို မရှိသေးဘူး”

ကျွန်တော်က သူ့ဘက်ကိုလှည့်ပြီး ကြိမ်းမောင်းလိုက်ရ၏။

www.burmeseclassic.com



“ဟော့ကောင်…ဖိုးဝ။ ပေကပ်ကပ်လုပ်မနေနဲ့။ မြန်မြန်လာ…။ ငါတို့ကြာနေရင် ဖေဖေနဲ့မေမေက အပေါ်ကို တက်လာပြီး ဒီမှန်ကို တွေ့သွားမှ တကယ့်ပြဿနာ။ လာ…လာ…သွားရအောင်”

ဖိုးဝက အားမတန်၍ မာန်လျှော့ရသည့်လေသံမျိုးဖြင့်…

“ပြီးရော…ပြီးရော။ ဒါပေမဲ့ နောက်တစ်ခါကျရင် ကျွန်တော် အရင်ဆုံးလုပ်မယ်နော်…အစ်ကို”

“အေး…ဖိုးဝပြီးရင် ငါ့အလှည့်ပဲ တဗျာ။ မင်းစံချိန်ကို ငါ ပြန်ချိုးရဦးမယ်”

ဟု ဇာနည်က တစ်စခန်းထနေပြန်၏။ ကျွန်တော်က စိတ်မရှည် နိုင်တော့ဘဲ…

“ကျွတ်…လာကြစမ်းပါကွာ။ ပြောစရာရှိတာ နောက်မှပြော။ မေမေတို့ သံသယဖြစ်သွားလိမ့်မယ်။ လာ…မြန်မြန်”

ထပ်ခိုးပေါ်မှ ဆင်းလာခဲ့ကြရင်း ယုဇနက လေသံတိုးတိုးဖြင့်

“ငါတို့ မနက်ဖြန် ထပ်လာခဲ့မယ်လေ။ အဲဒီအခါကျမှ ထပ်ပြီး ပြိုင်ကြရင် မကောင်းဘူးလား”

ဖေရယ်က မျက်နှာကို သုန်မှုန်ထားရင်း…

“မနက်ဖြန်ကျရင် ငါမအားဘူး”

ကျွန်တော်ကလည်း ခေါင်းကို ခါယမ်းလိုက်သည်။ ထို့နောက်

“ဟုတ်တယ်…။ ငါတို့တစ်အိမ်လုံးလည်း မနက်ဖြန်ကျရင် ပဲခူးကို သွားစရာရှိတယ်။ ညနေ မိုးချုပ်မှ ပြန်ရောက်မှာ”

ကျွန်တော်က ငြင်းလိုက်သည့်တိုင် ဇာနည်က စိတ်မလျှော့သေး ဘဲ…

“သန်ဘက်ခါ အားတယ်လေကွာ။ အဲဒီနေ့ ကျောင်းပိတ်သောပဲ ဦးစွာ”

ကျွန်တော်က သက်ပြင်းကို ချလိုက်ရင်း…

www.burmeseclassic.com



"အေးလေ…။ အဆင်ပြေရင် လုပ်ကြတာပေါ့"

သူတို့ပြန်ခါနီးတွင် ဒီအကြောင်း မည်သူ့ကိုမျှ မပြောရန် ကျွန်တော်က သူတို့ကို နှုတ်ပိတ်လိုက်သည်။

သူငယ်ချင်းများအားလုံး ပြန်သွားသည့်အချိန်တွင် ကျွန်တော့် အဘိုးနှင့်အဘွားက ညစာစားရန် ထမင်းစားပွဲ၌ပင် ထိုင်နေနှင့်ပြီဖြစ်သည်။

"ဘိုးဘိုး နေကောင်းလား။ ဘွားဘွားရော…"

ကျွန်တော်က သူတို့နှစ်ယောက်ကို နှုတ်ဆက်ရင်း အနီးဆုံးခုံတွင် ဝင်ထိုင်လိုက်သည်။

အဘွားက အားအင်မရှိတော့သော သူ့လက်ချောင်းပိန်ပိန် ကလေးများဖြင့် ကျွန်တော့်ပခုံးကို ဖျစ်ညှစ်ဆုပ်နယ်ရင်း စောစောက ပြန်သွားကြသော ကျွန်တော့်သူငယ်ချင်းများ၏အကြောင်းကို စစ်စစ်ပေါက် ပေါက် မေးမြန်းလေတော့သည်။

နောက်ပြီး အဘိုးနှင့်အဘွားနှစ်ယောက်စလုံးက ကျွန်တော့်ကို အပေါင်းအသင်းပေါင်းရာတွင် သတိထားရမည့်အကြောင်း၊ လူကောင်းများ နှင့်သာ ရွေးချယ်ပေါင်းသင်းသင့်ကြောင်း၊ လူမိုက်နှင့် မပေါင်းအပ်ကြောင်း စသည့် ဩဝါဒရှည်ကြီးကို (ယခင့်ယခင်များကလည်း ဒီစကားလုံးများ အတိုင်း သူတို့ ကျွန်တော့်ကို အကြိမ်ပေါင်းများစွာ ထပ်တလဲလဲ ပြောခဲ့ပြီး ဖြစ်သည်) တတွတ်တွတ် ပြောပြန်တော့သည်။

အဘိုးအဘွားတို့၏စိတ်ထဲတွင် သူတို့၏မြေးဖြစ်သော ကျွန်တော် သာလျှင် လောက၌ အဖြူစင် အသန့်ရှင်းဆုံးသော ပကတိအရိုးခံ အပြစ်မဲ့သူကလေးဖြစ်နေပြီး…ကျန်သည့် ကျွန်တော့်အပေါင်းအသင်း မှန်သမျှတို့သည် (ထိုသူတွေကတော့ လူကမွေးတာမဟုတ်ဘဲ ဥကပေါက် လာသည်ဟုများ အဘိုးနှင့်အဘွားက ထင်နေသလားမသိချေ) ကျွန်တော့် ကို မကောင်းမှုလုပ်ရန် ဖြားယောင်းသွေးဆောင်ဖျက်ဆီးနေကြသည်ဟု ယူဆထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဘိုးနှင့်အဘွားတို့၏ ဩဝါဒအရှည်ကြီးကို နားထောင်နေရသည်မှာ မည်မျှကြာသွားသည် မသိ။ ဖေဖေက ထမင်းစားခန်းထဲသို့ ဝင်လာပြီး…

"ကဲ…မြေးအဘိုးတွေ စကားချည်းပဲ ပြောမနေကြနဲ့။ ထမင်းလည်း စားလိုက်ကြဦး။ ဟင်းချိုတွေ အေးကုန်တော့မယ်"

ထိုအခါကျမှပင် ဟင်းပန်းကန်ဆီသို့ ကျွန်တော် စပြီး လက်လှမ်းဖြစ်တော့သည်။ ထိုစဉ် ဖေဖေက…

"သားကြီး။ မင်းညီလေးရော…"

"ဗျာ…ဖိုးဝလား။ စောစောကလေးတင် သားရဲ့နောက်မှာ ရပ်နေသေးတယ်။ ဖိုးဝရေ…ဟေ့ ဖိုးဝ"

မေမေက ဝင်ပြီး…

"သားကြီး ထမင်းစားပွဲမှာ ဟိုအော် ဒီအော် မအော်ရဘူးလေ"

ထို့ကြောင့် ကျွန်တော်က ဖိုးဝကိုရှာရန် ကျွန်တော့်ထိုင်ခုံနေရာမှ ထပြန် ပြင်ဆင်လိုက်စဉ်မှာပင်…

ကျွန်တော်နှင့်ကပ်လျက် ဘေးမှ ဖိုးဝအတွက် ထည့်ထားသော ဟင်းချိုသောက် ပန်းကန်လုံးသည် စားပွဲပေါ်မှ လက်မဝက်ခန့် မြောက်တက်စ ပြုလာ၏။

မလုပ်နဲ့…။

ကျွန်တော့်စိတ်ထဲမှ အသံမထွက်ဘဲ အော်ဟစ်လိုက်သည်။ ကျွန်တော့်လက်ကလည်း ပန်းကန်လုံးကို ဆတ်ခနဲ ပြန်ဖိချလိုက်၏။

ဖိုးဝ ဘာလုပ်နေသည်ကို ကျွန်တော် သိသွားလေပြီ။

မိုက်မဲလိုက်တဲ့ကောင်…။

အမျိုးယုတ်ကလေး…။

ဦးနှောက်မရှိတဲ့ အရူးကလေး…။

ထင်ရာမြင်ရာကို အစဉ်းစား အဆင်ခြင်ဉာဏ်မရှိ ဖွတ်လုပ်တတ်



www.burmeseclassic.com

www.burmeseclassic.com



သော ကျွန်တော့်ညီ ဖိုးဝသည် ကိုယ်ယောင်ဖျောက်ပြီး ဟောဒီ ထမင်းစားပွဲတွင် ထိုင်နေလေပြီ။

ဒီမှာက အဘိုး၊ အဘွား၊ အဖေ၊ အမေ လူကြီးတွေအားလုံး ဝိုင်းထိုင်နေကြသည်ဖြစ်ရာ အနေးနှင့်အမြန်ဆိုသလို သူတို့ ရိပ်မိသွားကြမှာ သေချာသည်။

ဖိုးဝ…ဖိုးဝ…ဖိုးဝ…

ငါ မင်းကို သတိချင်တယ်။

ထိုစဉ် ဖိုးဝအတွက် ချထားပေးသော ဇွန်း၊ ခက်ရင်းအစုံကလည်း နေရာရွေ့စ ပြုပြီ။

ကျွန်တော်က ဇွန်း၊ ခက်ရင်းပေါ် အလျှင်အမြန်အုပ်ပြီး ဖိလိုက်ရာ စားပွဲကို ရိုက်ချလိုက်သလိုမျိုး ဒုန်းခနဲ အသံမြည်သွား၏။

"အပြင်ထွက်သွားစမ်း"

ကျွန်တော်က ဖိုးဝတစ်ယောက်တည်း ကြားသာရုံလောက် အံကိုကြိတ်ပြီး ပြောလိုက်၏။ သို့သော် မေမေက ကြားသွားပြီး…

"ဟင်…ဘာပြောလိုက်တာလဲ သားကြီး"

"အပြင်ထွက်သွားသလား မသိဘူးလို့ ပြောတာပါ မေမေ"

ထိုစဉ်…

သောက်ရေထည့်ထားသော ဖန်ခွက်က အပေါ်သို့ မြောက်တက်စ ပြုနေလေပြီ၊ ကျွန်တော်က ဆတ်ခနဲ ဆီးဖမ်းရင်း ဖန်ခွက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားလိုက်သည်။

ထို့နောက်…ကျွန်တော့်ကို တစ်စုံတစ်ယောက်က စိုက်ကြည့်နေသလို ခံစားလိုက်ရသဖြင့် ဟိုဟိုဒီဒီကြည့်လိုက်ရာ…

ကျွန်တော့်ကို ကြည့်နေသော ဖေဖေ့မျက်လုံးများနှင့် ရင်ဆိုင်လိုက်ရတော့သည်။

ဖေဖေ မြင်သွားလေပြီ။ ဘာတွေဖြစ်နေသည်ကို သူ သိသွား



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီ ထင်သည်။

ဖိုးဝသည် အရာရာကို ဖျက်ဆီးလိုက်ချေပြီတည်း။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၆)

ဖေဖေက စားပွဲဟိုဘက်စွန်းမှနေ၍ ကျွန်တော့်ကို လှမ်းကြည့်နေသည်။ 'သားကြီး...။ ဖိုးဝက ဘာဖြစ်လို့ ကိုယ်ပျောက်နေတာလဲ'ဟု ဖေဖေ့ပါးစပ်က ဖွင့်မေးလာမည့်အချိန်ကို ကျွန်တော် စောင့်နေသည်။

သို့သော် သူက အဲဒီလို မမေးပါ။

"သားကြီး...။ မင်း ဘာဖြစ်လို့ ထမင်းစားပွဲမှာ ပစ္စည်းတွေကို ဆောင့်ကြီးအောင့်ကြီး ကိုင်နေရတာလဲ။ သွား...မင်းညီ ဖိုးဝကို လိုက်ရှာချေ"

ဟင်းခနဲ သက်ပြင်းကြိတ်၍ချသံနှင့်အတူ ကျွန်တော် စိတ်သက်သာရာ ရသွားသည်။

တော်ပါသေးရဲ့။ ဖေဖေ မရိပ်မိသေးလို့။

ထမင်းစားခန်းထဲမှ ကျွန်တော် ကတိုက်ကရိုက်ထွက်လာခဲ့သည်။

"ဖိုးဝ။ မင်း ငါ့နောက် လိုက်ခဲ့စမ်း"

ကျွန်တော်က သူတစ်ယောက်တည်းကြားရုံ တိုးတိုးပြောပြီး အပေါ်ထပ်ဆီသို့ အပြေးအလွှား တက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထပ်ခိုးပေါ်ရှိ လျှို့ဝှက်အခန်းတံခါးရှေ့တွင် ကျွန်တော် ရပ်မိသောအခါ ထင်ထားသည့်အတိုင်း မီးလင်းနေသည်ကို တွေ့ရလေသည်။

"ဖိုးဝ။ မင်း ဘယ်မှာလဲ"

"ကျွန်တော် ဒီမှာ..."

လူကို မမြင်ရသော်လည်း ဖိုးဝ၏အသံက ကျွန်တော့်နောက်ဘက်နားမှ ကပ်လျက် ထွက်ပေါ်လာ၏။ ကျွန်တော်က ဒေါသတကြီးဖြင့်

"မင်း ရူးနေသလား။ အသုံးမကျတဲ့ ပြိုင်ပွဲလုပ်ရင် မင်းဟာ ကမ္ဘာပေါ်မှာ ပထမပဲ။ တောက်...ငါလုပ်လိုက်ရရင် သေတော့မယ်"

ကျွန်တော့်တစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်မတတ် ဒေါသထွက်နေသည့်တိုင် သူကတော့ လေထဲမှနေ၍ တခစ်ခစ်ရယ်နေ၏။

"ရယ်မနေနဲ့။ မင်းကို ငါ သတ်မိလိမ့်မယ်။ မင်းကြောင့် အားလုံး ဒုက္ခရောက်သွားနိုင်တယ်။ နားလည်ရဲ့လား"

ကျွန်တော်က ပြောပြောဆိုဆိုဖြင့် မီးခလုတ်ကြိုးကို ဆွဲပိတ်လိုက်သည်။

ဖိုးဝက...

"အစ်ကို့စိတ်ချိန်ကို ကျွန်တော်ချိုးနိုင်ပြီ သိလား အစ်ကို။ ကျွန်တော် ကိုယ်ဖျောက်တာ အစ်ကို့ထက် ကြာတယ်"

"ဘာ...။ မင်း ကိုယ်ဖျောက်နေတာ ဘယ်လောက်တောင် ကြာသွားပြီလဲ"

"မမယုတို့ ကိုဇာနည်တို့ ပြန်သွားပြီးကတည်းကပဲ"

ကျွန်တော်က စိတ်ပူစွာဖြင့်...

"ဟင်...ဒါဆို ဆယ်မိနစ်လောက်တောင် ရှိပြီပေါ့။ ဟုတ်လား"

"ဟုတ်တယ်လေ။ အဲဒါကြောင့် ပြောတာ။ အစ်ကို့ထက်ရော ကိုဇာနည့်ထက်ကော ကျွန်တော်က ပိုပြီးတော့ ကြာတယ်။ ကိုယ်ဖျောက် ပြိုင်ပွဲမှာ ကျွန်တော် ချန်ပီယံပဲ"

www.burmeseclassic.com



"တောက်...မင်းကွာ"

ကျွန်တော် ဘာပြောရမည်မှန်း မသိတော့။ ယခုအချိန်ထိ ဖိုးဝ ၏ပုံရိပ် ထင်လာခြင်း မရှိသေးသော မှန်သားပြင်ကိုသာ ငေးစိုက်ကြည့်နေမိတော့သည်။

အချိန်တွေကား...တစ်မိနစ်ပြီးတစ်မိနစ် ကုန်လွန်လာသည်။ ဒီတော့မှ ဖိုးဝ လေသံတိုးတိုးလေးဖြင့်...

"အစ်ကို...ဒီလောက်ကြာတဲ့အထိ ဘာဖြစ်လို့ ကျွန်တော် ပြန်ပေါ်မလာသေးတာလဲ မသိဘူးနော်"

ဒင်းကို ကျွန်တော် ဘာမှ ပြောချင်စိတ် မရှိတော့ပါ။ ထိုစဉ်

"သားကြီးရေ...ဖိုးဝရေ...။ မင်းတို့နှစ်ယောက်စလုံး အပေါ်မှာလား"

ဖေဖေ့ခေါ်သံကြောင့် ကျွန်တော်က...

"ဟုတ်ကဲ့ ဖေဖေ။ ခုပဲ ဆင်းလာခဲ့ပါမယ်"

"ဒီလောက်ကြာနေရအောင် အဲဒီအပေါ်မှာ မင်းတို့အတွက် ဘာများ စိတ်ဝင်စားစရာ ရှိလို့လဲ"

ဖေဖေက ထပ်မေးနေသောကြောင့် ကျွန်တော်က...

"စာအုပ်ဟောင်းတွေထဲက ပုံတွေ ကြည့်နေတာပါ ဖေဖေရာ။ ဘာမှ မဟုတ်ပါဘူး"

လှေကားထစ်များအတိုင်း တက်လာသည့် ဖေဖေ့ခြေသံကို ကြားရပြီ။ ကျွန်တော့်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။ ထိုစဉ်မှာပင် ဖိုးဝက ကျွန်တော့်နောက်တွင် ဘွားခနဲ ပေါ်လာ၏။

ဟူး...တော်ပါသေးရဲ့။

ကျွန်တော်တို့နှစ်ယောက် ပြန်ဆင်းလာကြသည်ကို ...တွေ့သော အခါ ဖေဖေက ဘာမှမပြောဘဲ ပြန်လှည့်သွား၏။

ဖိုးဝက ကျွန်တော့်နားသို့ ကပ်ပြီး လေသံတိုးတိုးဖြင့်...

www.burmeseclassic.com



"ဟီဟိ…အရမ်းမိုက်တယ် အစ်ကိုရာ။ တကယ်ပဲ…"

"ကိုယ်ပျောက်တာ နည်းနည်းကြာသွားတဲ့အချိန်မှာ မင်းစိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်မလာဘူးလား…ဖိုးဝ"

"ဟင့်အင်း…မဖြစ်ပါဘူး။ အရမ်းနေလို့ထိုင်လို့ ကောင်းတာပဲ။ ဟီဟိ…ရယ်လည်း ရယ်ရတယ်။ ဟင်းချိုပန်းကန်ကို ကျွန်တော် မ,လိုက်တုန်းက အစ်ကို့မျက်နှာကြီးကလေ…ဟဲဟဲ"

"ဟေ့ကောင် ဖိုးဝ။ ငါပြောတာကို သေသေချာချာနားထောင်စမ်း"

ကျွန်တော်က ဖိုးဝ၏ အကျီကော်လာစကို ဖျစ်ညှစ်ဆောင့်ဆွဲရင်း လေးနက်သည့်လေသံဖြင့် ပြောလိုက်သည်။

"ဒီမှာ…ဖိုးဝ။ နောက်ကို ဘယ်တော့မှ မင်းတစ်ယောက်တည်း ထပ်ခိုးပေါ်တက်ပြီး ကိုယ်ယောင်မဖျောက်ပါဘူးလို့ ငါ့ကို ကတိပေးစမ်း"

"ဟီ…ဟီ…ဟိ"

"ဟေ့ကောင် ကတိပေးစမ်း"

"အင်းပါ…အစ်ကိုရာ၊ အင်းပါ…။ ကတိပေးတယ်"

ကျွန်တော် သူ့မျက်လုံးထဲသို့ စိုက်ကြည့်လိုက်သည်။

✦



www.burmeseclassic.com

www.burmeseclassic.com



အဲသည်ည ဆယ့်တစ်နာရီလောက်တွင် ယုဇနက ကျွန်တော့်ထံသို့ ဖုန်းဆက်သည်။

သူမ၏လေသံက စိတ်လှုပ်ရှားလွန်းနေသည်။ ဖုန်းကို ကိုင်ကိုင်ချင်း ဟဲလိုဟုပင် မပြောနိုင်တော့။

"တေဇာ...ဗုဒ္ဓဟူးနေ့ကျရင် ပြိုင်ပွဲလုပ်ဖြစ်မှာလား"

ကျွန်တော်က ဘာပြန်ပြောရမည်မှန်း မသိ။ ယုဇနက ကျွန်တော့်အဖြေကိုပင် မစောင့်တော့ဘဲ...

"ပေရယ်ကလည်း စမ်းကြည့်ချင်လို့တဲ့"

"ဘာ...ပေရယ်က...ဟုတ်လား"

"အေး...ဟုတ်တယ်။ ငါက သူ့ကို ငါကိုယ်ပျောက်တဲ့ အတွေ့အကြုံအကြောင်း သေသေချာချာပြောပြလိုက်တယ်။ ဘာမှစိုးရိမ်စရာမရှိဘူး ဆိုတာပေါ့။ အဲဒါနဲ့ သူလည်း တစ်ခါလောက် စမ်းကြည့်ချင်တယ်လို့ ပြောတယ်။ ဘယ့်နှယ်လဲ တေဇာ။ သန်ဘက်ခါကျရင် ထပ်လုပ်ကြည့်ကြဦးမယ် မဟုတ်လား"

ကျွန်တော် နည်းနည်းတော့ စိတ်ညစ်သွားသည်။ ဘာမှမတတ်နိုင်တော့ပါ။ ထို့ကြောင့်...



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ…အားလုံးက စိတ်အားထက်သန်နေတော့လည်း လုပ်ကြတာပေါ့"

"အေး…ဒါမှပေါ့။ ဒီတစ်ခါ နှင့်စံချိန်ကို ငါချိုးပြမယ်။ သိလား …တေဇာ"

"အခုနောက်ဆုံးစံချိန်သစ်က ဆယ်မိနစ်ဖြစ်သွားပြီ"

"ဘာ…အဲဒါ ဘယ်သူလဲ"

"ငါ့ညီ ဖိုးဝပေါ့"

သည့်နောက်တွင်တော့ ကျွန်တော်တို့နှစ်ယောက်စလုံးက ဂွတ်နိုက်ဟု ပြိုင်တူပြောပြီး ဖုန်းချလိုက်တော့သည်။

ဗုဒ္ဓဟူးနေ့ကျရင် ဘာတွေဖြစ်လာဦးမလဲဟု တွေးရင်း ကျွန်တော် မျက်လုံးကြောင်နေ၏။

နံနက်မိုးလင်းခါနီး သုံးနာရီထိုးသည်အထိ ကျွန်တော် အိပ်မပျော်နိုင်သေး။ ကျွန်တော် အိပ်ယာထဲမှ ထထိုင်လိုက်သည်။

ကျွန်တော့်ခြေလှမ်းများက ထပ်ခိုးပေါ်သို့ အလိုလိုပင် ဦးဆောင်ခေါ်ငင်သွားသည်။ တကျွိကျွိမြည်နေသော လှေကားထစ်အိုများကို နင်းတက်ပြီးသောအခါ လျှို့ဝှက်အခန်းရှေ့တွင် ကျွန်တော် ရပ်မိပြန်သည်။

ဘာကြောင့် ဒီကို ကျွန်တော် ရောက်လာမိသလဲ မပြောတတ်။

အခန်းတံခါးကို တွန်းဖွင့်ပြီး အထဲသို့ ခြေလှမ်းလေးငါးလှမ်းခန့် ဝင်မိသောအခါ…

"အား"

ကျွန်တော် နာကျင်စွာဖြင့် ကျိတ်ပြီး အော်ဟစ်လိုက်မိသည်။ ကျွန်တော့်ခြေချောင်းများက မာကျောသော တစ်စုံတစ်ရာကို ခလုတ်တိုက်လိုက်မိသောကြောင့် ဖြစ်၏။

ယုဇန ရွှေ့ထားခဲ့သော စာအုပ်သေတ္တာပင်ဖြစ်သည်။

ကျွန်တော်က သေတ္တာကို ကျော်လွှားပြီး မှန်ရှေ့တွင် ရပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝိုးတဝါးအလင်းရောင်ဖြင့် မှန်ထဲတွင် မြင်နေရသော ကျွန်တော့် ပုံရိပ်ကို ကြည့်မိပြန်သည်။

ဒီတစ်ခါတွင်တော့ မှန်ကြည့်ပြီး ခေါင်းမဖြီးမိတော့ပါ။ ကျွန်တော့် ဆံပင်တွေက ရှုပ်ပွနေသည်။ နားရွက်ပေါ် ဆံပင်တွေ ဖုံးအုပ်မိရဲ့လားဆို သည်ကိုလည်း ဂရုမစိုက်ချင်တော့။

ယခုအချိန်တွင် ကျွန်တော် စိတ်ဝင်စားနေသည်က ဒီမှန်ချပ်ကြီး အကြောင်းပင်ဖြစ်သည်။

ကျွန်တော်က မှန်သားတပြင်လုံးကို စေ့စေ့စပ်စပ်ကြည့်မိသည်။ ဘာမှမထူးခြား။ မှန်၏နောက်ဘက်ကို ကြည့်လိုက်တော့လည်း မည်သည့် အရာမှ မရှိ။

ကျွန်တော် ကနုတ်ဘောင်ခွေထားသော မှန်သားမျက်နှာပြင်ကို လက်ဖြင့် ပွတ်ကြည့်မိသည်။ ထူးထူးခြားခြားအေးစိမ့်နေသည်မှ လွဲ၍ သာမန်မှန်တစ်ချပ်အတိုင်းပင်။

အပေါ်က မီးလုံးကကော...။ ဒါလည်း ဘာမှမထူးခြားပါ။ ရိုးရိုးမီးလုံးတစ်လုံးသာဖြစ်သည်။

ကျွန်တော် ခေါင်းကို ခါယမ်းမိသည်။

ဒါဆိုရင် ဘာဖြစ်လို့ ငါက ဒီအချိန်ကြီးမှာ အပင်ပန်းခံပြီး လာကြည့်နေရသေးတာလဲ။ ငါ အခန်းကိုပြန်ပြီး အိပ်ဖို့သင့်ပြီ။

အမှန်တကယ်ပင် ကျွန်တော် အိပ်ပျော်သင့်သော အချိန်ရောက် နေပြီဖြစ်သည်။ မနက်ဖြန်မနက်ကျလျှင်လည်း ပဲခူးသွားဖို့ စောစောထရ ဦးမည် မဟုတ်လား။ ငါ သွားအိပ်တော့မှ ကောင်းမယ်။

ဦးနှောက်က ထိုသို့ဆုံးဖြတ်လိုက်သော်လည်း ကျွန်တော့်ခြေလှမ်း တွေက ထိုအခန်းထဲမှ ထွက်ခွာ၍မရဘဲ ဖြစ်နေသည်။

ကျွန်တော့်စိတ်တွေကို တစ်စုံတစ်ရာက ညှို့ယူဖမ်းစားထားသလို ထို...။

www.burmeseclassic.com



ကျွန်တော် အသိမဲ့စွာဖြင့် အကြာကြီး ရပ်နေမိသလား မပြော တတ်ပါ။ ထိုစဉ် ကျွန်တော့်နားထဲ၌ တီးတိုးခေါ်သံတစ်ခုကို ကြားရသည်။

"တေ...ဇာ..."

ကျွန်တော့်နာမည်ကို ခေါ်နေခြင်းဖြစ်သည်။ ဘယ်ကလာတဲ့ အသံပါလိမ့်။ ကျွန်တော် ရင်တထိတ်ထိတ်ဖြင့် နားစွင့်ထားလိုက်သည်။

ဘယ်ကလဲ...ဘယ်သူလဲဟင်။

တိတ်ဆိတ်နေပြန်သည်။

"တေ...ဇာ..."

ဟော...ကြားရပြန်ပြီ။

အသံက သစ်ပင် သစ်ရွက်တွေကြားမှ ဖြတ်သန်းတိုက်ခတ်လာ သော လေသံမျိုး။

နူးညံ့သည်။ တိုးညှင်းသည်။ သို့သော်...ခေါ်သံက ကျွန်တော်နှင့် အလွန်နီးကပ်နေလေပြီ။

ကျွန်တော် အသက်ကိုပင် မရှူမိ။

တိတ်ဆိတ်မှုထဲသို့ နားစွင့်ထားလိုက်သည်။

"တေ...ဇာ..."

ဒီတစ်ကြိမ်တွင်တော့ ခေါ်သံက အနည်းငယ် ပိုကျယ်လောင် သွားသည်ထင်၏။

ကျွန်တော် အခန်းပတ်ပတ်လည်သို့ ချာခနဲလှည့်ပြီး ကြည့်လိုက် သည်။

မှန်ထဲမှ ကျွန်တော့်ပုံရိပ်ကိုသာ မြင်ရလေသည်။

ငါ့ပုံရိပ်က လှမ်းခေါ်လိုက်တာများလား။

မဖြစ်နိုင်ဘူး။ ဒါ...လုံးဝ မဖြစ်နိုင်ဘူး။

ကျွန်တော့်အာရုံတွေ ချောက်ချားကာ အမှားမှားအယွင်းယွင်း ကြားယောင်နေပြီ ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး...မဖြစ်ဘူး။ ငါ ဒီအခန်းထဲက အမြန်ဆုံးပြန်ထွက်မှပဲ။

မမြင်နိုင်စွမ်းသော ကြောက်မက်ဖွယ် ဖမ်းစားမှုတစ်ခုဧ၏အောက်မှ အတင်းရုန်းထွက်ပြီး အခန်းအပြင်ဘက်ရောက်အောင် ထွက်ခဲ့သည်။

ခြေလှမ်းတွေ မည်သို့ဖြစ်နေသည်ကို မသိ။

ကျွန်တော် ပြေးဆင်းလာခဲ့မိသည်ပဲလား။

အိပ်ယာခုတင်ပေါ်ပြန်ရောက်တော့ ကျွန်တော့်တစ်ကိုယ်လုံး ဟောဟဲလိုက်ကာ တုန်ယင်နေသည်။

ကျွန်တော် မျက်လုံးများကို တင်းတင်းပိတ်ထားလိုက်၏။ ဟို... တီးတိုးခေါ်သံသည် ကျွန်တော့်နောက်ကိုတော့ လိုက်မလာလောက်ဘူး ထင်ပါရဲ့။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၇)

ကျွန်တော်က စောင်ကို မေးစေ့အထိ ဆွဲခြုံလိုက်သည်။ အလွန် အေးစိမ့်နေသလို ခံစားရသည်။ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံးသည် ခိုက် ခိုက်တုန်နေလေပြီ။

ကျွန်တော့်အသက်ရှုသံက ကျယ်လောင်မောဟိုက်နေ၏။ ငါ့ နာမည်ကို ဘယ်သူခေါ်တာလဲ...။ ကျွန်တော် တွေးရင်းနှင့် ချောက်ချား လာသည်။

ထိုစဉ်မှာပင် ကျွန်တော့်အသက်ရှုသံထက် ပို၍ပြင်းထန်ကျယ် လောင်သော နောက်ထပ်အသက်ရှုသံတစ်ခုကို ကြားလိုက်ရသည်။ ကျွန်တော့်အနီးမှ ဘေးကပ်လျက် ထွက်ပေါ်လာခြင်းဖြစ်၏။ ကျွန်တော့် မျက်နှာကို လာရောက်တိုးဝှေ့နေသော စိုထိုင်းထိုင်း ပူနွေးနွေးလေငွေ့ကို ပင် ခံစားရသည်။

ကြောက်လန့်တကြားဖြင့် ကျွန်တော် မျက်လုံးဖွင့်ကြည့်လိုက်သည်။

“ဘော်ဖြူ...”

ကျွန်တော်၏ခွေးကလေးက ရှေ့လက်နှစ်ချောင်းကို ခုတင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မေးတင်လျက် ကျွန်တော့်ပါးပြင်ကို လျှာဖြင့် လျက်ဖို့ ကြိုးစားနေခြင်း ဖြစ်၏။

"ဟေး...ဘော်ဖြူ"

ကျွန်တော်က ခွေးကလေးကို အိပ်ယာထဲ ဆွဲသွင်းဖို့ ကြိုးစားသည်။ သို့သော် ဘော်ဖြူက တအီအီညည်းသံပြုရင်း ခုတင်ပေါ်မတက်ဘဲ ကော်ဇောပေါ်မှာပင် သုံးလေးပတ်လှည့်ခွေကာ သူ့တစ်ကိုယ်လုံးကို မွေးပွ ဘောလုံးလေးတစ်လုံးနှင့် တူသည်အထိ ကွေးကွေးကလေး ကျုံ့ပြီး အိပ်နေလိုက်တော့သည်။

ကျွန်တော် နှစ်ခြိုက်စွာ ပြုံးလိုက်မိ၏။ နောက်...မကြာမီမှာပင် ကျွန်တော်လည်း အိပ်မောကျသွားလေတော့သည်။

✦



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နိုးလာသောအခါ အိပ်ခန်းပြတင်းပေါက်မှ တိုးဝင်လာသော နေရောင်ခြည်က ရွှေရောင်သန်းနေလေပြီ။

ကျွန်တော့် အိပ်ခန်းတံခါးကို တဒုန်းဒုန်း ထုရိုက်သံနှင့်အတူ မေမေက...

"သားကြီး...ထတော့လေ။ ပဲခူး သွားရဦးမယ် မဟုတ်လား။ မြန်မြန်လုပ် နောက်ကျနေဦးမယ်။ မနက်စာ ပြင်ထားပြီးနေပြီ"

"ဟုတ်ကဲ့...မေမေ။ ကျွန်တော် နိုးနေပြီ"

ကျွန်တော်က ပြန်၍ အော်ပြောလိုက်သည်။ အိပ်ယာပေါ်မှ ထဖို့ ကြိုးစားသော်လည်း ချက်ချင်းမထဖြစ်သေး။ ညတုန်းကအကြောင်း ခေါင်းထဲမှာ ပြန်ပေါ်လာသည်။

ကြောက်လန့်စိုးရိမ်စိတ်က ကျွန်တော့်ရင်ထဲ၌ တစ်ဖန်ပြန်၍ နိုးထလာပြန်သည်။

မဖြစ်ဘူး။ ဒီမှန်ကို နောက်တစ်ကြိမ် ဘယ်တော့မှထပ်ပြီး မစမ်းတော့ဘူး။ ငါ့သူငယ်ချင်းတွေကိုလည်း ပြောရမယ်။

မလုပ်တော့ဘူး။ နောက်ထပ် ဘယ်တော့မှ ကိုယ်မစွေ့စက်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ယာပေါ်မှဆင်းရန် ခြေထောက်နှစ်ချောင်းကို တွဲလောင်းချလိုက်၏။ ထိုစဉ်မှာပင်...

"ဟင်..."

ကျွန်တော့်အိပ်ခန်းတံခါးသည် အလိုအလျောက်ပင် တဖြည်းဖြည်း ပွင့်လာနေသည်။ ထို့နောက် နံရံတွင် ချိတ်ထားသော အနီရောင်တီရှပ်တစ်ထည်သည် လေထဲတွင် ရွေ့လျားကာ ကျွန်တော့်ဆီသို့ လာနေ၏။ ကြားနေကျ တခစ်ခစ်ရယ်သံကို ကြားရပြန်လေသည်။

ဖိုးဝမှန်းသိသောကြောင့် ကျွန်တော်က ကြိမ်းမောင်းလိုက်၏။

"အရှုးလေး။ မင်း ငါ့ကို ကတိပေးထားတယ်လေ။ ဒါမျိုးထပ်မလုပ်ပါဘူးဆို"

ဖိုးဝက တစ်ခစ်ခစ် ရယ်မြဲ ရယ်နေ၏။ သူက စင်ပေါ်မှ အပြာရောင် ဂျင်းဘောင်းဘီတစ်ထည်ကို ကောက်ယူလိုက်ပြန်လေသည်။

ကျွန်တော့်မျက်စိထဲတွင်တော့ လေထဲ၌ အဝတ်အစားများက ကခုန်နေကြသည်ကို မြင်ရ၏။ ကျွန်တော်က ပိုစိတ်တိုလာသည်။

"ဟေ့ကောင် ဖိုးဝ။ အဲဒါတွေ ခုချက်ချင်း ချထားစမ်း။ အခုနေ ဖေဖေတို့ အခန်းထဲဝင်လာလို့ မြင်သွားရင် ပြဿနာတက်ကုန်လိမ့်မယ်။ နားမလည်ဘူးလား"

"ကျွန်တော်က အစ်ကို့ကို အံ့သြသွားအောင် လုပ်မလို့ဟာကို"

"မလိုချင်ဘူးကွာ။ သွား...။ ခုချက်ချင်း ထပ်ခိုးပေါ် ပြန်တက်ပြီး မီးခလုတ်ကို သွားပိတ်ချေ"

"ဟီ...ဟီ...ဟိ"

ဂျင်းဘောင်းဘီက ကျွန်တော့်ရှေ့တွင် ကခုန်နေဆဲ ရှိသေးသည်။ တောက်...ဒါဟာ ဆော့စရာမဟုတ်ဘူးဆိုတာ ဒီကောင် မသိဘူးလား။

ကျွန်တော် ဒေါသကို မထိန်းနိုင်တော့။

"ကဲ...ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျင်းဘောင်းဘီရှိရာဆီသို့ ကျွန်တော် လက်သီးဖြင့် တအားပစ် ထိုးလိုက်သည်။

ကျွန်တော့်လက်သီးက လေကိုသာ ထိုးမိသွားသည်။ သို့သော် ဂျင်းဘောင်းဘီက ကြမ်းပြင်ပေါ် ပုံလျက်သား ကျသွား၏။

ဟင်...ဘာဖြစ်သွားတာလဲ။

"ဖိုးဝ...ဖိုးဝ"

ပြန်ထူးသံ မကြားရ။ ဂျင်းဘောင်းဘီကတော့ ကြမ်းပြင်ပေါ်တွင် ပစ်ချထားသည့်အတိုင်း မလှုပ်မယှက်။

"ဟေ့ကောင်...ဖိုးဝ။ နောက်မနေနဲ့တော့ကွာ။ ငါ ကြောက်လာပြီ။ ဟေ့ကောင်...ငါ တကယ်ကြောက်နေပြီ"

ကျွန်တော်က တမင်ပြောလိုက်ခြင်းဖြစ်၏။ ကျွန်တော့်ထံမှ 'ကြောက်တယ်'ဟုသော စကားကို သူကြားချင်နေမှန်း ကျွန်တော် သိသည်။ ထိုစကားကို ကြားလျှင် သူ တခစ်ခစ်ရယ်ပေလိမ့်ဦးမည်။

သို့သော် မည်သည့်ရယ်သံကိုမျှ မကြားရချေ။

ကျွန်တော် တကယ်ကြောက်လာသည်။

"ဖိုးဝရေ...ဖိုးဝရေ"

ပြန်ထူးသံ မကြားရ။

တိတ်ဆိတ်နေသည်။ မရှိတော့။

ဖိုးဝ မရှိတော့ချေ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၈)

သူနောက်ပြောင်နေခြင်းမဟုတ်မှန်း ကျွန်တော့်စိတ်ထဲမှ အလိုလို သိလိုက်သည်။ စိုးရိမ်ပူပန်စိတ်က ကျွန်တော့်လည်ချောင်းထဲသို့ ဆို့တက်လာသည်။

ကျွန်တော် အခန်းထဲမှ ဒလကြမ်းပြေးထွက်ပြီး ထပ်ခိုးပေါ် အမြန်ဆုံးတက်လာခဲ့သည်။ လျှို့ဝှက်ခန်းလေးထဲသို့ ဝင်လိုက်သောအခါ ပူနွေးညှီစို့သည့် လေငွေ့က ကျွန်တော်တစ်ကိုယ်လုံးကို တိုးလျှိုပေါက် ဖြတ်သန်းစီးဆင်းသွားသည်။

ဖိုးဝ ဘယ်တော့မှ ပြန်မပေါ်လာတော့ဘူးလား။

စူးရှတောက်ပသော မီးလုံး၏အလင်းရောင်က ကျွန်တော့်ကို ခြောက်လန့်နေသည်။ ကျွန်တော်က မျက်စိကို အလင်းရောင်မစူးအောင် လက်တစ်ဖက်ဖြင့် ကာထားရင်း ကျန်လက်တစ်ဖက်ဖြင့် မီးခလုတ်ကြိုးကို ဆွဲပိတ်လိုက်သည်။

မှောင်အတိကျသွား၏။

"ဖိုးဝ..."

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တုန်ယင်သောအသံဖြင့် ကျွန်တော် ခေါ်မိပြန်သည်။

"ဖိုးဝရေ…။ မင်း ဒီအခန်းထဲမှာ ရှိလား။ ငါခေါ်နေတာကို ကြားရဲ့လား"

ကျွန်တော် မောဟိုက်စွာ အသက်ရှူနေမိသည်။ ကျွန်တော့်အသံ က တဖြည်းဖြည်းတိမ်ဝင်လာသည်။

"ဖိုးဝ…"

"အစ်ကို…ကျွန်တော် ဒီမှာ"

ကျွန်တော် ညာဘက်ဘေး လေထုထဲမှ ဖိုးဝ၏အသံက ပေါ်လာသည်။ သူ့အသံကို ကြားခဲ့ရသမျှ အကြိမ်တိုင်းတွင် ဒီတစ်ခါ လောက် ဘယ်တုန်းကမှ ကျွန်တော် ဝမ်းမသာခဲ့ဖူးချေ။

"ဖိုးဝ…မင်း အဆင်ပြေရဲ့လား"

ကျွန်တော်က အလောတကြီး မေးလိုက်သည်။

"အင်း…"

✦

www.burmeseclassic.com

www.burmeseclassic.com



မိနစ်အတော်ကြာပြီးမှ သူ ပြန်ပေါ်လာသည်။ ကျွန်တော်က…

"မင်း ဘာဖြစ်သွားတာလဲ…ဖိုးဝ"

"ဘာဖြစ်လို့လဲ။ ကျွန်တော် ဘာမှ မဖြစ်ပါဘူး"

သူ့အဖြေကို ကြားရသော်လည်း ကျွန်တော့်စိတ်ထဲတွင် မတင်မကျဖြစ်နေသည်။ သူ တစ်ခုခုဖြစ်သွားခဲ့သည်ဟု ကျွန်တော် ထင်နေမိဆဲရှိသေးသည်။

"သေချာလို့လား…ဖိုးဝရော။ ငါ့အခန်းထဲ ဝင်လာပြီး မင်း…ငါ့ကို နောက်ပြောင်နေတယ်။ ပြီးလည်းပြီးရော…မင်း ငါ့အခန်းထဲကနေ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ မင်း ဘာဖြစ်သွားတာလဲ"

"ဘာမှမဖြစ်ပါဘူးလို့ ဆိုနေမှပဲ"

"ပြီးရောကွာ…။ နောက်ဆိုရင်တော့ ဒီမှန်နားကို ကပ်ဖို့ မင်း လုံးဝမစဉ်းစားနဲ့"

"အင်းပါ…အင်းပါ"

နံနက်စာ စားရန် ထမင်းစားခန်းထဲသို့ ကျွန်တော်တို့ ဝင်သွားကြသောအခါ မေမေက စိတ်မရှည်စွာဖြင့်…

"သြော်…အခုမှ ပေါ်လာကြသကိုး။ ကြည့်စမ်း…အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com


တောင် မလဲကြရသေးဘူး''

''သား အခုပဲ သွားလဲတော့မလို့ပါ''

ကျွန်တော်က ပြီးပြီးရော ပြောရင်း အခန်းထဲမှ လှည့်ထွက်လိုက်သည်။ နောက်ဘက်မှ ကျွန်တော့်မေမေက ဖိုးဝကို မေးနေသံကြားရ၏။

''ဟဲ့...ဖိုးဝ။ နင် ဆံပင်ကို ဘယ်လိုဖြီးလာတာလဲ။ ကြည့်ရတာ ပုံစံတစ်မျိုး ပြောင်းနေသလိုပဲ''

''မေမေ့မျက်လုံးတွေက ပုံစံတစ်မျိုးပြောင်းသွားတာ နေမှာပေါ့''

''တယ်...ဒီကောင်လေးဟာ''

သူတို့ပြောနေကြသည်ကို နားထောင်မနေတော့ဘဲ ကိုယ့်အခန်းကိုယ် ပြန်လာခဲ့တော့သည်။

အဝတ်အစားလဲရင်း ကျွန်တော် တွေးနေမိသည်။ ကျွန်တော့် အတွေးတွေက ကစဉ့်ကလျား။

တကယ်တော့ အဲဒီမှန်ချပ်ကြီးသည် မကောင်းဆိုးဝါး ကျိန်စာတစ်ခုပင်ဖြစ်သည်။ ကိုယ်ပျောက်ခြင်းဟူသော ဖြစ်ရပ်၏နောက်ကွယ်တွင် ဆိုးရွားသော အန္တရာယ်တစ်ခုခု ရှိနေမည်မှာ သေချာသည်။

ဒါဆို ကျွန်တော့်သူငယ်ချင်းတွေကရော။ သူတို့ကတော့ ဒါကို ပြောစရာတစ်ခုဟု သဘောထားနေကြသည်။ ပြိုင်ပွဲဝင်ဖို့ စိတ်အားထက်သန်နေကြသည်။ မနက်ဖြန်ဆိုလျှင် သူတို့ လာကြလိမ့်ဦးမည်။ ဒီတစ်ခါ ပေရယ်က ကိုယ်ယောင်ဖျောက်ကြည့်ဦးမလို့တဲ့။

မဖြစ်ဘူး...မဖြစ်ဘူး။ ကျွန်တော် ဒီည ပဲခူးမှ ပြန်ရောက်ရောက်ချင်း သူတို့ထံ ဖုန်းဆက်မည်။ ပြိုင်ပွဲလုပ်မည့်ကိစ္စကို ဖျက်သိမ်းလိုက်သည့်အကြောင်း ပြောရမည်။

နောင်လည်း ဘယ်တော့မှ ကိုယ်ယောင်ဖျောက်ဖို့ မကြိုးစားသင့်တော့ကြောင်း သူတို့ကို ကျွန်တော် ပြောပြမှ ဖြစ်တော့မည်။

✦



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဆုံးဖြတ်ချက်ချလိုက်သော်လည်း ကျွန်တော့်ရင်ထဲတွင် မပေါ့ပါးသွားချေ။ အဘယ်ကြောင့်ဆိုသော် ကြောက်စရာအကောင်းဆုံး ဖြစ်ရပ်တစ်ခု ဖြစ်လာလိမ့်ဦးမည်ကို ကျွန်တော် အလိုလို ကြိုပြီးသိနေခြင်းကြောင့်ပင်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၉)

ဗုဒ္ဓဟူးနေ့…။

လူခေါ်ခေါင်းလောင်းသံ ကြားသဖြင့် တံခါးကို ဖွင့်ကြည့်လိုက်သောအခါ ဇာနည်၊ ယုဇနနှင့် ပေရယ်တို့ကို တွေ့လိုက်ရသောကြောင့် ကျွန်တော် အံ့အားသင့်သွားသည်။ ကျွန်တော်က…

“ဟင်…ပြိုင်ပွဲကို မလုပ်တော့ဘူးလို့ မင်းတို့ဆီ ငါ ဖုန်းဆက်ပြီးပြီလေ”

“ဒါပေမဲ့ ဒီနေ့မနက် ဖိုးဝက ထပ်ဖုန်းဆက်ပြီး ငါတို့ကို ခေါ်ထားကျတော့ရော…၊ မင်း စိတ်ပြောင်းသွားပြီဆို”

ဇာနည်က ပြန်မေးသည်။ ယုဇနနှင့် ပေရယ်တို့ကလည်း သူတို့ထံသို့ ဖိုးဝက ဖုန်းဆက်ပြီး အဲဒီအတိုင်း ပြောသည်ဟု ဆို၏။

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

“ဟင်…ဖိုးဝက ဒီနေ့တစ်မနက်လုံး ရှိတောင် မရှိဘူး။ သူ့သူငယ်ချင်းတွေနဲ့ ဘောလုံးသွားကန်နေတယ်”

ထိုစဉ်…



www.burmeseclassic.com

www.burmeseclassic.com



"ဟော...ဘယ်သူတွေများ ရောက်နေကြတာလဲလို့"

မေမေ့အသံက ထွက်ပေါ်လာသဖြင့် ကျွန်တော်တို့အားလုံး လှည့်ကြည့်မိကြသည်။ မေမေက...

"လာကြ...လာကြ။ အတော်ပဲ...။ ဒီနေ့ အန်တီ ရွှေတောင်ခေါက်ဆွဲ လုပ်ထားတာ ကျွေးရဦးမယ်"

မေမေက အားလုံးကို ထမင်းစားခန်းထဲသို့ ခေါ်သွားပြီး သူလုပ်ထားသော အစားအသောက်များကို ကျွေးသည်။

စားသောက်ပြီးကြသောအခါ ဇာနည်က...

"အပေါ်ထပ်ကို သွားရအောင်"

ယုဇနကလည်း စိတ်အားထက်သန်စွာဖြင့်...

"အေး...လာလေ။ ဘာလုပ်နေတာလဲ တေဇာ။ ရောက်မှတော့ မထူးတော့ပါဘူး"

ကျွန်တော် ငြင်းရ ခက်နေသည်။ ထိုစဉ် ပေရယ်က ဝင်ပြီး...

"ငါက တစ်ခါမှ မလုပ်ဖူးသေးတော့ ဒီတစ်ခါ ငါ အရင်ကိုယ်ဖျောက်ကြည့်မယ်နော်"

ကျွန်တော် စိတ်မသက်သာစွာဖြင့် ခေါင်းကို ညိတ်ပြလိုက်တော့သည်။

✦

www.burmeseclassic.com

www.burmeseclassic.com



မုန့်ချပ်ကြီး၏ရှေ့တွင် ကျွန်တော်တို့အားလုံး ရပ်မိကြသည်။ ကျွန်တော်က သူတို့ကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး…

"ဒီမှာ…တစ်ခုတော့ ငါ သတိပေးထားရဦးမယ်။ ဒီမုန့်ဟာ ကစားစရာပစ္စည်းတော့ မဟုတ်ဘူးနော်။ သိပ်ကြောက်ဖို့ကောင်း…"

"အေးပါ…။ ငါတို့ကို လာပြီး ဆုံးမသြဝါဒတွေ ပေးမနေစမ်းပါနဲ့။ မင်း ကြောက်နေမှန်း ငါတို့ သိပါတယ် တေဇာ။ ဘာဖြစ်လို့လဲ ဆိုတော့ မင်းစံချိန်ကို ငါတို့ချိုးလိုက်မှာ စိုးရိမ်နေတယ် မဟုတ်လား။ ဟား…ဟား"

ဖေရယ်က…

"ငါကတော့ နင်တို့ပြိုင်ပွဲထဲမှာ မပါဘူးနော်။ ကိုယ်ပျောက်ရင် ဘယ်လိုနေမလဲလို့ ခဏတဖြုတ် စမ်းကြည့်တဲ့သဘောပဲ။ ပြီးရင် ငါ ချက်ချင်းပြန်လာမှာ"

"ငါကတော့ ကမ္ဘာ့စံချိန်ကို ချိုးဦးမှာ"

ဟု ဇာနည်က ပြောသည်။ ယုဇနကလည်း…

"အေး…ငါလည်း ဒီအတိုင်းပဲ"

ကျွန်တော်ကတော့ သူတို့ကိုကြည့်ရင်း ခါင်း[illegible]သာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ ဇာနည်က စိတ်ကူးတစ်မျိုး ပေါက်လာပြန်သည်။

"ငါတို့အားလုံး တပြိုင်တည်း ကိုယ်ယောင်ဖျောက်လိုက်ကြရင် မကောင်းဘူးလား။ ပြီးရင် လမ်းပေါ်မှာလျှောက်သွားပြီး လူတွေကို သရဲခြောက်ကြတာပေါ့"

ထိုအကြံအစည်ကတော့ အန္တရာယ်ကြီးလွန်းသည်ဟု ကျွန်တော်ထင်၏။ ကျွန်တော်မတားနိုင်ခင်မှာပင် ယုဇနက...

"ငါတို့ အရင်ပြိုင်ကြဦးမယ်လေ။ ပြိုင်ပွဲပြီးမှ အားလုံးအတူတူ ကိုယ်ယောင်ဖျောက်ပြီး နင်ပြောသလို လုပ်ကြတာပေါ့"

ပေရယ်က...

"ငါကတော့ ပြိုင်လည်း မပြိုင်ချင်ဘူး။ အကြာကြီးလည်း ကိုယ်ယောင်ဖျောက်ပြီး လျှောက်သွားမနေချင်ဘူး။ ခဏလေး စမ်းကြည့်ရုံပဲ။ တကယ့် ခဏလေးပဲနော်"

"ကဲ...ဒါဆိုရင်လည်း စလိုက်ကြရအောင်"

ဇာနည်ကပင် ဦးဆောင်ကာ ဆရာကြီးလုပ်ပြီး စီမံခန့်ခွဲနေသည်။ ကျွန်တော်က စကားလှမ်းပြောဖို့ စိတ်ကူးလိုက်စဉ်မှာပင် ကျွန်တော့်ခြေထောက်ကို တစ်စုံတစ်ရာက လာတိုးသဖြင့် ငုံ့ကြည့်လိုက်သည်။

"ဘော်ဖြူ"

ကျွန်တော်က ဘော်ဖြူကို ငုံ့ပြီး ပွေ့ချီလိုက်သော်လည်း ဘော်ဖြူက အဖမ်းမခံဘဲ လျှောက်ပြေးနေသည်။ အဲဒီအချိန်မှာပင် ဇာနည်က...

"ကဲ...ပေရယ် အသင့်ပြင်ထားနော်။ တစ်...နှစ်..."

"နေဦး...ဇာနည်။ ငါ...ပြန်ပေါ်လာချင်တဲ့အချိန်ကျရင် 'လာမယ်'လို့ အော်လိုက်မယ်။ သိလား...။ အဲဒီအခါကျရင် မီးခလုတ်ကြိုးကို နင် ချက်ချင်းဆွဲပြီး ပိတ်လိုက်နော်။ ငါ့ကို ကြောက်အောင် နောက်ပြောင် မနေနဲ့ဦး။ တော်ကြာ...ငါ လန့်ပြီး သေသွားဦးမယ်"

"အေးပါ...ပေရယ်ရာ။ ငါ မနောက်ပါဘူး။ နင်က 'လာမယ်'



www.burmeseclassic.com

www.burmeseclassic.com



လို့ အော်လိုက်တာနဲ့ ငါ ချက်ချင်း မီးခလုတ်ကို ပိတ်ပေးပါ့မယ်။ ကဲ…ကဲ အသင့်ဖြစ်ပြီလား''

ပေရယ်က မှန်ရှေ့တွင် ရပ်ရင်း ခေါင်းညိတ်ပြလိုက်သည်။ ဇာနည်က မီးခလုတ်ကြိုးကို ကိုင်ထားလျက်က…

''တစ်…နှစ်…သုံး''

အဲဒီအချိန်အတန့်လေးမှာပင် ဘော်ဖြူက လှစ်ခနဲထွက်သွားပြီး ပေရယ်၏ခြေထောက်ကို တိုးဝှေ့လိုက်၏။

ဇာနည်ကလည်း 'သုံး'ဟု ရေတွက်ပြီးသည်နှင့်တပြိုင်နက် မီးခလုတ်ကြိုးကို ဆွဲလိုက်သည်။

မီးလုံး လင်းသွားသည်။

''ဘော်ဖြူ''

ကျွန်တော်က အော်ဟစ်လိုက်သော်လည်း နောက်ကျသွားသည်။

အလင်းရောင်နှင့်အတူ ပေရယ်ရော ကျွန်တော့်ခွေးကလေး ဘော်ဖြူပါ ပျောက်ကွယ်သွားလေပြီ။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၀)

"ဟာ...ခွေး...ခွေးပါ ပျောက်သွားပြီ"

ယုဇနက ရေရွတ်လိုက်၏။ ထိုအချိန်မှာပင် ပေရယ်၏ ရှင်မြူးနေသော လေသံက ပေါ်ထွက်လာသည်။

"ဟာ...ငါ ကိုယ်ပျောက်နေပြီ"

ဘော်ဖြူ၏ တဝုတ်ဝုတ်ဟောင်သံကိုလည်း ကြားရ၏။ ဘော်ဖြူ ကြောက်နေပေတော့မည်။ ကျွန်တော်က...

"မီးခလုတ်ကို ပြန်ပိတ်လိုက်...ဇာနည်"

"မပိတ်နဲ့ဦး။ ငါ...နေကြည့်ချင်သေးတယ်"

ဟု ကိုယ်ပျောက်နေသော ပေရယ်က လှမ်းကန့်ကွက်၏။ ကျွန်တော်က အတင်းပင်...

"ပိတ်လိုက်ပါ...ပိတ်လိုက်စမ်းပါ"

ဇာနည်က ကြိုးကို ဆွဲလိုက်သည်။ မီးလုံး မှိတ်သွား[illegible] ပေရယ်တစ်ယောက် ဘွားခနဲ ပြန်ပေါ်လာသည်။ သူမ[illegible] ကျွန်တော့်ကို စိတ်ဆိုးနေသည့်ပုံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



ပေရယ်ဒေါသတွင် ပေါ်လာသူကတော့ ခွေးကလေး ဘော်ဖြူဖြစ်သည်။ ဘော်ဖြူက အရမ်းကြောက်လန့်နေပုံ ပေါ်၏။ ကြမ်းပြင်ပေါ်တွင် လေးဘက်ထောက်ရပ်ဖို့ ကြိုးစားနေသော်လည်း မဟန်နိုင်ဘဲ လဲလဲကျနေ၏။ သူ့အမြီးကိုလည်း သူ ပြန်ပြန်လှည့်ကြည့်နေသည်။

ဘော်ဖြူကို ကြည့်ပြီး ကျွန်တော်တို့အားလုံး ရယ်မောရသေး၏။ ထိုစဉ်မှာပင်…

"ဟဲ့…နင်တို့ ဘာလုပ်နေကြတာလဲ"

မေမေ့အသံကြောင့် ဆတ်ခနဲတုန်သွားပြီး ကျွန်တော်တို့ လှည့်ကြည့်မိကြသည်။ မေမေက ထပ်ခိုးပေါ်တက်သော လှေကားထိပ်နားတွင် ရောက်နေလေပြီ။ ကျွန်တော်က…

"ဘာမှမဟုတ်ပါဘူး မေမေ။ စာအုပ်ဟောင်းတွေ ကြည့်နေကြတာပါ"

ဘော်ဖြူကလည်း မေမေ့အသံကို ကြားသည်နှင့်တပြိုင်နက် ကျွန်တော်တို့ခြေထောက်ကြားမှ တိုးဝှေ့ပြီး ပြေးဆင်းသွားသည်။ မေမေက

"ဒီလောက် ဖုန်တွေထူနေတာကိုဟယ်…နင်တို့မို့လို့ နေနိုင်တယ်။ တစ်နေ့နေ့ကျမှ မင်းအဖေကိုပါ ခေါ်ပြီး အဲဒီထပ်ခိုးကို ရှင်းရဦးမယ်"

ပြောပြောဆိုဆိုနှင့်ပင် မေမေက အပေါ်သို့ တက်မလာတော့ဘဲ ပြန်ဆင်းသွား၏။ ဘော်ဖြူကလည်း မေမေ့ခြေထောက်ကို နှုတ်သီးဖြင့် တို့ကာနမ်းရင်း လိုက်သွားလေသည်။

သူတို့ပျောက်ကွယ်သွားသည့်အခါတွင်မှ ပေရယ်က…

"မတရားဘူးဟာ…။ ငါ့အလှည့်ကျတော့ ခဏလေးပဲ နေရတယ်"

"ငါတို့အားလုံး ဒီကိစ္စကို ရပ်တန်းကရပ်လိုက်ရင် ကောင်းမယ်။ အန္တရာယ်ရှိတယ်လို့ ငါ့စိတ်ထဲမှာ ထင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ပြောလိုက်သည်။ သို့သော် ကျွန်တော့်စကားကို ဘယ်သူကမှ နားမဝင်ကြပါ။

"နောက်ဆုံးစံချိန်တင်သွားတဲ့ ဖိုးဝက ဆယ်မိနစ်တောင် ကြာတယ်ဆို။ ချန်ပီယံဖြစ်ချင်ရင် ဆယ်မိနစ်ထက် ပိုကြာမှဖြစ်မှာနော်"

ဇာနည်က ယုဇနကို မခံချင်အောင် စ,နေသည်။ ယုဇနက…

"အေးဆေးပါ။ ဆယ်မိနစ်ဆိုတာ ဘာကြာတာမှတ်လို့။ ပေရယ်ရေ…နာရီကြည့်ပြီး အချိန်မှတ်ထားပေးဦးနော်…။

နင်…နောက်တစ်ခါ ထပ်ပြီး ကိုယ်ယောင်ဖျောက်ချင်ရင် ငါတို့ပြိုင်ပြီးသွားတဲ့အခါကျမှ လုပ်ပေါ့"

ငါတို့ ပြိုင်ပြီးသွားတဲ့အခါ…။

ငါတို့ ပြိုင်ပြီးသွားတဲ့အခါ…။

အဲဒီအခါကျရင် ကျွန်တော်တို့အားလုံး အသက်ရှင်လျက် ပြန်တွေ့နိုင်ကြဦးမည်ဟု မည်သူက အာမခံနိုင်ပါမည်လဲ။

သို့သော် အဲဒီအတွေးကိုတော့ ကျွန်တော် ပါးစပ်က ထုတ်မပြောဖြစ်ပါ။ ပြောမည်ဆိုလျှင်လည်း နောက်ကျသွားလေပြီ။

ယုဇနက မှန်ရှေ့တွင် ရပ်ပြီး မီးခလုတ်ကြိုးကို ဆွဲလိုက်ပြီဖြစ်သည်။ အလင်းရောင် စူးခနဲလက်သွားသည်နှင့်တပြိုင်နက်တည်း ယုဇနပျောက်ကွယ်သွားလေပြီ။

ပေရယ်ကလည်း သူမ၏နာရီကို ငုံ့ကြည့်ပြီး စတင်အချိန်မှတ်နေ လေပြီ။

"ငါ့ကို ကြည့်ရတာ ပိုလှမလာဘူးလား"

ကိုယ်ပျောက်နေသောယုဇနက ရယ်ရယ်မောမော နောက်ပြောင်ပြောနေ၏။ ဇာနည်က ပြန်၍…

"အေး…နင့်ရုပ်က မမြင်ရတော့တာတောင်မှ ရုပ်ဆိုးနေတုန်းပဲ"

ကျွန်တော်ကတော့ သူတို့နှင့်အတူ လိုက်မရယ်မိပါ။ စိတ်ပူစွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်...

"ယုဇန...နင် အဆင်ပြေရဲ့လား။ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားလာရပြီဆိုရင် 'ပြန်လာမယ်'လို့ ချက်ချင်းအော်လိုက်နော်။ မီးခလုတ်ကြီးကို ငါတို့ အမြန်ဆုံးပိတ်ပေးမယ်။ သိလား"

"အေးပါ...တေဇာရယ်။ နင်ကလည်း ကြံဖန်ပြီးစိတ်ပူနေတယ်"

"တစ်မိနစ်ရှိသွားပြီ"

ပေရယ်၏အသံက ထွက်ပေါ်လာသည်။

ထိုစဉ် ခါးထောက်ထားသော ဇာနည်၏လက်နှစ်ဖက်က လေထဲသို့ မြှောက်တက်သွားသည်။ ထို့နောက် ဇာနည့်လက်များသည် သူ့ဦးခေါင်းကို သူ အကြိမ်ကြိမ်ပြန်ထုရိုက်နေလေတော့သည်။

ဇာနည်က မမြင်ရသော ယုဇန၏ ချုပ်ကိုင်မှုထဲမှ သူ့လက်ကို လွတ်အောင်ရုန်းရင်း...

"ယုဇန...ယုဇန။ မလုပ်နဲ့တော့ဟာ...နာလှပြီ"

"ခစ်...ခစ်...ခစ်"

ဇာနည်၏လက်များက ဆတ်ခနဲ ယိမ်းထိုးပြီး ကခုန်သလိုဖြစ်နေ၏။ တစ်ဖန် သူ့လက်များက သူ့နှာခေါင်းပေါက်ထဲ ပြန်ထိုးပြီး ကလိနေပြန်လေသည်။

"ယုဇန...မလုပ်နဲ့တော့ဟာ။ အခံရ ခက်တယ်ဟ။ ဟပ်...ဟပ်ချီး...ဟပ်ချီး"

"နှစ်မိနစ်ရှိသွားပြီ"

ပေရယ်ကတော့ မှန်မှန်ရေတွက်နေဆဲ။ ထိုစဉ် အခန်းဝသို့ ဘော်ဖြူကို တွေ့လိုက်ရ၏။ ဒီတစ်ခါတော့ ဘော်ဖြူက အခန်းထဲသို့ ဝင်မလာတော့ဘဲ အဝမှပင် ရပ်ငေးရင်း အမြီးကို နန့်နေ၏။

"ဘော်ဖြူ...။ သွားစမ်း...သွားစမ်း"

ကျွန်တော်က အခန်းအပြင်ဘက် ထွက်ပြီး ဘော်ဖြူကို မောင်း



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုက်သည်။

ကျွန်တော်ပြန်ဝင်လာသောအခါ ပေရယ်နှုတ်မှ…

"လေးမိနစ်"

ဟု ရေရွတ်သံ ကြားရသည်။ တစ်ခန်းလုံးအနှံ့ လျှောက်သွားနေသော ယုဇနေ၏ခြေသံကိုလည်း ကြားနေရ၏။

သူတို့ကိုငေးကြည့်ရင်း ကျွန်တော့်ခေါင်းထဲတွင် အတွေးတစ်ခု ပေါ်လာသည်။ သူတို့ကို ဘာဖြစ်လို့များ ဖိုးဝက ဖုန်းဆက်ပြီး ခေါ်လိုက်ရတာပါလိမ့်။

အလွန်သံသယဖြစ်စရာကောင်းသော အတွေးဖြစ်သည်။ ဒါမှမဟုတ် ဖိုးဝနှင့်သူတို့ စည်းဝါးရိုက်ပြီး ကျွန်တော့်ကို လှည့်စားခြင်းများလား…။

ဒါတော့ ဖြစ်နိုင်သည်။ ဖိုးဝကချည်းသက်သက် သူတို့ဆီ စပြီး ဖုန်းဆက်ဖို့ကတော့ သိပ်လုပ်နိုင်စရာ အကြောင်းမရှိ။ တကယ်လုပ်ခဲ့သည် ဆိုလျှင်လည်း ဖိုးဝတစ်ယောက် နောက်ပြောင်ပုံက တော်တော့်ကို လွန်လွန်းသွားပြီဟု ဆိုရပေလိမ့်မည်။

ကျွန်တော် မည်မျှကြာအောင် တွေးနေမိသည် မသိ။

"ရှစ်မိနစ်ရှိသွားပြီ"

ဟု ပြောလိုက်သော ပေရယ်၏အသံကို ကြားရမှပင် သတိပြန်ဝင်လာ၏။ ဟင်…ရှစ်မိနစ်တောင် ရှိသွားပြီလား။

"ယုဇန…။ နင် ပြန်မလာချင်သေးဘူးဆိုတာ သေချာရဲ့လား။ လာမယ်ဆို ပြောနော်…။ ပြောလေ…ယုဇန။ ငါပြောတာ ကြားလား"

ဇာနည်က တတွတ်တွတ်မေးနေသည်။ ကျွန်တော်လည်း စိတ်ပူသွားပြီး…

"ယုဇန…။ နင် အဆင်ပြေရဲ့လား"

တုံ့ပြန်သံ မကြားရ။

www.burmeseclassic.com



တိတ်ဆိတ်နေသည်။

"ယုဇန...။ ငါပြောနေတာ ကြားရဲ့လား။ ကြားရင် ပြန်ဖြေဦး။ နောက်မနေနဲ့နော်။ တကယ်ပြောတာ"

ဇာနည်နှင့်ပေရယ်တို့ကလည်း...

"ဟုတ်တယ်...ယုဇန။ ငါတို့ကို အသံလေး ဘာလေး ပေးပါဦး။ စိတ်ပူအောင် မလုပ်နဲ့"

တိတ်ဆိတ်နေဆဲပင်။

ယုဇန ဘယ်ရောက်သွားပြီလဲ။ သူမက အဲဒီလို တမင်စိတ်ပူအောင်လုပ်ပြီး နောက်ပြောင်ကျီစယ်မည့် မိန်းကလေးမျိုးတော့ မဟုတ်။

ဒါဆိုရင်...ဒါဆို...သူမ တကယ်...

"ယုဇနတော့ သွားပြီထင်တယ်"

ပေရယ့်အသံက အရာရာကို ဆုံးရှုံးလိုက်သူနှင့် တူနေသည်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂၁)

ကျွန်တော်က မီးခလုတ်ကြိုးကို ပိတ်ရန် ပြေးသွားလိုက်သည်။ ကျွန်တော့်လက်က ကြိုးကို ဆွဲမိတော့မည့်ဆဲဆဲမှာပင်...

"ငါ့ကိုများ လွမ်းနေကြပြီလား"

ယုဇန၏အသံကြောင့် ကျွန်တော်တို့အားလုံး ပြိုင်တူလှည့်ကြည့်မိကြသည်။ အခန်းဝတွင်ကား...

Coke အချိုရည်သံဘူးတစ်ဘူးသည် ကြိုးဖြင့် တန်းလန်းဆွဲထားသလို လေထဲ၌ တွဲလောင်းကြီး ရပ်တည်နေ၏။

"နင် ဘယ်လိုလုပ်လိုက်တာလဲ ယုဇန။ နင်ပျောက်သွားလို့ ငါတို့ကဖြင့် စိတ်ပူလိုက်ရတာ။ ဒါ...နောက်စရာမဟုတ်ဘူး"

"ဆောရီးဟာ။ ငါက တမင်လုပ်တာ မဟုတ်ပါဘူး။ ရေငတ်လာလို့ အောက်ထပ်ကိုဆင်းပြီး အချိုရည်ဘူး သွားယူတာပါ"

လေထဲမှ Coke အချိုရည်သံဘူးက မြောက်တက်ပြီး စောင်းငဲ့သွားသည်။ အထဲမှ အချိုရည်များသည် သွန်လောင်းထွက်ကျလာပြီးနောက် လေထဲမှာပင် ပျောက်ကွယ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပေရယ်က အပြစ်တင်သံဖြင့်...

"နင်ကလည်းဟာ...သွားမယ်ဆိုလည်း ငါတို့ကို အရင်ပြောခဲ့ဖို့ ကောင်းတယ်။ အခုတော့...မြုန်းစားကြီး ခေါ်မကြား အော်မကြားနဲ့"

ပေရယ်က ပြောရင်းနှင့် သူမ၏လက်မှ နာရီကိုလည်း မမေ့ မလျော့ ငုံ့ကြည့်သည်။ ထို့နောက်...

"ဆယ်မိနစ်ရှိပြီ"

ဟု ရေရွတ်၏။ ကျွန်တော်က...

"နင် အောက်ထပ်ကို ဆင်းသွားဖို့မကောင်းဘူး ယုဇန။ မတော် တဆ ငါ့အမေမြင်သွားရင် ဘယ်လိုလုပ်မလဲ"

"ဘာ...နင့်အမေက ငါ့ကို ဘယ်လိုလုပ်ပြီး မြင်ရမှာလဲ။ ဟား... ဟား...ဟား"

ကျန်သူများကလည်း ဝိုင်းရယ်လိုက်ကြသည်။ ကျွန်တော်က စိတ်တိုတိုဖြင့်...

"မဟုတ်ဘူးလေဟာ...။ နင့်ကိုတော့ မမြင်ရဘူးပေါ့။ ဒါပေမဲ့ အချိုရည်ဘူးကြီး လေထဲမှာ ရွေ့လာတာကို မြင်သွားရင် ဘယ်လိုလုပ် မလဲ"

ကျွန်တော့်စကားကို သူတို့ နားထောင်နေကြခြင်း မရှိပါ။ တဟားဟားဖြင့်သာ ရယ်မြဲ ရယ်နေကြ၏။

ငါကလွဲရင် အားလုံး စိတ်ပေါ့ပေါ့ပါးပါး ရှိနေကြပါလား...ဟု ကျွန်တော် တွေးမိသည်။ ငါ့စိတ်တွေက ဘာဖြစ်လို့ ဒီလောက်တင်းကြပ် နေရတာပါလိမ့်။

"ဆယ့်နှစ်မိနစ်ရှိပြီ"

ပေရယ်က နာရီကို ငုံ့ကြည့်ပြီး ပြောလိုက်သည်။

"ယုဇန...။ နင် ပြန်လာချင်ပြီလား"

ဇာနည်က မေးလိုက်သော်လည်း ပြန်ဖြေသံ မကြားရ။ တိတ်



www.burmeseclassic.com

www.burmeseclassic.com



ဆိတ်နေ၏။

"ယုဇန...ယုဇနရေ"

ပြန်ထူးသံ မကြားရချေ။

"ယုဇန...။ နောက်တစ်ခေါက် ထပ်လုပ်ပြန်ပြီလား"

ကျွန်တော့်နှုတ်က ထွက်လာသောစကားလုံးများသည်ပင် မသဲကွဲတော့။ စိုးရိမ်စိတ်က လည်ချောင်းထဲတွင် တင်းကြပ်လာသည်။

ဒီစိတ်သောကကို ကျွန်တော့်ရင်ထဲမှာ သယ်ပိုးမထားချင်တော့ပါ။ ကျွန်တော်က အလျင်အမြန်ပြေးသွားပြီး မီးခလုတ်ကြိုးကို ဆွဲကာ ပိတ်လိုက်သည်။

အမှောင်ထုထဲတွင် ရင်တထိတ်ထိတ် စောင့်မျှော်ရခြင်းများနှင့် အတူ ကျွန်တော်တို့သာလျှင် ကျန်ရစ်ခဲ့တော့သည်။

✦



www.burmeseclassic.com

www.burmeseclassic.com



မသုံးနိုင်တော့လောက်အောင် ကြာမြင့်စွာ စောင့်ခဲ့ရပြီးပြီဟု ထင်မှတ်စ ပြုလာ၏။ ထိုအချိန်ကျမှပင် ယုဇနက မှန်ရှေ့တွင် ဘွားခနဲ ပေါ်လာ၏။ သူမက မှန်နှင့်ဝေးရာဆီသို့ ခြေသုံးလှမ်းခန့် လျင်မြန်စွာ ရွေ့လျားလိုက်ပြီး...

"ချန်ပီယံကွ"

ဟု ပြုံးဖြီးဖြီးဖြင့် အော်ဟစ်လိုက်သည်။ ကျွန်တော်က...

"ယုဇန...။ နင် အိုကေပါတယ်နော်"

"ဟင်...အိုကေတယ်လေ။ ဘာဖြစ်လို့လဲ"

သူမကပင် ပြန်မေးနေသေးသည်။ ကျွန်တော် အနည်းငယ် အောင့်သက်သက် ခံစားလိုက်ရသည်။

ကျွန်တော် စိတ်ပူနေသည်မှာ သိပ်လွန်လွန်းရာ ကျနေပြီလား။

မဟုတ်...။ လုံးဝ မဟုတ်ပါ။

ကျွန်တော့်ရင်ထဲတွင် တစ်စုံတစ်ရာက အမျိုးအမည်မသိသော ဆူးတစ်ချောင်း စိုက်ဝင်နေသလို ရှိနေဆဲပင်။

"ပေရယ်...။ ငါ ဘယ်လောက်ကြာသွားသလဲဟင်"

"ဆယ့်နှစ်မိနစ်နဲ့ လေးဆယ့်ငါးစက္ကန့်"



www.burmeseclassic.com

www.burmeseclassic.com



ပေရယ်ကို အချိန်လုမ်းမေးလိုက်သော ယုဇနာ၏လေသံကြောင့် ကျွန်တော် သူမကို အသေအချာ လှည့်ကြည့်လိုက်သည်။

ယုဇနာ၏အသံက တစ်ခုခု ထူးခြားနေသလိုပင်။ ဟင့်အင်း... မဟုတ်ပါဘူး။ ထူးခြားနေတာက သူမရဲ့ မျက်လုံးတွေပါ။

ဒါလည်း မဟုတ်သေးဘူး ထင်သည်။

ထို့ကြောင့် ကျွန်တော်က ယုဇနာ၏မျက်နှာပေါ်မှ အစိတ်အပိုင်း တစ်ခုချင်းဆီကို အသေအချာကြည့်လိုက်သည်။

မျက်ခုံး...။ မျက်လုံး...။ နှာခေါင်း...။ ပါးစပ်...။

ဘာတစ်ခုမှ ပြောင်းလဲခြင်း မရှိ။ အရင်အတိုင်းပင်ဖြစ်သည်။ သို့သော် အားလုံးကို ပေါင်းစပ်ပြီး ခြုံငုံကြည့်လိုက်လျှင်ကား တစ်ခုခု ပြောင်းလဲနေသည်ဟု ထင်ရ၏။ ကဲ...အဲဒါ မထူးဆန်းဘူးလား။

ထိုစဉ်...

"ကဲ...တာ့တာ"

ဟူသော နှုတ်ဆက်သံကြောင့် ကျွန်တော် လှည့်ကြည့်လိုက်၏။ ဇာနည်က မှန်ရှေ့တွင် ရပ်ပြီး မီးခလုတ်ကြိုးကို ဆွဲလိုက်သည်။

စူးရှသော အလင်းရောင်နှင့်အတူ ဇာနည် ပျောက်ကွယ်သွား၏။ ကျွန်တော် သူ့ကို ဂရုစိုက် မနေနိုင်တော့ပါ။

ကျွန်တော် ယုဇနာဆီသို့ လျှောက်သွားပြီး မေးခွန်းတစ်ခု မေး လိုက်သည်။

"ယုဇနာ...။ နင့်ကို ငါ ခေါ်နေတုန်းက ဘာဖြစ်လို့ ပြန်မထူးတာ လဲ"

"ဟင်...ဘယ်တုန်းက ခေါ်လို့လဲ"

"ဆယ့်နှစ်မိနစ်ကျော်ကျော်လောက်တုန်းက"

ယုဇနာက မျက်မှောင်ကို ကြုတ်၍ စဉ်းစားရင်း...

"ဟုတ်လို့လား...။ ငါလည်း မကြားမိပါလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက တကယ်အတည်ပြောနေပုံ ပေါ်သည်။ ထို့ကြောင့် ကျွန်တော် အတင်းအကြပ် ထပ်ပြီးမမေးချင်တော့။ ထိုစဉ် ဇာနည့်အသံက လေထဲမှ ပေါ်လာသည်။

"တေဇာရေ...။ ငါ့ကို ဆယ့်ငါးမိနစ်မပြည့်မချင်း မီးခလုတ် မပိတ်ပေးနဲ့။ သိလား..."

"အေး...မင်းသဘောပဲ"

ကျွန်တော်က ပြန်ပြောလိုက်သည်။ ဒါကိုပင် ဇာနည်က ရယ်သံ အနည်းငယ်စွက်ရင်း...

"ဘာလဲကွ။ မင်းလေသံကြီးက ငါ့ကို မကျေမနပ်နဲ့"

ပြောပြောဆိုဆို ဇာနည်က ကျွန်တော့်ခေါင်းမှဆံပင်ကို သူ့လက် များဖြင့် ဖွသွားလိုက်သည်။ ကျွန်တော့်ဆံပင်တွေက လေထဲသို့ တန်းပြီး ထောင်နေကြ၏။ ပေရယ်နှင့် ယုဇနတို့က ရယ်မောကြလေသည်။

ကျွန်တော်ကတော့ မရယ်နိုင်။ မှန်ရှေ့သို့ သွားရပ်ပြီး ခေါင်းဖီးရ ပြန်လေသည်။ လူတစ်ယောက်ရဲ့ ဦးခေါင်းက ဆံပင်တွေ ရှုပ်ပွနေတာ ဘာများရယ်စရာ ကောင်းလို့လဲ...။

"တေဇာ...။ မင်းတို့ ငါ့နောက်က လိုက်ခဲ့ကြကွာ။ ငါ အပြင်ကို သွားကြည့်မလို့"

ဇာနည်၏အသံက တံခါးဝအနီးမှ ထွက်ပေါ်လာခြင်းဖြစ်လေ သည်။ ကျွန်တော်က...

"မသွားနဲ့...ဇာနည်။ မသွားပါနဲ့ကွာ"

မည်သို့ပင်ဆိုစေကာမူ သူသည် ကျွန်တော့်စကားကို နားထောင် မည့်သူတစ်ယောက် မဟုတ်ပါ။

လှေကားအတိုင်းဆင်းသွားသော သူ့ခြေသံကို ကြားရသည်။ ကျွန်တော်တို့ အပြေးအလွှား လိုက်သွားရ၏။

နောက်စက္ကန့်အနည်းငယ်အကြာတွင် ကျွန်တော်တို့အားလုံး



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေးတံခါးအပြင်သို့ ရောက်နေကြလေပြီ။

ဟိုဘက်ခြံထဲတွင် နေပူကျဲကျဲအောက်၌ ပေါင်းပင်၊ မြက်ပင်များကို ပေါက်တူးတစ်လက်ဖြင့် တကုတ်ကုတ်တူးဆွနေသော ဦးစိန်သန်းဆိုသည့် အသက်ငါးဆယ်ကျော်လူကြီးတစ်ယောက်ကို မြင်ရသည်။

ဦးစိန်သန်း၏ နဖူးပြောင်ပြောင်က ချွေးတွေ ထွက်နေသောကြောင့်လား မသိ။ နေရောင်အောက်တွင် တလက်လက် အရောင်ထနေသည်။ အသက်ငါးဆယ်ကျော်ပြီဖြစ်၍ (ဗိုက်သိပ်မရွှဲလှသေးသော်လည်း) အရပ်ရှည်ရှည်၊ ခါးကိုင်းကိုင်းနှင့်ဖြစ်ရာ သူ ပေါက်တူးပေါက်နေပုံမှာ ဖျိုင်းအိုကြီးတစ်ကောင်နှင့် တူနေပေသည်။ ကျွန်တော်တို့ ငေးကြည့်နေမိကြစဉ်…

ဦးစိန်သန်း အလုပ်လုပ်နေရာနှင့်အနီးဆုံး (ကျွန်တော်တို့ဘက်) ခြံစပ်တွင် ပြန့်ကျဲနေသော မာလကာကင်းကြွေ သုံးလုံးခန့်သည် လေထဲသို့ ဖြည်းဖြည်းချင်း မြောက်တက်လာကြ၏။

ဇာနည် တစ်ခုခုလက်ဆော့တော့မည်ကို ရိပ်မိလိုက်သောကြောင့် ကျွန်တော်တို့ သုံးယောက်စလုံး သစ်ပင်တစ်ပင်၏ နောက်တွင် ကမန်းကတန်းဝပ်ကာ ပုန်းကွယ်နေလိုက်ရသည်။

ဦးစိန်သန်းကလည်း ဒီဘက်ကို လှမ်းအကြည့်…လေထဲတွင် လွင့်မျောနေသော မာလကာသီးသုံးလုံးကို မြင်သွားသည်။ ဦးစိန်သန်း၏ မျက်မှောင်က တဖြည်းဖြည်း ကြုတ်သထက် ကြုတ်လာ၏။

သူကြည့်နေဆဲမှာပင် မာလကာသီးများသည် လေထဲတွင် တစ်လုံးချင်းစီ မြောက်တက်သွားလိုက် ပြန်ကျလာလိုက်နှင့် အလှည့်ကျ စည်းချက်မှန်မှန် လည်ပတ်နေလေသည်။

''ဟင်…''

ဦးစိန်သန်းက သူ့မျက်လုံးများကို သူ ပွတ်သပ်ပြီး ပြန်ကြည့်ပြန်သည်။ သူမြင်နေရသည်ကို သူ မယုံနိုင်။ ထို့ကြောင့် အိမ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပြီး သူ့ဇနီးဖြစ်သူ ဒေါ်တင်မိုးလွင်ကို ကပျာကယာအော်ခေါ်၏။

"မိုးရေ...မိုး။ မြန်မြန်လာကြည့်ပါဦး"

"ဘာတုန်းတော့။ တကတည်း ရှင့်ဟာက..."

ဒေါ်တင်မိုးလွင် ရောက်လာသည်နှင့်တပြိုင်နက် ဦးစိန်သန်းက ပြူးတူးပြဲတဲဖြင့်...

"မိုးရေ...မိုး။ ဟိုမှာ...ဟိုဒင်း"

"ဘာလဲ...။ ရှင် ဘာဖြစ်နေတာလဲ"

"မာလကာသီးတွေ လေထဲမှာ လည်နေတယ်"

"ဘာတွေ..."

မာကျောကျောပြန်မေးလိုက်သော သူ့ဇနီး၏လေသံကြောင့် ဦးစိန်သန်းတစ်ယောက် ဇက်ပုသွားပြီး မဝံ့မရဲလေသံဖြင့်...

"မာလကာသီးလေးတွေ..."

ဒေါ်တင်မိုးလွင်က ဦးစိန်သန်း လက်ညှိုးညွှန်ပြရာဆီသို့ လှမ်းကြည့်လိုက်သည်။ ကျွန်တော်တို့ဘက် ခြံစပ်တွင် မြေပြင်ပေါ်၌ ပြန့်ကျဲနေသော မာလကာသီးကင်း ခပ်ရွယ်ရွယ်ကလေးများကို မြင်သွား၏။ ထို့ကြောင့် သူမက...

"အင်း...တွေ့တယ်လေ။ မာလကာသီးများ အဆန်းလုပ်ပြီး ခေါ်ပြရတယ်လို့...။ ရှင်ဟာလေ...အသက်ကြီးမှ အူကြောင်ကြောင်နဲ့။ ဆိုစမ်းပါဦး...။ မာလကာသီးက ဘာဖြစ်လို့တုန်း"

"ဟို...ဟို...လေထဲမှာ လည်နေတယ်"

"ဘာ..."

ဒေါ်တင်မိုးလွင်က မြေပြင်ပေါ် ပြန့်ကျဲနေသော မာလကာသီးများဘက်သို့တစ်လှည့်၊ သူ့ယောက်ျားဘက်သို့တစ်လှည့် ကြည့်သည်။ ထို့နောက်

"ကိုစိန်သန်း၊ ရှင် နေပူထဲမှာ ဦးထုပ်မပါ ဘာပါနဲ့ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာ ဘယ်လောက်ကြာသွားပြီလဲ။ မဖြစ်ဘူး မဖြစ်ဘူး လာ…
လာ…အိမ်ထဲပြန်ဝင်"

ဦးစိန်သန်းက သူ့ဇနီးဆွဲခေါ်ရာနောက်သို့ ယက်ကန်ယက်ကန် ပါသွားသည်။ အိမ်တံခါးဝသို့ရောက်ပြီး ဝင်ခါနီးကျမှ သူက တစ်ခေါက် ပြန်ပြီးလှည့်ကြည့်လိုက်သေးသည်။

သူကြည့်လိုက်သောအခါတွင်ကား မာလကာသီးသုံးလုံးသည် လေထဲတွင် အလှည့်ကျမြောက်ပြီး ပတ်ချာလည်နေလေပြီ။ ဦးစိန်သန်း ကား သူ့မျက်လုံးများကို အတင်းဖွင့်စုံမှိတ်ပစ်လိုက်ပြီး အိမ်ထဲဝင်ပြေး သွားတော့၏။

ကျွန်တော်တို့ကား ချောင်းကြည့်ရင်း တခွိခွိ ကျိတ်ပြီး ရယ်နေရ သည်။ ထိုစဉ် ဇာနည်၏ အသံက ကျွန်တော်တို့အနီးသို့ ရောက်လာပြီး

"ဟေ့ကောင်တွေ၊ ပျော်စရာကောင်းတယ် မဟုတ်လား"

ကျွန်တော်တို့အားလုံး လွတ်လွတ်လပ်လပ် ရယ်မောနိုင်ရန် ထပ်ခိုးလေးပေါ်သို့ ပြန်တက်လာခဲ့ကြသည်။ အဲဒီအချိန်မှာပင် ဇာနည့် အသံက ခလုတ်ပိတ်လိုက်သလို တိခနဲ ပျောက်သွား၏။

ဘာဖြစ်သွားမှန်းမသိ။

ကျွန်တော်က သတိရပြီး ဖေရယ်ဘက်သို့ လှည့်ကာ

"ဘယ်အချိန်ရှိပြီလဲ"

"ဆယ့်နှစ်မိနစ်ကျော်ပြီ"

ဘုရားရေ၊ ဒါဆို ယုဇနတုန်းက အတိုင်းပါပဲလား။ ကျွန်တော် တို့က ဇာနည့်နာမည်ကို ထပ်တလဲလဲအော်ခေါ်ကြသည်။

သို့သော် ဇာနည့်ဆီက ပြန်ထူးသံ မကြားရ။

ကျွန်တော်က ချက်ချင်းပင် ဆုံးဖြတ်လိုက်သည်။

"ငါ သူ့ကို ပြန်ခေါ်မယ်၊ မီးခလုတ်ကို ပိတ်လိုက်ရအောင်"

ကျွန်တော်က ပြောပြောဆိုဆိုနှင့် မီးခလုတ်ကြီးဆီသို့ ထက်တို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းလိုက်စဉ် ယုဇနက ကျွန်တော့်လက်ကို ပုတ်ချလိုက်ပြီး

"မဖြစ်ဘူး၊ ခဏစောင့်လိုက်ပါဦး"

"ဘာဖြစ်လို့လဲ"

"ဇာနည်က ဆယ့်ငါးမိနစ်မပြည့်မချင်း မီးခလုတ်မပိတ်ပါနဲ့လို့ မှာသွားတယ်လေဟာ၊ နင် မေ့နေပြီလား"

ကျွန်တော် ဘာပြန်ပြောရမည်မှန်းမသိ။ ယုဇနကတော့ ဆယ့်ငါးမိနစ်ပြည့်သည်အထိ စောင့်ဖို့ရန်သာ ထပ်တလဲလဲ တိုက်တွန်းနေသည်။ သူမက

"သူပြောထားရဲ့သားနဲ့ အချိန်မစေ့ခင် ပြန်ခေါ်လိုက်ရင် သူ ရှုံးအောင် ငါတို့က တမင်ညစ်တာပါလို့ စွပ်စွဲနေလိမ့်ဦးမယ်"

"ဘာပဲဖြစ်ဖြစ်ဟာ"

ကျွန်တော် ဖွတ်အတင်းပင်ပြောပြီး မီးခလုတ်ကြိုးကို ဆွဲလိုက်သည်။ မီးပိတ်သွားပြီး တော်တော်ကြာမှ ဇာနည် ပြန်ပေါ်လာ၏။

သူက ပြန်ပေါ်ပေါ်လာခြင်းမှာပင်

"ငါ ဘယ်လောက်ကြာသလဲ ပေရယ်"

"ဆယ့်သုံးမိနစ်နဲ့ နှစ်ဆယ်စက္ကန့်"

"ဟား...ဟား... ငါ ချန်ပီယံကွ"

ကျွန်တော်က သူ့ကို သေသေချာချာစိုက်ကြည့်ရင်း

"စောစောတုန်းက ငါခေါ်နေတာကို မင်း ဘာဖြစ်လို့ ပြန်မထူး တာလဲ ဇာနည်"

"ဟင်...ဘယ်တုန်းကလဲ၊ ငါ မကြားလိုက်ဘူးကွ"

သူက ခပ်ပေါ့ပေါ့ပင် ဖြေသည်။ ကျွန်တော်က ဇာနည့်ကို စိုက်ကြည့်ရင်း သူ့ကို ကြည့်ရသည်မှာ တစ်မျိုးကြီးဖြစ်နေသည့်ဟု ထင်လာသည်။ ဇာနည်နှင့် မတူသလိုလို တူသလိုလို။ သူ့ဆံပင်တွေက ကော အရင်ပုံစံအတိုင်းပဲလား။



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်လုံးတွေကကော့…။

ကျွန်တော်က ဖြစ်ချင်ရာဖြစ်ဟု တွေးကာ ပါးစပ်ထဲတွေ့ကရာ ပြောပစ်လိုက်သည်။

"ဟော့ကောင် ဇာနည်၊ မင်းဆံပင်ပုံစံကြီးက ဘယ်လိုဖြစ်နေတာလဲ"

သူက မှုန်ကုတ်ကုတ်ဖြင့်

"ဘယ်လိုဖြစ်ရမှာလဲ၊ ဒီအတိုင်းပဲလေ။ မင်းက ဘာကြောင့်တာလဲ"

သူက ထိုသို့ ပြန်မေးလိုက်သောအခါ ကျွန်တော် ဖြေစရာစကား မရှိတော့။ ယုဇနကလည်း

"အေးလေ၊ ဇာနည့်ဆံပင်က အရင်နေ့တွေကလည်း ဒီအတိုင်းပဲဥစ္စာ၊ နင့်မျက်စိက ဘာတွေဖြစ်နေပြီလဲ တေဇာ"

ကျွန်တော် နှုတ်ဆိတ်နေရုံသာရှိတော့သည်။ ဇာနည်က

"အလကားပါ၊ ဒီကောင့်မျက်စိက ဘာမှ မဖြစ်ဘူး။ ငါတို့နဲ့ ပြိုင်ရမှာကြောက်လို့ ဒီကောင် သွေးရှူးသွေးတန်းတွေ လျှောက်ပြောနေတာ"

"ဟုတ်တယ်၊ ဟုတ်တယ်။ ကဲ…ဘယ်လိုလဲ တေဇာ၊ အခု နင်ပြိုင်ရမယ့် အလှည့်ရောက်ပြီလေ"

ကျွန်တော်က ခေါင်းကို ခါယမ်းလိုက်သည်။ ထို့နောက်

"အမှန်အတိုင်းပြောရရင် ငါ ပြိုင်ဖို့ လုံးဝ စိတ်ပါဘူး"

"ကြောက်ရင် ကြောက်တယ်ပေါ့ကွာ"

"မကြောက်ပါဘူး၊ တကယ်စိတ်မပါလို့ပါ"

ယုဇနက ကျွန်တော့်ဘယ်ဘက်လက်မောင်းကို အတင်းဆွဲ ရင်း

"အမယ်၊ စိတ်မပါဘူးဆိုရုံနဲ့ ရမလား။ လာ…လာ…နင်



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ကို ပြိုင်ရမယ် တောဇာ''

''တော်ပါပြီဟာ၊ ငါ အရှုံးပေးပါတယ်၊ နင်နဲ့ ဇာနည်တို့ နိုင်တယ်ပဲ ထားလိုက်ပါတော့''

ဇာနည်က ရယ်မောရင်း ကျွန်တော့် ညာဘက်လက်ကို အတင်း ဆွဲကာ မှန်ရှေ့သို့ ခေါ်သွားသည်။ သူက

''ဘယ်ဖြစ်မလဲကွ၊ မင်းက အလျှော့ပေးလိုက်လို့ ငါတို့က အနိုင်ရတယ်ဆိုတာမျိုးလည်း မဖြစ်ချင်ပါဘူး။ လုပ်ပါ...ပြိုင်စမ်းပါ''

ကျွန်တော် ရှန်းထွက်ကြည့်သည်။ မရ။

ယုဇနနှင့် ဇာနည်တို့သည် ကျွန်တော့်ကို ညှပ်ပူးညှပ်ပိတ် ဖမ်းချုပ်ပြီး မှန်ရှေ့သို့ ဆွဲခေါ်သည်။

သူတို့ တကယ်ပင် ကျွန်တော့်ကို ချုပ်ကိုင်ထားကြခြင်းဖြစ်သည်။

ကျွန်တော်က ''နေကြပါဦး''ဟု တားရန် ပါးစပ်ကို ဟလိုက်သည်။

သို့သော် နောက်ကျသွားလေပြီ။

ဇာနည်၏ ကျန်လက်တစ်ဖက်က မီးခလုတ်ကြိုးကို ဆွဲဖွင့်လိုက်တော့သည်။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၂)

ကျွန်တော်က မှန်ထဲမှ ပျောက်ကွယ်သွားသော ကျွန်တော့်ပုံရိပ်ကို ငေးကြည့်နေမိသည်။ မိမိပုံရိပ်ပျောက်ကွယ်သွားသည့် ခံစားမှုသည် ပြန်မရနိုင်တော့သော တစ်စုံတစ်ရာကို ဆုံးရှုံးလိုက်ရသလိုမျိုး။ စိတ်ကို တစ်မျိုးကြီးဖြစ်သွားစေသည်။

ပြီးတော့လည်း ဘာမှမဟုတ်ပါ။ တကယ်ပင် ဘာမှ မဟုတ်ပါ ဟု စိတ်ကို ဖြေလိုက်ရတော့၏။

"တေဇာ…တေဇာ၊ နင် အဆင်ပြေရဲ့လား"

ဟု စိုးရိမ်တကြီး မေးလိုက်သည့် ယုဇန၏ အသံကို ကြားရ၏။ အကောင်းမေးခြင်းတော့မဟုတ်။ သူတို့အလှည့်တုန်းက ကျွန်တော် စိတ်ပူပန်စွာဖြင့် မေးခဲ့သည့် လေသံကို အတုခိုးပြီး သရော်နေခြင်းသာ ဖြစ်သည်။

ကျွန်တော်က သူမကို

"တော်စမ်းပါဟာ…"

ကျွန်တော် စိတ်တိုနေမှန်း သိသွားသောကြောင့်လား မပြော တတ်။ ယုဇနက မဲ့ပြုံး ပြုံးလိုက်၏။

အဲဒီလို ပြုံးပုံက တစ်မျိုးကြီးဖြစ်၏။ ပုံမှန်မဟုတ်။ ယုဇန



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေတာလဲ။

ကျွန်တော် မမြင်မိသေးသည့် ချွတ်ယွင်းချက်တစ်နေရာရာတော့ ရှိကို ရှိနေလိမ့်မည်။

"ဟော့ကောင် တေဇာ၊ ငါ့စံချိန်ကို ချိုးဖို့ ကြိုးစားထားဦးနော်"

ဇာနည်က ပြောရင်း မှန်ရှေ့တွင် လာရပ်သည်။

ထို့နောက် သူက မှန်ထဲတွင် ပေါ်နေသော သူ့ပုံရိပ်ကို ကြည့်လျက် ဂုဏ်ယူကျေနပ်စွာ ပြုံးလိုက်လေသည်။

သူ့အပြုံးကိုကြည့်ပြီး ကျွန်တော် အရမ်းတုန်လှုပ်သွားသည်။ ဇာနည်တစ်ယောက် မှန်ထဲတွင် ကိုယ့်ကိုယ်ကို ကြည့်ပြီး ဒီလိုကျေနပ် အားရနေပုံမျိုး ကျွန်တော် တစ်ခါမှ မမြင်ဖူးပါ။

သူ့အပြုံးက ရက်စက်လွန်းလှသည်။

"နှစ်မိနစ်ရှိသွားပြီ"

ပေရယ်၏ ရေရွတ်သံကို ကြားရ၏။ ကျွန်တော်က မှန်ကို မှီပြီး ထိုင်ချလိုက်သည်။ ကျွန်တော် ငြိမ်ငြိမ်ကလေးပင် ထိုင်နေချင်ပါသည်။

ယုဇနက

"ဟဲ့ တေဇာ၊ နင်ကလည်း ကိုယ်ပျောက်သွားပြီးကတည်းက အဲဒီနေရာကကို မရွေ့တော့ဘူး။ ဘာဖြစ်နေတာလဲ"

"ငါ ငြိမ်ငြိမ်ကလေးပဲ ထိုင်နေချင်တယ်"

ဇာနည်နှင့် ယုဇနတို့က သူတို့တုန်းကလို ကျွန်တော်က နောက်ပြောင်ပျော်ရွှင်ခြင်း မရှိသဖြင့် မကျေမနပ်ဖြစ်နေကြပုံပေါ်သည်။

မတတ်နိုင်ပါ။

သုံးမိနစ်အထိတော့ ဘာမှ ထူးခြားမလာသေး။ သို့သော် အဲဒီနောက်တွင်တော့...

✦



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် ဦးခေါင်းပေါ်မှ အလင်းရောင်က ရုတ်တရက် စူးစူးရှရှ တောက်ပလာသည်။ ကျွန်တော် မျက်လုံးများကို ပိတ်ထားလိုက်သည်။ သို့သော် ဘာမှ မထူး။

ဟိုအရင်တစ်ခါတုန်းကလိုပင် အလင်းရောင်သည် ကျွန်တော့်ကို ရစ်ပတ်ကာ ဆွဲခေါ်နေသည်။ ကျွန်တော့် တစ်ကိုယ်လုံး ပေါ့ပါးလာသလို ခံစားရ၏။ ဦးခေါင်းထဲမှာလည်း ရီဝေလာသည်။

ကျွန်တော် သိလိုက်ပြီ။ ကြာကြာဆက်နေလျှင် ကျွန်တော် လေထဲမျောပါသွားတော့မည်။

ထို့ကြောင့် ကျွန်တော်က

''ဟော့ကောင်တွေ၊ တော်ပြီကွာ၊ ငါ ပြန်လာတော့မယ်''

ကိုယ့်အသံကို ကိုယ်ပြန်ကြားရသည်ကပင် အားရစရာမကောင်း။ ဝေးလံတိုးညှင်းလွန်းနေ၏။

ကျွန်တော့် ခန္ဓာကိုယ်သည် ပေါ့သထက်ပေါ့ပါးလာနေသည်။ ရုတ်တရက်အေးစိမ့်သော နာကျင်မှုတစ်ခုဖြင့် ကျွန်တော် တုန်လှုပ်သွားသည်။ ကျွန်တော် သံကုန်ဟစ်ပြီး အော်လိုက်မိသည်။

''ဇာနည်ရေ၊ ငါ့ကို ပြန်ခေါ်ပါ''

''အေး…အေး၊ လာပြီ တေဇာ၊ ဘာမှ မပူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဇာနည် တုံ့ပြန်သံကို ကြားရသည်။ သူ့ကို အနက်ရောင်ပိုးတဝါးအရိပ်တစ်ခုသာသာမျှသာ မြင်ရသည်။

ဟော…ဟော…သူ ရွေ့လျားလာသည်။

"ဇာနည်ရေ…ပိတ်လိုက်ပါတော့၊ မီးကို ပိတ်လိုက်ပါတော့"

အလင်းရောင်က စူးရှသည်ထက် စူးရှလွန်းနေပြီဖြစ်သောကြောင့် ကျွန်တော့်မျက်လုံးကို လက်ဖြင့် ကာထားလိုက်သည်။

ပိတ်တော့လေ မီးကို ပိတ်လိုက်တော့လေ။

ကျွန်တော် စိတ်ကို တင်းထားသည်။

နောက်တစ်စက္ကန့်လောက်ဆို အားလုံးအဆင်ပြေသွားတော့မှာပါ။ မီးကို ပိတ်လိုက်တာနဲ့ ပြီးသွားပြီပဲ။ ဘာမှ မဖြစ်ပါဘူး။ ကျွန်တော် ကိုယ့်ကိုယ်ကို ပြန်အားပေးနေမိသည်။

တစ်စက္ကန့်…။

နှစ်စက္ကန့်…။

သုံးစက္ကန့်…။

ဟင်…ဘာဖြစ်တာလဲ။ ဘာဖြစ်နေတာလဲ။ အေးစက်သောကြောက်လန့်မှုက ကျွန်တော့် ခန္ဓာကိုယ်ပေါ်သို့ လေးလံစွာ ဖိစီးလာသည်။

အဲဒီ့အချိန်မှာပင် အံ့ဩစရာအကောင်းဆုံးသော အသံတစ်ခုကို ကြားလိုက်ရလေသည်။

"ဟဲ့…ကလေးတွေ၊ အဲဒီ့မှာ ဘာလုပ်နေကြတာလဲ"

ကျွန်တော့် မေမေက အခန်းထဲသို့ ဝင်လာခြင်းဖြစ်သည်။

ဇာနည်က မီးခလုတ်ကြိုးကို ဆွဲတော့မည့်ဆဲဆဲ အနေအထားမှ မေမေ့ဘက်သို့ လှည့်ကြည့်လိုက်၏။

မေမေ့ မေးသံကို ကြားရသည်။

"တေဇာရောဟင် ဘယ်မှာလဲ"

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၃)

ဘယ်သူကမှ မီးခလုတ်ကို ပိတ်ဖို့ သတိရကြပုံမပေါ်။

''ကျွန်တော်တို့ ဒီမှာ...ဒီမှာ...အဲ ဘာမှမလုပ်ကြပါဘူး''

''ဟိုဒင်း...တေဇာလေ၊ အောက်ကို ခဏဆင်းသွားတယ် အန်တီရဲ့''

မေမေ့ကိုသာ သူတို့ တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြသည်။

''မီးပိတ်လိုက်ပါတော့... မီးကို ပိတ်လိုက်ပါတော့''

ကျွန်တော်က အသံကုန်အော်ဟစ်နေသော်လည်း သူတို့တစ်ယောက်မှ ကြားကြပုံမပေါ်။

သူတို့ကို ကြည့်ရသည်မှာ ရေအောက်အနက်ထဲတွင် ငုပ် ၍ မြင်နေရသလိုမျိုးဖြစ်နေ၏။

မေမေ...မေမေ...သားကို ပြန်ခေါ်ပါ။

မေမေကလည်း ကျွန်တော့်အသံကို မကြားပါ။ အခန်းထဲမှ လှည့်ထွက်သွားသည်။ ထူးတော့ထူးဆန်းနေသည်။ ဒီရှု့ဝက်အခန်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မှန်ချပ်ကြီးကို မြင်ပါလျက် မေမေက အံ့ဩပုံမပြ။ ဘာတစ်ခွန်းမှလည်း မမေးမြန်း။

ဒါ...ဘာကြောင့်လဲ။

ကျွန်တော် မောဟိုက်လာသည်။ အော်ငိုပစ်လိုက်ချင်လာ၏။

"ဇာနည်ရေ...ဇာနည်၊ ငါ့ကို ကယ်ပါဦး"

ထိုအချိန်မှာပင် ဇာနည်၏ ဗိုးတဝါးပုံရိပ်က ကျွန်တော့်ဆီသို့ တရွေ့ရွေ့တိုးကပ်လာနေ၏။ ဇာနည်၏ မျက်နှာကြီးကိုပင် ကျွန်တော် အနီးကပ်မြင်ရပြီ။

ထိုအခါမှပင်... ဇာနည်၏ မျက်နှာပေါ်မှ ကျွန်တော် အဖြေရှာနေသော ထူးခြားချက်ကို ထိတ်လန့်တကြား သိလိုက်ရခြင်း ဖြစ်သည်။

ဇာနည်၏ ဆံပင်များသည် ပြောင်းပြန်ဖြစ်ကာ လက်ဝဲဘက်က ရှည်ပြီး လက်ယာဘက်က တိုနေခြင်းဖြစ်လေသည်။

"အား"

ကျွန်တော် သွေးပျက်မတတ် ချောက်ချားစွာဖြင့် အော်ဟစ်လိုက်၏။ သူနှင့် ယုဇနတို့ ဘာကြောင့် ကျွန်တော့်ကို အတင်းချုပ်ကိုင်ပြီး တွန်းပို့ခဲ့မှန်း ကျွန်တော် သိလိုက်သည်။

သို့သော်... ကျွန်တော် နောက်ကျသွားလေပြီ။

ကျွန်တော့် တစ်ကိုယ်လုံးကို မှန်ချပ်ကြီးက စုပ်ယူနေပြီဖြစ်သည်။

ကျွန်တော် ရုန်းထွက်၍ မရနိုင်တော့။

✦✦✦



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၄)

အေးစက်ချောမွေ့သော မျက်နှာပြင်တစ်ခုကို ဖြတ်သန်းရပြီးနောက် မှန်ထဲသို့ ကျွန်တော် ရောက်သွားသည်။

ထူးဆန်းသော နွေးထွေးမှုတစ်ခုဖြင့် လင်းပနေသည်။

✦

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တစ်ယောက်တည်း ထီးတည်းရှိနေခြင်းတော့ မဟုတ်ပါ။

အခြားတစ်စုံတစ်ယောက်လည်း ရှိနေပါသည်။

"တေ…ဇာ…"

ဟိုတစ်ညတုန်းက ခေါ်သံကိုပင် ထပ်ကြားရလေပြီ။

ကျွန်တော်က ခေါ်သံပိုင်ရှင်ကို လှည့်ကြည့်လိုက်၏။

**ထိုသူသည်…**

**သူတစိမ်းတစ်ယောက်လည်းဖြစ်သည်။**

*ကျွန်တော်နှင့် အရင်းနှီးဆုံးလူတစ်ယောက်လည်း ဖြစ်သည်။*

သူကား…**ကျွန်တော့်ပုံရိပ်**ပင်ဖြစ်လေသည်။

ကျွန်တော်က ကျွန်တော့်ပုံရိပ်ကို ငေးစိုက်ကြည့်နေမိ၏။ (လူတို့သည် သွားရင်းလာရင်း အမှတ်တမဲ့ဆိုသလို လှမ်းကြည့်မိရာမှ လမ်းဘေးရှိ ဆိုင်များ၏ မှန်ပေါ်တွင်ဖြစ်စေ၊ အခြားမှန်ကဲ့သို့သော အရာဝတ္ထုကြီးကြီးမားမားပေါ်တွင်ဖြစ်စေ၊ မိမိနှင့် တစ်ရွယ်တည်းသာက် နီးနီးရှိသော ကိုယ့်ပုံရိပ်ကိုယ် ဖြုန်းခနဲပြန်မြင်လိုက်ရလျှင် စိတ်ထဲ၌



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတစ်မည် ချောက်ချားသွားတတ်သည့် သဘောရှိ၏)

ယခုလည်း ဒီသဘောပင်ဖြစ်ပေလိမ့်မည်။

ချောက်ချားစွာ ငေးစိုက်ငြိမ်သက်မိနေသော ကျွန်တော့်ကို လှမ်းကြည့်ပြီး ကျွန်တော့်ပုံရိပ်က စကားစပြောသည်။

"လာပါ တေဇာ၊ မင်းကို ငါ စောင့်နေရတာ တော်တော်ကြာနေပြီ"

သူ့လေသံက အေးစက်စက်နိုင်လွန်းသည်။ ကျွန်တော်က

"ဘာ...ဘာလုပ်မလို့လဲ၊ မင်း ငါ့ကို ဘာလုပ်မလို့လဲ"

ပုံရိပ်က သွေးအေးအေးဖြင့် ပြုံးလိုက်ရင်း

"ဘာမှ မလုပ်ပါဘူး တေဇာ၊ မင်းနဲ့ငါ နေရာချင်းလဲရအောင်"

"ဘာ...နေရာချင်းလဲမယ်၊ ဟုတ်လား"

"ဟုတ်တယ် တေဇာ၊ မင်းက ပုံရိပ်အဖြစ်နဲ့ မှန်ထဲမှာ တစ်သက်လုံးနေခဲ့ပါ။ ငါက မင်းနေရာကို ယူပြီး လူ့လောကထဲကို သွားမယ်လေ"

"ဟင်..."

ကျွန်တော် ကြမ်းပြင်ပေါ်သို့ ဒူးထောက်ခွေညွှတ်ကျသွားသည်။ ထို့နောက် သွေးရူးသွေးတန်းဖြင့် ကျွန်တော် အော်ဟစ်လိုက်မိ၏။

"မဖြစ်ဘူး...မဖြစ်နိုင်ဘူး"

ကျွန်တော့်ပုံရိပ်က နူးညံ့ရက်စက်သည့် လေသံဖြင့်

"ဘာလို့မဖြစ်နိုင်ရမှာလဲ တေဇာ။ လူ့လောကဆိုတာ ဟန်ဆောင်လောကကြီးပါကွာ။ တကယ်တော့ ငါတို့လို ပုံရိပ်တွေနဲ့ပဲ သင့်တော်ပါတယ်"

"မဟုတ်ဘူး၊ မဟုတ်ဘူး"

ကျွန်တော်က မျက်စိကို စုံမှိတ်ပြီး ငြင်းနေမိသည်။ သူက

"ငါက မင်းကောင်းဖို့ ပြောနေတာပါ တေဇာ၊ မင်းလည်း

www.burmeseclassic.com



လောကကြီးထဲမှာ ကြာကြာနေရတဲ့အခါကျရင် လူအစစ်တွေနဲ့ မတွေ့ဘဲ ငါတို့လို ပုံရိပ်တွေနဲ့ပဲ ပေါင်းသင်းဆက်ဆံရမှာ...။ အဲဒီ အခါကျရင် သူတို့ရဲ့ လူမဆန်မှုတွေကြောင့် မင်းစိတ်ညစ်ရလိမ့်မယ် တေဇာ''

သူ့စကားကြောင့် ကျွန်တော့်နှလုံးအိမ်တစ်ခုလုံး အေးစိမ့်သွားပြီး

''ဘာ...ဒါ...ဒါဆို လူတွေက...''

''ဟုတ်တယ် တေဇာ၊ ငါပြောတဲ့အတိုင်းပါပဲ။ ဟောဟိုမှာ ကြည့်လိုက်စမ်းပါဦး...''

**သူ ညွှန်ပြရာဆီသို့ ကျွန်တော် လှမ်းကြည့်လိုက်သော** အခါ ကျွန်တော့်ရင်ထဲတွင် ခါးသီးမှု၊ ချိုမြိန်မှု သို့မဟုတ် ချိုမြိန်သော ခါးသီးမှုတစ်ခုနှင့်အတူ သေဆုံးသွားသလို ခံစားလိုက်ရ၏။

ဟော...ဟိုမှာ

**ဖေဖေ...၊ မေမေ...၊ ကျွန်တော့်ညီလေး ဖိုးဝ...၊ ကျွန်တော့်သူငယ်ချင်း ယုဇနနှင့် ဇာနည်...။**

နောက်ပြီး... အခြားလူများ၊ များစွာ... များစွာ...။

အို...အားလုံးပါပဲလား။

✦



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားလည်လိုက်ပြီ။

လူ့အစစ်တွေအားလုံးသည် မှန်ထဲမှာ နေရစ်ခဲ့ကြပြီ။ ပုံရိပ်တွေကသာ လောကထဲမှာ လှုပ်ရှားနေကြခြင်းဖြစ်၏။

ကျွန်တော့်ပုံရိပ်က နှစ်သိမ့်အားပေးသည့် ဟန်မျိုးဖြင့် ကျွန်တော့်ပခုံးကို အသာအယာပုတ်လိုက်သည်။ ထို့နောက်

"ငါ သွားတော့မယ် တောဇာ"

ကျွန်တော့်အတွက် ကြေကွဲစရာအကောင်းဆုံးစကားကို သူပြော၏။

ကျွန်တော် သူ့ကို နှုတ်ဆက်စကားမဆိုမိ။

သူက ကျွန်တော့်ကို ဖြည်းညှင်းစွာ တစ်ချက်လှည့်ကြည့်ပြီး မှန်အပြင်ဘက်သို့ တစ်လှမ်းခြင်း ထွက်ခွာသွားလေတော့သည်။

သူသည်...

ရင်ဘတ်၏ လက်ဝဲဘက်အခြမ်းတွင် နှလုံးသားတည်ရှိသော လူတစ်ယောက်အဖြစ်နှင့် လောကထဲသို့ ထွက်ခွာသွားခဲ့လေပြီ။

ဂွတ်ဘိုင်။

✦✦✦

www.burmeseclassic.com

www.burmeseclassic.com


အခန်း (၂၅)

သင်တို့ သိကြပါသလား။

ဒီကမ္ဘာမြေပြင်ပေါ်တွင် သင်တို့ တွေ့မြင်နေရသော လူများသည် လူအစစ်များမဟုတ်ကြပါ။ ပုံရိပ်များသာ ဖြစ်ကြပါသည်။

✦

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေ…

သင့်နှလုံးသားကကော။ ရင်ဘတ်၏ မည်သည့်အခြမ်းတွင် ရှိပါသလဲ။

✦✦✦

မင်းခိုက်စိုးစန်



www.burmeseclassic.com